# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၉၆)


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**



# ရန်ကုန်-စစ်တွေကားလမ်း၌ ရေကျသွား၍ ယာဉ်များပုံမှန်သွားလာနိုင်

**အမ်း ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇူလိုင် ၂၃ ရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြေနိမ့်ကားလမ်းနေရာများ၌ ရေကျော်နစ်မြုပ်ခြင်းဖြစ်ပွားခဲ့ပြီး ယင်းနေ့မှစ၍ ယာဉ်များခေတ္တဖြတ်သန်းသွားလာမှု ရပ်တန့်ခဲ့ရသည်။

ရန်ကုန်-စစ်တွေလမ်းမကြီး၊ အမ်း- စစ်တွေကားလမ်းအပိုင်း အောက်ရွာ၊ (COD) ထောက်/ပို့ တပ်ရင်းရှေ့ ရွာသာယာကျေးရွာ၊ ကြိမ်ချောင်းကျေးရွာ၊ မဲလက်မောင်းကျေးရွာ အနီး နေရာ ၁၂ နေရာခန့်၌ ကားလမ်းရေကျော်နစ်မြုပ်ခြင်း ဖြစ်ပွားခဲ့သည်။ အဆိုပါနေရာများတွင် မိုးဆက်လက်ရွာသွန်းမှု လျော့နည်းသဖြင့် ရေများပြန်လည်လျော့ကျလျက်ရှိရာ ဇူလိုင် ၂၄ ရက် ည ၁၁ နာရီက ယာဉ်များလိုရာခရီးသို့ ပုံမှန်ဖြတ်သန်းသွားလာ၍ ရရှိပြီဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရေရှည်ဖြစ်ထွန်းဖို့ကတော့ မြန်မာပြည်သူတွေ ပိုပြီးကြိုးပမ်းဖို့ လိုတယ်လို့ထင်ပါတယ်

(မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. Luan Thuy Duong နှင့် တွေ့ဆုံမေးမြန်းခြင်း)

စာ-၆

## (၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ မစ္စယန်ဟီလီ တင်သွင်းသည့် အစီရင်ခံစာတွင် ပါဝင်လာနိုင်သည့် စွပ်စွဲချက်များနှင့် ပတ်သက်၍ လိုအပ်သောစိစစ်မှုများ၊ အရေးယူတုံ့ပြန်မှုများ ပြုလုပ်သွားမည်

စာ-၈

## ပြင်ဦးလွင်မြို့ အာရှအလင်းရောင်ကျောင်းတိုက်၌ အစာအဆိပ်သင့်မှုဖြစ်ပွား

စာ-၁၂

# တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် ရေဘေးကြောင့် အိမ်ခြေ ၃၃၀၀၀ ကျော် ရွှေ့ပြောင်းနေရပြီး လူဦးရေ ၁၃၄၅၉၀ ကျော်မှာ ရေဘေးသင့်နေကြရ


**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ ဇူလိုင် ၂၃ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် ရေဝင်ရောက်သည့် အိမ်ခြေ ၃၆၉၃၉ အိမ်၊ ရေနောက်မျောပါသည့် အိမ်ခြေ ၅၄ အိမ်နှင့် ရေဘေးကြောင့် ပြောင်းရွှေ့ရသည့် အိမ်ခြေ ၃၃၂၃၃ ကျော်မှ လူဦးရေ ၁၃၄၅၉၀ ကျော်မှာ ရေဘေးသင့်နေကြရကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အထူးသဖြင့် ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ကောင်းမွန်ရေး လိုအပ်လျက်ရှိကာ မိုးရွာခြင်း၊ ရေကြီးရေလျှံခြင်းများဖြစ်သည်နှင့် တစ်ပြိုင်နက် ရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများမှာ ပျက်စီးသွားပြီး အချို့ကျေးလက်ဒေသများရှိ ကျေးရွာချင်းဆက်သွယ် ကူးလူးသွားလာသည့် တံတားများ ပိုမိုခိုင်ခံ့ဖို့ လိုအပ်လာပြီဖြစ်သည်။ တံတားတွေ ရေကြောင့်ပြိုပျက်သွားခြင်းများ၊ ရေနောက်ပါခြင်းများရှိကာ ရေကြီးမှု၊ ကမ်းပြိုမှုစသည့်သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက်တည်း ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ အိမ်များပြိုပျက်ပြီး နေစရာနှင့် ရေကောင်းရေသန့်ရရှိမှုမရှိခြင်းများ ခံစားနေကြရသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အဆိုပါသဘာဝဘေးအန္တရာယ်များကို ခံစားနေကြရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪



မြန်မာ့အလင်း

# ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပြန်လည်သုံးသပ်ရန် လိုအပ်မှု

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုအခြေအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များက ဇူလိုင်လ ၂၀ ရက်နေ့မှစတင်၍ ပြန်လည်သုံးသပ်မှု ပြုလုပ်နေကြောင်း သိရသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ ထို့ပြင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှလည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကန့်ကွက်သူမရှိ အတည်ပြုထားခဲ့သော စာချုပ်ဖြစ်ပါသည်။ ထို့ကြောင့် ယခုအချိန်တွင် NCA စာချုပ်သည် တစ်နှစ်နှင့်ကိုးလခန့် သက်တမ်းရှိခဲ့ပြီဖြစ်ရာ စာချုပ်၏ အကျိုးသက်ရောက်မှု၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် အဆင်ပြေမှု၊ မပြေမှုများကို ပြန်လည်သုံးသပ်မည်ဆိုက သုံးသပ်ရန်လိုပါသည်။

NCA စာချုပ်၏ အဓိကအကျိုးသက်ရောက်မှုမှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ကြား တိုက်ပွဲများမရှိသလောက် လျော့ပါးသွားခြင်းပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၏ အရသာကို နယ်စပ်နေပြည်သူများ ကောင်းစွာခံစားလာရစေပါသည်။ ထိုင်းနယ်စပ်တစ်လျှောက် အေးချမ်းသွားခြင်းအတွက် ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများက ကျေနပ်အားရကြောင်း ပြောကြားသည်များလည်း တွေ့ရသည်။ နှစ်နိုင်ငံကြားကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းလာခြင်း၊ နယ်စပ်ဂိတ်များ ပိုမိုဖွင့်လှစ်လာနိုင်ခြင်း အကျိုးဆက်များ ရရှိခံစားကြရသည်။

ပို၍ အရေးကြီးသောအချက်မှာ NCA စာချုပ်ပါ နိုင်ငံရေးလုပ်ငန်းစဉ်များအရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်သုံးခု၊ တိုင်းဒေသကြီး သုံးခုတို့မှ အမျိုးသားအဆင့် ဆွေးနွေးပွဲရလဒ်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံသို့ တင်သွင်းနိုင်ခဲ့သည်။ ထိုရလဒ်များကို အခြေခံကာ UPDJC ၏ ညီလာခံသို့တင်ပြသော စီးပွားရေး၊ နိုင်ငံရေး၊ မြေယာသယံဇာတ၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍကြီး ငါးခုဆိုင်ရာ အချက် ၄၅ ချက်ကို ညီလာခံတွင် ဆွေးနွေးညှိနှိုင်းပြီး အချက် ၃၇ ချက်ကို အတည်ပြုနိုင်ခဲ့သည်။ ၎င်းတို့ကို ပြည်ထောင်စုသဘောတူညီချက် အပိုင်း(၁)အဖြစ် ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးအတည်ပြုနိုင်ခဲ့ကြသည်။

သို့ရာတွင် NCA စာချုပ်ကို အကောင်အထည်ဖော်ခြင်းသည် လုပ်ငန်းစဉ်တစ်စုံလုံးဖြစ်ရာ အခက်အခဲများ၊ မပြေလည်မှုများရှိနိုင်ပါသည်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့များကြား ဖြစ်တတ်သော နှစ်ဖက်ပစ်ခတ်မှုဖြစ်စဉ်များကို ပူးတွဲစောင့်ကြည့်ခြင်း (JMC) ဆိုင်ရာကိစ္စများ၊ နှစ်ဖက်နယ်မြေသတ်မှတ်ခြင်းဆိုင်ရာများ၊ လုပ်ငန်းလမ်းညွှန်များစသည်တို့တွင် အသေးစိတ်ပြဿနာများရှိနိုင်ခြင်း ဖြစ်ပါသည်။ ထို့ပြင် နှစ်ဖက်ထားရှိသော ဆက်ဆံရေးရုံးများ၏ တာဝန်နှင့် အခန်းကဏ္ဍများကိုလည်း လေးစားအသိအမှတ်ပြုမှုရှိစွာထားရှိ ဆက်ဆံရန်နှင့် NCA စာချုပ်ပါအချက်များ အကောင်အထည်ဖော်ရာတွင် မူလစာချုပ်ပါ အချက်များနှင့် ကွဲလွဲသွားခြင်း၊ တိမ်းစောင်းသွားခြင်းများမရှိစေရန် နှစ်ဖက်စလုံးမှ တာဝန်ယူစောင့်ထိန်းရမည် ဖြစ်ပါသည်။

ယခုဒုတိယအကြိမ် ပင်လုံညီလာခံတွင် သဘောတူညီချက်အချို့ရရှိခဲ့သော်လည်း NCA စာချုပ်ပါ နိုင်ငံရေးအာမခံချက်များနှင့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်လုပ်ဆောင်ရန်များစွာ ကျန်ရှိနေပါသေးသည်။ လာမည့် ညီလာခံများတွင် ပါဝင်သင့်သောအဖွဲ့အစည်းများပါဝင်နိုင်ရေးသည် NCA စာချုပ် အကောင်အထည်ဖော်မှု၏ အောင်မြင်မှုအကျိုးရလဒ်များနှင့်လည်း သက်ဆိုင်နေရာ NCA စာချုပ်ကို အပြုသဘောဆောင်သုံးသပ်မှုများပြုလုပ်ရန်လိုအပ်ပါသည်။

ယခုပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်အစိုးရမှ စိတ်အားထက်သန်စွာ ဆောင်ရွက်ခြင်း၊ တပ်မတော်မှလည်း လိုလားမှုရှိနေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှလည်း လိုလားမှုများရှိနေခြင်းကဤလုပ်ငန်းစဉ်အတွက် အကောင်းမြင်ရရှိစေနိုင်ပါသည်။ ထို့ကြောင့် လက်တွေ့အကောင်အထည်ဖော်သော လုပ်ငန်းစဉ်များတွင် အဆင်ပြေချောမွေ့မှုရှိခြင်းသည် တစ်ခုလုံးဖြစ်စဉ်အပေါ် ကောင်းသောအကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

# ခြေလျင်တောင်တက်အဖွဲ့ မွန်ပြည်နယ်သို့ မိုးရာသီခရီးကြမ်းထွက်ခွာ



**နေပြည်တော် ဇူလိုင် ၂၅**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာပတိ ခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်သည့် အုပ်ချုပ်သူ ဆရာ/ ဆရာမ ၁၂ ဦးနှင့် အဖွဲ့ဝင် ၃၄၅ ဦး ပါဝင်သော မိုးရာသီခြေလျင်တောင်တက်ခရီးကြမ်းအဖွဲ့သည် ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အတွင်း မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ရှေးဟောင်းသုဝဏ္ဏဘူမိ နယ်မြေ၊ ဝေပုလ္လ-ကေလာသ-တိုက်ကုလားတောင်တန်းဒေသသို့ ခရီးထွက်ခွာလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

ခရီးစဉ်တွင် တက္ကသိုလ်ကောလိပ် ၁၅ ခုမှ ကျောင်းသားဟောင်းမျိုးဆက်သစ် ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များ လိုက်ပါခဲ့ကြပြီး ခရီးကြမ်းလေ့ကျင့်ရာ တောတောင်တစ်လျှောက်ရှိ တောရကျောင်းများသို့ ဝင်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ၊ လမ်းတံတားရေလှောင်ကန်၊ လျှပ်စစ်မီးရန်ပုံငွေများလှူဒါန်းခဲ့ကြသည်။

မိုးရာသီခရီးကြမ်းအစီအစဉ်ကို ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခု ၂၀၁၇ ခုနှစ်အထိ (၂၁)ကြိမ်မြောက်အဖြစ် နှစ်မခြားဘဲ ဆက်တိုက်ဆောင်ရွက်နိုင်ခဲ့သော ခရီးကြမ်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ထင်သာမြင်သာပြုပြင်စရာ**

## မိတ္ထီလာမြို့လယ်ကောင်မှ အပေါက်ကြီး အမြန်ပြုပြင်စေလို



မိတ္ထီလာမြို့မလေးရပ်ကွက်သည် မိတ္ထီလာမြို့၏ အလယ်ဗဟိုဖြစ်ပြီး ရုပ်ရှင်ရုံများဖြင့် အထူးစည်ကားသော နေရာဖြစ်သည်။ သို့ရာတွင် မိတ္ထီလာမြို့ပေါ်ရှိ တံတားဦးလမ်းနှင့် ရုပ်ရှင်ရုံလမ်းမကြီးဘေး ရေမြောင်းဖုံးပေါ်တွင် အပေါက်ကြီးဖြစ်နေပြီး ခရီးသွားပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။

မိတ္ထီလာမြို့မလေးရပ်ကွက်ရှိ တံတားဦးလမ်းနှင့် ရုပ်ရှင်ရုံလမ်းမကြီးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြီးခဲ့သည့်နှစ်တွင် ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ၍ ပြုပြင်ခဲ့သော်လည်း ယခုအခါ ပျက်စီးနေပြီး ရေမြောင်းဖုံးပေါ်တွင် နှစ်ပေပတ်လည်ခန့် အပေါက်ကြီးဖြစ်နေသည်။ ယင်းသို့ပျက်စီးပေါက်ပြဲနေသည်မှာ ကြာပြီဖြစ်သော်လည်း ပြန်လည်ပြုပြင်ခြင်းမရှိသဖြင့် အကျည်းတန် အရုပ်ဆိုးနေပါသည်။

မြို့လယ်ကောင်တွင် ရုပ်ပျက်ဆင်းပျက် အပေါက်ကြီးမှာမြင်ရသူတိုင်း စိတ်မချမ်းမသာဖြစ်နေရပြီး ယာဉ်အန္တရာယ်လည်းရှိသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားနေကြကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ခနုဖြူမြို့နယ်၌ မြစ်ရေတက်လာ၍ ပြည်သူများအား ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့

**ခနုဖြူ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်၏ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၂၄ ရက်က ၃၀ ဒသမ ၂ ပေ ရောက်ရှိနေပြီဖြစ်ရာ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၇ ဒသမ ၄ ပေအထက် ကျော်လွန်နေပြီဖြစ်သည်။

မြေနိမ့်ပိုင်းနှင့်မြစ်ကမ်းနံဘေးရှိ ရပ်ကွက်/ကျေးရွာ ၁၀ အုပ်စုမှ အိမ်ထောင်စု ၄၃၆ စု၊ လူဦးရေ စုစုပေါင်း ၁၇၀၆ ဦးအား ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိပြီး တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဆန်ရိက္ခာများ ခုနစ်ရက်စာ ထောက်ပံ့လှူဒါန်းပေးထားခြင်း၊ တာတမံများကာကွယ်ရန်အတွက် သဲ၊ ဝါးနက်၊ ကြိုး၊ ဝါးထရံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိခြင်းနှင့် လက်ရှိအခြေအနေတွင် ရေတက်မှုမှာ ရပ်တန့်လျက်ရှိပြီး ရေကင်းစခန်း ၈၂ ခုဖြင့် ရေကင်းစောင့်တာဝန်များ ချထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၅-၇-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၂၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၇၄ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ . ၃၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၆၄၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၂ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ . ၆၇ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြေငလျင် သတင်းအချက်အလက်စနစ်နှင့် အလျင်အမြန် တုံ့ပြန်ကယ်ဆယ်ရေး စီမံချက်တစ်ရပ် ပူးတွဲရေးဆွဲ၍ JICA သို့ စီမံချက်တင်သွင်းနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် မြန်မာနိုင်ငံ ငလျင်ကော်မတီနှင့် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ Professor Dr. Hiroshi KAWASE ဦးဆောင်သောအဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံပြီး မြေငလျင် သတင်းအချက်အလက်စနစ်နှင့် အလျင်အမြန် တုံ့ပြန်ကယ်ဆယ်ရေးစီမံချက်တစ်ရပ် ပူးတွဲရေးဆွဲ၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)သို့ စီမံချက်တင်သွင်းနိုင်ရေးကိစ္စကို ဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhim K. Udas နှင့် တွေ့ဆုံ၍ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (ရုံးချုပ်)မှ အထွေထွေအတွင်းရေးမှူး ဦးအေးကိုကို ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး မသန်စွမ်း အခွင့်အရေးရရှိရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊ မသန်စွမ်းနည်းဥပဒေ အတည်ပြုနိုင်ရေး ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမြင့်ဆွေအား ဇင်ဘာဘွေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဇင်ဘာဘွေသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသော ဆွန်ကာ(sonca)သည် ဗီယက်နမ်နိုင်ငံ အရှေ့ပိုင်းကမ်းခြေကို ဒွန်ဟာမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

**(မိုး/ဇလ)**

**✪ ရှေ့ဖုံးမှ**

### မကွေးတိုင်းဒေသကြီးတွင် အများဆုံး

သဘာဝဘေးအန္တရာယ်များကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရေဘေးသင့်သူများအနက် မကွေးတိုင်းဒေသကြီးတွင် ရေဘေးကြောင့် ပြောင်းရွှေ့ရသည့် အိမ်ခြေ ၂၂၆၂၀ နှင့် ရေဘေးသင့်ပြည်သူ ၉၀၄၁၇ ဦးရှိပြီး တစ်နိုင်ငံလုံးတွင် အများဆုံး ရေဘေးသင့်နေကြရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဟုမ္မလင်း၊ ခန္တီး၊ မော်လိုက်၊ ဖောင်းပြင်၊ ကလေးဝ၊ မင်းကင်း၊ လေရှီးမြို့နယ် (မိုပိုင်းလွတ်)၊ မုံရွာ၊ ဆားလင်းကြီး၊ စစ်ကိုင်းအစရှိသည့် မြို့နယ်များမှ ရေဝင်ရောက်သည့် အိမ်ခြေစုစုပေါင်း ၁၀၂၅၇ အိမ်၊ ရေနောက်မျောပါသည့် အိမ်ခြေစုစုပေါင်း ၅၃ အိမ်နှင့် ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့ကြရသည့် ရေဘေးသင့်အိမ်ထောင်စု ၅၀၈၃ စုမှ လူဦးရေ စုစုပေါင်း ၂၃၅၉၅ ဦးတို့မှာ ရေဘေးသင့်ခဲ့ရကြောင်း သိရသည်။ ထို့ကြောင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆန်ရိက္ခာဖိုးငွေကျပ် ၄၉၅၄၉၅၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများ တန်ဖိုး စုစုပေါင်းငွေကျပ် ၇၃၅၃၁၁၅၂ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ ထို့အပြင် ချင်းပြည်နယ်မှ သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုများအား ငွေကျပ် ၃၀၀၀၀၀ ကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

### ကယ်ဆယ်ရေးစခန်းများ

အလားတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်၊ မကွေး၊ ရေစကြို၊ ပခုက္ကူ၊ မင်းဘူး၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ အောင်လံ၊ သရက်၊ ပွင့်ဖြူ၊ မင်းဘူးနှင့် ကံမမြို့နယ်များတွင် ရေဘေးကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ကယ်ဆယ်ရေးစခန်းငါးခုမှ အိမ်ထောင်စု ၂၂၆၂၀ စုမှ လူဦးရေ ၉၀၄၁၇ ဦးရှိကြောင်း သိရသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဆန်ရိက္ခာနှင့် အခြားထောက်ပံ့ပစ္စည်းများ တန်ဖိုးငွေကျပ် ၆၅၁၀၇၆၀၀ အား လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

### ပဲခူးတိုင်းဒေသကြီး

ထို့အတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပန်းတောင်း၊ ရွှေတောင်၊ ပြည်၊ မိုးညို၊ သာယာဝတီ၊ ညောင်လေးပင်၊ ကျောက်ကြီး၊ ရွှေကျင်မြို့နယ်များမှ ရေဝင်ရောက်သည့် အိမ်ထောင်စု ၂၆၃၉၁ စု၊ ရေနောက်မျောပါသည့် ရေဘေးသင့်အိမ်ခြေနှင့် ပြောင်းရွှေ့ရသည့် အိမ်ခြေ ၂၇၇၅ အိမ်မှ လူဦးရေ ၁၀၁၃၃ ဦးရှိကြောင်း သိရသည်။ အဆိုပါရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၆၄၆၃၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

### ဆန်ရိက္ခာဖိုးငွေလှူဒါန်း

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ရေဘေးသင့်အိမ်ထောင်စု ၄၉ စုမှ လူဦးရေ ၂၄၀ သာ ရေဘေးသင့်ဒဏ်ခံစားနေကြရပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်္ဂပူ၊ ဓနုဖြူ၊ ပန်းတနော်၊ မြန်အောင်၊ ဟင်္သာတနှင့် ငါးသိုင်းချောင်းမြို့နယ်များမှ ရေဝင်သည့် အိမ်ခြေ ၂၁ နှင့် ရေဘေးကြောင့် ပြောင်းရွှေ့ရသည့် အိမ်ခြေ ၁၁၅၄ မှ လူဦးရေ ၄၄၄၁ ဦးရှိကာ ၎င်းတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဆန်ရိက္ခာဖိုးငွေကျပ် ၁၃၆၇၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

### ထောက်ပံ့

မွန်ပြည်နယ်တွင် သထုံ၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များမှ ရေဘေးသင့်ပြောင်းရွှေ့အိမ်ခြေ ၁၃၇၃ မှ လူဦးရေ ၅၀၇၀ တို့အတွက် ဆန်ရိက္ခာဖိုးနှင့် အခြားထောက်ပံ့ပစ္စည်းများ တန်ဖိုးငွေကျပ် ၈၆၄၃၇၅၀ ကို လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ရေဘေးသင့်ပြောင်းရွှေ့အိမ်ခြေ ၇၁ အိမ်မှ လူဦးရေ ၃၁၈ ဦးအတွက် ဆန်ရိက္ခာနှင့် အခြားထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၁၃၁၄၂၁၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ပြောင်းရွှေ့အိမ်ခြေ ၁၀၃ အိမ်မှ လူဦးရေ ၃၆၉ ဦးအတွက် ဆန်ရိက္ခာနှင့် အခြားထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၇၇၄၉၀၀ တို့ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်အိမ်ထောင်စုများနှင့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆန်ရိက္ခာနှင့် အခြားထောက်ပံ့ပစ္စည်းများအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၀၁၂၃၀၀၂ ကျော်အား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - သီဟစည်သူ

| တိုင်းဒေသကြီး/ပြည်နယ် | ရေဝင် | မျောပါ | ပြောင်းရွှေ့ | လူဦးရေ |
|---|---|---|---|---|
| မကွေး | | | ၂၂၆၂၀ | ၉၀၄၁၇ |
| စစ်ကိုင်း | ၁၀၅၂၇ | ၅၃ | ၅၀၈၃ | ၂၃၅၉၅ |
| ပဲခူး | ၂၆၃၉၁ | ၁ | ၂၇၇၅ | ၁၀၁၃၃ |
| မွန် | | | ၁၃၇၈ | ၅၀၇၈ |
| ဧရာဝတီ | ၂၁ | | ၁၁၅၄ | ၄၄၄၁ |
| ရခိုင် | | | ၁၀၃ | ၃၆၉ |
| နေပြည်တော် | | | ၇၁ | ၃၁၈ |
| ကရင် | | | ၄၉ | ၂၄၀ |
| **စုစုပေါင်း** | ၃၆၉၃၉ | ၅၄ | ၃၃၂၃၃ | ၁၃၄၅၉၁ |

# ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅)နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ တိုင်းဒေသကြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅) နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။ **(ဓာတ်ပုံ)**



အစည်းအဝေးသို့ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ အတွင်းရေးမှူး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းနိုင်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်စိုးမိုးက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်က မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅)နှစ်စီမံကိန်း(၂၀၁၇-၂၀၂၁) နှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအား လည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅)နှစ်စီမံကိန်းသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရာသီတုပ်ကွေးရောဂါ တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**



ရာသီတုပ်ကွေးဖြစ်ပွားမှုနှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းက နေပြည်တော်တွင် ပြုလုပ်သော ရာသီတုပ်ကွေးဆိုင်ရာ ဆွေးနွေးအတည်ပြုချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ၊ ကုသရေးလုပ်ငန်းများအတွက် ဝေဘာဂီကူးစက်ရောဂါ(အထူးကု) ဆေးရုံကြီးအပါအဝင် ဆေးရုံကြီးများအလိုက် ပြင်ဆင်ထားရှိရန်နှင့် အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနကလည်း သွေးနမူနာများကို အချိန်မရွေးဓာတ်ခွဲစမ်းသပ်ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် တုံ့ပြန်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများအတွက် ကာကွယ်ရေးအစီအမံများနှင့် လူထုအား ကျန်းမာရေးပညာပေးရန်နှင့် မှန်ကန်သောသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရောဂါလက္ခဏာများ၊ ကုသသည့်နည်းလမ်းများ၊ ကာကွယ်ရန် နည်းလမ်းများ၊ ရောဂါရှာဖွေရေးနည်းလမ်းများ၊ လူထုကြား ပျံ့နှံ့နေသော လွဲမှားနေသည့်သတင်းအချက်အလက်များကို အချိန်မီ မှန်ကန်စွာ ထုတ်ပြန်နိုင်ရေးကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုသရေးဦးစီးဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုသမားတော်ကြီးများ၊ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

◆ *ကျော့ဖုံးမှ*

နည်းရင်နည်းသလို အမှန်တကယ်ထိန်းကျောင်းပေးမယ့်နည်းပညာပါတဲ့ စနစ်ပေါ့။ ကျွန်တော်တို့က အဲဒီလိုမီးပွိုင့်တွေကို ထိန်းချုပ်ပေးမယ့် စင်တာမျိုးလို့ နားလည်ထားတာ၊ သိထားတာ။ ဒါပေမယ့် အပြောင်းအလဲကာလတစ်ခုမှာ စာချုပ်ချုပ်လိုက်တော့ စာချုပ်ထဲမှာ အဲဒီလို ကျွန်တော်တို့သိထားတဲ့ အချက်တွေကပါမလာဘူး။ အမှန်တကယ်လည်း မီးပွိုင့်ဆင်ဆာတွေက Fully Acturation System မမီဘူးဖြစ်နေတယ်။ ကောင်းကောင်း အလုပ်မလုပ်ဘူး။ ကားများတာကို မသိဘူးဖြစ်နေတယ်။ ခုနောက်ပိုင်းကုမ္ပဏီကို ပြန်ပြင်ခိုင်းတော့ နည်းနည်းတော့ တိုးတက်လာတယ်။ အလုံးစုံပြီးလို့ စတင်အကောင်အထည်ဖော်လုပ်ဆောင်ဖို့ကိုတော့ ကာလတစ်ခုအထိ စောင့်ရဦးမယ်”ဟု အဆိုပါ ခေတ်မီအဆင့်မြင့်မီးပွိုင့် (Control Center) နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက ပြောသည်။

ယခု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်နေသော ရန်ကုန်မြို့တွင်း ခေတ်မီမီးပွိုင့်များနှင့် ဗဟိုထိန်းချုပ်ရေးစခန်းကြီးကို တင်ဒါအောင်မြင်ခဲ့သော မြန်မာရွှေရင်းကုမ္ပဏီနှင့် တရုတ်နိုင်ငံမှ CRCC ကုမ္ပဏီတို့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြီးခဲ့သော ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ရက်ပေါင်း ၁၈၀ အတွင်း အပြီးအကောင်အထည်ဖော်တည်ဆောက်ရန်သဘောတူညီခဲ့သည်။ အဆိုပါ စာချုပ်တွင် သတ်မှတ်စီမံကိန်းကာလရက်ပေါင်း ၁၈၀ ကျော်လွန်ပါက တစ်ရက် ဒဏ်ကြေးငွေကျပ် တစ်သိန်းနှုန်းကိုလည်း တင်ဒါအောင်ကုမ္ပဏီများက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်ပေးလျော်ရမည်ဆိုသည့် အချက်များလည်းပါရှိကြောင်း သိရသည်။

အဆိုပါ ဗဟိုထိန်းချုပ်ရေးစင်တာကြီးကို ရန်ကုန်မြို့ ပြည်သူ့ရင် ပြင်အတွင်းရှိ နက္ခတ်တာရာပြခန်းအနီး အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး ယခုအခါ ဗဟိုထိန်းချုပ်ရေးစင်တာအနေဖြင့် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

“တကယ်တော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့က အခုလိုခေတ်မီမီးပွိုင့်စနစ်နဲ့ ဗဟိုထိန်းချုပ်ရေးစခန်းက ရှိသင့်တာကြာပါပြီ။ သူများနိုင်ငံတွေမှာ ကျင့်သုံးနေတာ ဆယ်စုနှစ် တစ်ခုမကတော့ဘူး။ ဒီစနစ်ရဲ့အားသာချက်က ရန်ကုန်မြို့တွင်း ဖြတ်သန်းသွားလာတဲ့ယာဉ်တွေ၊ ဘယ်ကားမဆို ဖြတ်သန်းသွားလာမှု လုပ်ဆောင်ချက်တွေအားလုံး ဗဟိုထိန်းချုပ်ရေးစင်တာမှာသွားပေါ်တယ်၊ သိရတယ်။ ပြီးတော့ ယာဉ်ကြောကျပ်တည်းမှုအပိုင်းမှာလည်း မီးပွိုင့်ဆင်ဆာစနစ်က အလိုအလျောက်ဖြတ်တောက်ပေးသွားတာဖြစ်တော့ ယာဉ်ကြောကျပ်တည်းမှုကိုဖြေလျှော့နိုင်တယ်။ ပြောရရင် ယာဉ်ကြောကျပ်တည်းမှုအတွက် ဆင်ဆာတွေကောင်းဖို့လည်း အထူးလိုအပ်သလို ယာဉ်ပိုင်းဆိုင်ရာသွားလာလုပ်ဆောင်မှုအတွက်လည်း CCTV တွေ အဆင့်မြင့်ကောင်းမွန်ဖို့လိုအပ်တယ်။ အမှန်တကယ်သာ အဲဒီလိုလုပ်ဆောင်နိုင်မယ်ဆိုရင် ဒီရန်ကုန်မြို့မှာ ယာဉ်ကြောကျပ်တည်းမှု ပြေလျော့သွားပြီး ယာဉ်ဖြတ်သန်းသွားလာမှုလုပ်ဆောင်ချက်တွေ စည်းကမ်းတကျထိန်းချုပ်နိုင်မှာဖြစ်ပါတယ်”ဟု ရန်ကုန်မြို့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက အဆိုပါ ရန်ကုန်မြို့ ခေတ်မီမီးပွိုင့်စနစ်နှင့် ဗဟိုထိန်းချုပ်ရေးစခန်းနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ပြောကြားသည်။

တင်ဒါအောင် ကုမ္ပဏီများအနေဖြင့် အဆိုပါ စီမံကိန်းကိုပထမဦးစားပေး၊ ဒုတိယဦးစားပေးလုပ်ငန်းများ ပိုင်းခြားဆောင်ရွက်ခဲ့ပြီး ပထမဦးစားပေးလုပ်ငန်းတွင် ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်း၊ ဘုရင့်နောင်လမ်း၊ ပါရမီလမ်းနှင့် အောက် မင်္ဂလာဒုံလမ်းမကြီးငါးကြောင်း၊ ဒုတိယဦးစားပေးလုပ်ငန်းများတွင် ဗဟိုလမ်း၊ အင်းစိန်လမ်းမကြီး၊ သုဓမ္မာလမ်း၊ ဝေဇယန္တာလမ်း၊ ကျိုက်ဝိုင်းဘုရားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကန်တော်ကြီးပတ်လမ်းစသည်ဖြင့် ကဏ္ဍများ ပိုင်းခြားကာလုပ်ဆောင်ခဲ့ပြီး မြို့တွင်းအဝိုင်းများတွင်လည်း ထိန်းချုပ်စနစ်တပ်ဆင်ကာ ကြပ်မတ်ကွပ်ကဲသွားမည်ဖြစ်သည်။ ယခုအခါ ဗဟိုထိန်းချုပ်ရေးစခန်းနှင့် ရန်ကုန်မြို့တွင်းမီးပွိုင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများမှာ ရာခိုင်နှုန်းအားဖြင့်ကြည့်လျှင် ၉၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သော်လည်း ယာဉ်သွားလာမှုကို ထိန်းချုပ်ပေးနိုင်မည့် ဆင်ဆာများမှာ အားနည်းမှုများရှိနေခြင်းကြောင့် ကာလတစ်ခုအထိ အချိန်ယူအဆင့်မြှင့်တင်လုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

# ရေဝတီ၊စစ်တောင်း၊ ငဝန်နှင့်တိုးမြစ်များ၏ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

**ရေဝတီမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ရေဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် နှစ်ပေခန့်နှင့်ဇလွန်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတမြို့နယ်နှင့်ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**စစ်တောင်းမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ငဝန်မြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခန့်နှင့်သာပေါင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**တိုးမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

✪ *ကျော့ဖုံးမှ*

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ စတင်ဆေးရုံတက်ရောက်ကုသခဲ့ပြီး ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါရောဂါဖြင့် သေဆုံးခဲ့ကြောင်းနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် အသက် ၂၉ နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးသည် ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် တက်ရောက်ခဲ့ရာ ရောဂါပြင်းထန်သဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ မွန်းတည့် ၁၂ နာရီတွင် လွှဲပြောင်းခဲ့ပြီး မွန်းလွဲပိုင်းတွင် အဆိုပါရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 2009) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖြစ်ပွားသူအားလုံးတွင် သေဆုံးမှုနှုန်းမှာ ၀ ဒသမ ၀၂ ရာခိုင်နှုန်းခန့်သာ ရှိသော်လည်း၊ ရောဂါပြင်းထန်၍ ဆေးရုံတက်ရောက်ကုသခံယူရသူများတွင် ၄ ဒသမ ၅၅ ရာခိုင်နှုန်းခန့်ရှိကြောင်း အမေရိကန် CDC မှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ သိရှိရသဖြင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ကြောင့်ကြစရာ မလိုအပ်ကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နေ့စဉ်ထုတ်သတင်းစာများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် Myanmar CDC facebook စာမျက်နှာများတွင် ထုတ်ပြန်ထားရှိသော ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားကြရန်၊ တုပ်ကွေးဆန်သော ရောဂါလက္ခဏာများဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ကုသမှုခံယူရန်လိုအပ်ကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျော့ဖုံးမှ*

ယခုရောက်ရှိမည့် ကစ္ဆပနဒီ-၂ အမည်ရှိ ခရီးသည်တင် အမြန်ရေယာဉ်အား ရခိုင်ပြည်နယ်အတွင်း ရေကြောင်း ပို့ဆောင်ရေးအတွက် တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ကစ္ဆပနဒီ-၂ အမည်ရှိ ခရီးသည်တင် အမြန်ရေယာဉ်အား ဂျပန်နိုင်ငံ KOBE ဆိပ်ကမ်းမှ ရေယာဉ်တင်သင်္ဘော MV ISE ဖြင့် သယ်ဆောင်လာခြင်းဖြစ်ပြီး အဆိုပါ ကစ္ဆပနဒီ-၂ ရေယာဉ်သည် ခရီးသည် ၈၁ ဦး သယ်ဆောင်နိုင်ကာ တစ်နာရီ ရေမိုင် ၂၅ မိုင်နှုန်း မောင်းနှင်နိုင်သော အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားသော ရေယာဉ်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံတွင် အသစ်တည်ဆောက်လျက်ရှိသည့် ကစ္ဆပနဒီ-၃ အမည်ရှိ ရေယာဉ်ကို လာမည့်နှစ် နှစ်ကုန်ပိုင်းတွင် ဂျပန်နိုင်ငံမှ လွှဲပြောင်းလက်ခံသွားမည်ဖြစ်ကြောင်းသိရပြီး အဆိုပါရေယာဉ် ရောက်ရှိပါက ရခိုင်ပြည်နယ်၌ပင် တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

- ❖ ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန်ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ❖ ရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်နိုင်ပါသည်။
- ❖ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
- ❖ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
- ❖ ရောဂါလက္ခဏာများမှာ - ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ ဖြစ်ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

- ❖ နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တားရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်းအပ်ပါသည်။ (လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းတို့ အသုံးပြုနိုင်ပါသည်။)
- ❖ ရောဂါပိုးများသည် လက်တွင်ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
- ❖ တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
- ❖ ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ/ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ မွန်းတည့် ၁၂ နာရီ တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်**



# ပင်လယ်ကွေ့ဒေသ၏အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီးအား ယနေ့ ညနေ ၄ နာရီတွင် လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပင်လယ်ကွေ့ဒေသ၏ အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးရိုးမသစ်တောများ ပြုစုထိန်းသိမ်းခြင်းစီမံကိန်းတွင် အသုံးပြုမည့်ကိစ္စများဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ရန်ကုန်မြို့ရှိ ဘရာဇီးနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Antonio J.M. de Souza e Silva နှင့် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး (REDD+) ဆိုင်ရာ ဘရာဇီးနိုင်ငံလေ့လာရေးခရီးစဉ်အတွင်း ဆွေးနွေးရရှိချက်များမှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဘရာဇီးနိုင်ငံ၏ သစ်တောပြုစုထိန်းသိမ်းခြင်း အတွေ့အကြုံများအား နမူနာယူ၍ ပဲခူးရိုးမတွင် သစ်တောများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းစီမံကိန်းတွင် သင့်လျော်သလို ထည့်သွင်းအသုံးပြုသွားမည့်ကိစ္စများ၊ မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် သစ်တောဦးစီးဌာနတို့အကြား South-South Trilateral Cooperation ဆောင်ရွက်သွားမည့်အစီအစဉ်တို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ ငါးနှင့် ချုပ်ပြီးအထည်များ ကာတာနိုင်ငံသို့တင်ပို့နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohammed Rafei Al-Emadi နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ (၁)၌ တွေ့ဆုံဆွေးနွေးသည်။

ကာတာနိုင်ငံမှ နည်းပညာများဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ ငါးနှင့် ချုပ်ပြီးအထည်များအား ကာတာနိုင်ငံသို့ တင်ပို့နိုင်ရေးတို့အပါအဝင် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# Forum on Myanmar Democratic Transition အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် Forum on Myanmar Democratic Transition အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက အမှာစကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က ဖိုရမ်တွင် ဖတ်ကြားမည့် စာတမ်းရှင်များ၊ ဦးဆောင်ဆွေးနွေးမည့်သူများ အတည်ပြုရေး၊ ဖိုရမ်ကျင်းပရာတွင် အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းဆောင်ရွက်ရေး၊ မီဒီယာများ ဖိတ်ကြားရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဖိုရမ်တွင် ဖတ်ကြားမည့် စာတမ်းရှင်များ၊ ဦးဆောင် ဆွေးနွေးမည့်သူများကို တင်ပြအတည်ပြုရေး၊ ကြိုပို့နေရာချထားရေး၊ ဖိုရမ်ကာလအတွင်း ဆောင်ရွက်မှုများ၊ ဖိုရမ်မကျင်းပမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

Forum on Myanmar Democratic Transition ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ MICC-2 ၌ သုံးရက်တိုင် ကျင်းပမည်ဖြစ်ပြီး ဖိုရမ်တွင် အဓိက ခေါင်းစဉ်ခြောက်ခုဖြင့် ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# (၁၄)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများလုပ်ငန်းအဖွဲ့ စည်းဝေး

**နေပြည်တော် ဇူလိုင် ၂၅**

(၁၄)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal Ace Hotel ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံဓာတ်သတ္တုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက သက်ဆိုင်ရာနိုင်ငံအလိုက် သတ္တုကဏ္ဍဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဓာတ်သတ္တုကဏ္ဍ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ၊ ဓာတ်သတ္တုကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဓာတ်သတ္တုကဏ္ဍ သတင်းနှင့်အချက်အလက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဓာတ်သတ္တုကဏ္ဍ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် စသည့် ခေါင်းစဉ်တို့ဖြင့် အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ သတ္တုတွင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန(သတ္တုရေးရာ)မှ အရာထမ်းများ၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာန Hot Line တယ်လီဖုန်းနံပါတ် ပြောင်းလဲ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာနတွင် မှုခင်းကျဆင်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထုမှ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရန် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှစတင်၍ မန္တလေးခရိုင်အတွင်း ခုနစ်မြို့နယ်မှ မည်သည့်ဖုန်းဖြင့်မဆို ခေါ်ဆိုသတင်းပေးနိုင်သော Hot Line တယ်လီဖုန်းနံပါတ် 199 သို့ လည်းကောင်း၊ မန္တလေးခရိုင်ပြင်ပ မြို့နယ်များမှ 02-27199 သို့လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း ကြေညာထားပြီးဖြစ်သည်။ ယခုအခါ မြန်မာ့ဆက်သွယ်ရေးဌာနမှ တယ်လီဖုန်းအိတ်ချိန်းစနစ်များ ပြန်လည်အဆင့်မြှင့်တင်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာနတွင် အသုံးပြုလျက်ရှိသော Hot Line တယ်လီဖုန်းနံပါတ်များအား မန္တလေးခရိုင်အတွင်း ခုနစ်မြို့နယ်မှ 199 သို့လည်းကောင်း၊ မန္တလေးခရိုင်ပြင်ပမြို့နယ်များမှ 02-4027199 သို့ စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ ပြောင်းလဲခေါ်ဆိုသတင်းပေးပို့နိုင်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရေရှည်ဖြစ်ထွန်းဖို့ကတော့ မြန်မာပြည်သူတွေ ပိုပြီးကြိုးပမ်းဖို့ လိုတယ်လို့ထင်ပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. Luan Thuy Duong နှင့် တွေ့ဆုံမေးမြန်းခြင်း)

■ ဘာသာပြန်-သာစိန်၊ ကျော်ထိုက်စိုး ■

**ဇူလိုင် ၂၃ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးတို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. Luan Thuy Duong နှင့် တွေ့ဆုံမေးမြန်းခန်းကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**

**မေး ။ ။ ဗီယက်နမ်-မြန်မာသံတမန်ဆက်ဆံရေးနှင့် ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်နဲ့ သုံးသပ်ချက်များကို သိချင်ပါတယ်။**

ဖြေ ။ ။ ယခုနှစ်မှာ ဗီယက်နမ်နှင့်မြန်မာနိုင်ငံအကြား (၄၂) နှစ်မြောက် သံတမန်ဆက်ဆံရေး အထိမ်းအမှတ်ပွဲနဲ့ မြန်မာနိုင်ငံမှာ ရှိတဲ့ ပထမဦးဆုံး ဗီယက်နမ်ကိုယ်စားလှယ်ရုံးရဲ့ နှစ် (၇၀) မြောက် အခမ်းအနားကျင်းပမှာဖြစ်ပါတယ်။ ဒါဟာ နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ အလွန်အရေးကြီးတဲ့ အထိမ်းအမှတ်လို့ ကျွန်မတို့ လက်ခံထားပါတယ်။ ဗီယက်နမ်နဲ့မြန်မာဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသိပ္ပံနဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှု အစရှိတဲ့ကဏ္ဍတွေမှာ တိုးတက်အောင်မြင်မှုတွေ ရရှိပြီးဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာတော့ ကုန်သွယ်မှုမှာရော ရင်းနှီးမြှုပ်နှံမှုတွေပါ အောင်မြင်မှုရရှိခဲ့ကြပါတယ်။

မကြာသေးမီကပဲ ကျွန်မတို့ရဲ့လူမှုရေးသိပ္ပံနဲ့ လူသားချင်းစာနာထောက်ထားတဲ့ အင်စတီကျူးရှင်းတွေ မြန်မာနိုင်ငံကို ရောက်ရှိလာကြပြီး မြန်မာနဲ့ဗီယက်နမ်တို့အကြား အမြင်တွေ ဖလှယ်ခဲ့ကြပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ဆက်ဆံရေးဟာ သံတမန် နှစ်များစွာကို ဖြစ်ပေါ်စေခဲ့ရုံမက ဖွံ့ဖြိုးတိုးတက်မှုများစွာကိုပါ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ မကြာမီကာလမှာ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိတွေ အပြန်အလှန်သွားရောက်လည်ပတ်မှု မြှင့်တင်ဖို့ရှိသလို ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကိုလည်း မြှင့်တင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ဆက်ဆံရေးဟာ သံတမန်အရသာမက ပြည်သူအချင်းချင်းထိတွေ့မှု၊ အသင်းအပင်းအချင်းချင်းထိတွေ့မှုနဲ့ လူ့အဖွဲ့အစည်းအချင်းချင်းထိတွေ့မှုတွေပါ အကျုံးဝင်တဲ့အတွက် အပြန်အလှန်အကျိုးကျေးဇူးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

**မေး ။ ။ ဗီယက်နမ်စစ်ပွဲပြီးတဲ့နောက် ၁၉၇၅ ခုနှစ်မှာ တောင်ဗီယက်နမ်နဲ့ မြောက်ဗီယက်နမ်တို့ ပြန်လည်ပေါင်းစည်းခဲ့တာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် မြန်မာအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာအတွက် နှစ်ပေါင်း ၃၀ ကြာ အပတ်တကုတ်ကြိုးပမ်းရုန်းကန်လာခဲ့ပြီးမှ ၁၉၇၅ ခုနှစ်မှာ ပြန်လည်ပေါင်းစည်းခဲ့ကြပါတယ်။ မြန်မာနဲ့ဗီယက်နမ်ဟာ အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် အတူတူကြိုးပမ်းခဲ့ရတယ်လို့ ကျွန်မထင်ပါတယ်။ကာလရှည်ကြာတဲ့စစ်ပွဲကြောင့် ဗီယက်နမ်နိုင်ငံဟာ စွမ်းဆောင်ရည်များစွာကင်းမဲ့ခဲ့တဲ့အတွက် ပြည်သူတွေဆီက အကူအညီများစွာလိုအပ်ခဲ့ပါတယ်။ ထို့အတူ ပြည်သူတွေစည်းလုံးညီညွတ်အောင်ပဲ လုပ်ဆောင်ခဲ့ရပါတယ်။ ဒီအတွေ့အကြုံကတော့ မြန်မာနိုင်ငံနဲ့အတူတူပါပဲ။ သို့သော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ရာမှာတော့ မြန်မာနိုင်ငံနဲ့မတူတဲ့အချက်အချို့ရှိတယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နှစ်နိုင်ငံရဲ့သမိုင်းကြောင်းက မတူညီကြလို့ပါ။ ထို့အတူ ကျွန်မတို့အရှေ့ကလည်း ကွဲပြားကြမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗီယက်နမ်ဟာ မြန်မာလို လူမျိုးစုပြဿနာနဲ့ ပဋိပက္ခတွေ များများစားစားမရှိခဲ့လို့ပါပဲ။

**မေး ။ ။ အဆွေတော်ရဲ့အတွေ့အကြုံကိုမူတည်ပြီး မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံက ဒီမိုကရေစီလုပ်ငန်းစဉ်နဲ့ပတ်သက်လို့ စပြီးပြောရရင် မြန်မာနိုင်ငံကို ကျွန်မရောက်ရှိလာတဲ့ ၁၀ လတာကာလအတွင်းမှာ သိသာထင်ရှားတဲ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေတွေ့ရပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ လူ့အခွင့်အရေးတွေ ပိုမိုဖြစ်ထွန်းလာတာမြင်ရတဲ့အတွက် အထင်ကြီးလေးစားမိပါတယ်။ သို့သော်လည်းပဲ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရေရှည်ဖြစ်ထွန်းဖို့ကတော့ မြန်မာပြည်သူတွေ ပိုပြီးကြိုးပမ်းဖို့လိုတယ်လို့ ထင်ပါတယ်။ ထိုကဲ့သို့ဖြစ်ထွန်းဖို့အတွက် ဥပဒေနဲ့ညီညွတ်တဲ့ စနစ်တစ်ရပ်ရှိဖို့ အထူးလိုအပ်တယ်လို့မြင်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း ပြောရရင်တော့ အစိုးရ၊ ပြည်သူနဲ့ လူမျိုးစုတိုင်းရင်းသားအုပ်စုတွေအားလုံးဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တက်ကြွစွာပါဝင်ကြတာတွေ့ရပါတယ်။ ဒုတိယပင်လုံကို အောင်မြင်စွာကျင်းပနိုင်ခြင်းနဲ့အတူ တိုးတက်အောင်မြင်မှုအချို့ တွေ့ရပါတယ်။ ဒုတိယပင်လုံမှာ ပါဝင်တက်ရောက်သူအရေအတွက် များပြားလာခြင်း၊ ကတိကဝတ်အချို့ ရရှိလာခြင်းနဲ့ အရေးကြီးတဲ့အခြေခံမှုများအပေါ် သဘောတူညီချက်အချို့ရရှိလာခြင်းကြောင့် အောင်မြင်မှုရခဲ့တယ်လို့ဆိုရမှာပါ။

ပင်လုံညီလာခံက အခြေခံမှုတွေဟာ မရှိမဖြစ်အရေးကြီးတယ်လို့မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီအခြေခံမှုတွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နဲ့ မြေယာပြုပြင်ပြောင်းလဲမှုတွေအပေါ်မှာ အခြေခံထားတဲ့အတွက်ဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးသိကြတဲ့အတိုင်းပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ လုပ်ငန်းတစ်ခုပါ။ အဲ့ဒီလုပ်ငန်းစဉ်အတွက် အချိန်ကာလရော ကြိုးပမ်းအားထုတ်မှုပါပိုပြီးလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ စားပွဲပေါ်တင် ရနိုင်တာမဟုတ်ဘဲ လက်တွေ့ဘဝထဲရောက်လာအောင် ကျွန်မတို့ ဖော်ဆောင်ဖို့လိုပါတယ်။ မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့သူတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အောင်မြင်မှုရလိမ့်မယ်လို့ ကျွန်မ အကြွင်းမဲ့ယုံကြည်ပါတယ်။

**မေး။ ။ ဗီယက်နမ်နိုင်ငံဟာ ၁၉၈၆ ခုနှစ်ကစပြီး ဈေးကွက်စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲမှုနဲ့တူတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတကာဈေးကွက်ထဲဝင်ရောက်ခဲ့တယ်လို့သိရပါတယ်။ မြန်မာနိုင်ငံဟာလည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ဖော်ဆောင်လျက်ရှိပါတယ်။ အဲ့ဒီအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ ။ ။ ဗီယက်နမ်နိုင်ငံမှာ ဒွိုင်မွိုင်လို့ခေါ်တဲ့ အသစ်ပြုပြင်တည်ဆောက်ခြင်း (Renovation) အကြောင်းနဲ့ ပတ်သက်ပြီးပြောရရင် အခုမြန်မာနိုင်ငံရဲ့ အနေအထားဟာ ကျွန်မတို့ ၁၉၈၀ ခုနှစ်များက စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ခဲ့တဲ့ အချိန်နဲ့တစ်ထပ်တည်းပါပဲ။ နိုင်ငံပိုင်စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကိုပြောင်းလဲခဲ့တဲ့ ကျွန်မတို့ရဲ့ အတွေ့အကြုံတွေကို မျှဝေပေးနိုင်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို အချိန်ကြာမြင့်စွာကျင့်သုံးလာပြီဖြစ်တဲ့အတွက် ဗီယက်နမ်နဲ့ ကွဲပြားမှုအချို့ရှိနေပါတယ်။ ထို့အတူပဲ ဗီယက်နမ်နဲ့ မြန်မာတို့ဟာ နိုင်ငံရေးစနစ်ကွဲပြားကြပါတယ်။ ပြုပြင်ပြောင်းလဲမှုနဲ့အတူ နိုင်ငံတကာအသိုက်အဝန်းထဲ ဝင်ရောက်လာချိန်မှာ မြန်မာနိုင်ငံရဲ့ လူမှုရေးနဲ့စီးပွားရေးစီမံခန့်ခွဲမှုမှာ အများအပြား တိုးတက်မြင့်မားလာတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ဟာ မြန်မာနိုင်ငံကနေလည်း သင်ယူနိုင်ပါတယ်။

**မေး ။ ။ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါး မှောင်ခိုကူးမှုလိုကိစ္စတွေ ကိုင်တွယ်ရာမှာ ကျေးဇူးပြုပြီး သံအမတ်ကြီးရဲ့အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

ဖြေ ။ ။ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုနဲ့ ရာဇဝတ်မှုတွေက အခုအချိန်မှာ ကမ္ဘာအနှံ့ဖြစ်ပွားနေတဲ့ ကိစ္စတွေလို့ ကျွန်မထင်ပါတယ်။ ဘယ်တိုင်းပြည်ကမှ ဒီကိစ္စတွေကို သူတို့ဘာသာသူတို့ မကိုင်တွယ်နိုင်လို့ ကျွန်မတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဗီယက်နမ်နိုင်ငံက အိမ်နီးချင်းတိုင်းပြည်တွေ၊ အခြားအာဆီယံတိုင်းပြည်တွေနဲ့ များစွာပူးပေါင်းဆောင်ရွက်ပါတယ်။ ဗီယက်နမ်နိုင်ငံအနေနဲ့ တရုတ်၊ လာအို၊ ထိုင်းနဲ့ ကမ္ဘောဒီးယားအပြင် ယခုအခါမှာ မြန်မာနိုင်ငံနဲ့လည်း အလွန်နီးကပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုရှိပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ နိုင်ငံဖြတ်ကျော်နဲ့ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာ ဗီယက်နမ်နဲ့မြန်မာ နှစ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတွေကြား နှစ်စဉ်ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့လို့ဖြစ်ပါတယ်။ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံတို့အနေနဲ့ အချင်းချင်းဆွေးနွေးမှုပြုလုပ်သင့်ပြီး ဒီနယ်ပယ်မှာ ပိုပြီး ပူးပေါင်းဆောင်ရွက်ဖို့ မူဘောင်ချမှတ်သင့်ပါတယ်။

**မေး ။ ။ အကြမ်းဖက်ဝါဒက ဒေသတွင်းလုံခြုံရေးအတွက် ကြီးမားတဲ့ ခြိမ်းခြောက်မှုတစ်ခု ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သံအမတ်ကြီးအနေနဲ့ ပိုပြီးပြည့်ပြည့်စုံစုံဆွေးနွေးပေးနိုင်မလား။**

ဖြေ ။ ။ အခုအချိန်မှာ အကြမ်းဖက်ဝါဒက ကမ္ဘာတစ်ဝန်း အလွန်စိုးရိမ်ရတဲ့ ပူပန်စရာတစ်ခုဖြစ်ပါတယ်။ မူဆလင်တွေ၊ ဗုဒ္ဓဘာသာဝင်တွေသာမက ဘာသာပေါင်းစုံက ဘာသာရေးအစွန်းရောက်တွေက လူတွေရဲ့ဘာသာရေးယုံကြည်မှုတွေကို ကောင်းစွာအသုံးချနေပြီး သူတို့က လူတွေရဲ့အသက်ကို ခြိမ်းခြောက်နေပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူအားလုံးနဲ့၊ အဖွဲ့အစည်းအားလုံးနဲ့ လက်တွဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နေ့တိုင်း၊ နေရာတိုင်းဆောင်ရွက်ဖို့ ကျွန်မတို့လိုအပ်ပါတယ်။ တန်ပြန် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးမှာ အရေးကြီးဆုံးအချက်က နိုင်ငံတွေကြား ဥပဒေရေးရာစနစ်တွေအရ ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်လို့ ကျွန်မထင်ပါတယ်။ ဒုတိယ အရေးကြီးဆုံးအချက်က ရာဇဝတ်မှုတွေနဲ့ အကြမ်းဖက်ဝါဒကို ကိုင်တွယ်ရာမှာ တပ်ဖွဲ့တွေကြား ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်မတို့ လိုအပ်ပါတယ်။ ဥပမာ ကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ ဒါပေမယ့် ပိုပြီးအရေးကြီးတာကတော့ ဘယ်အချိန်မဆို၊ ဘယ်နေရာမှာမဆို ဘာသာရေးအရ ခွဲခြားဆက်ဆံတဲ့ ပုံစံမရှိသင့်ဘူးလို့ ကျွန်မထင်ပါတယ်။ ဘာသာရေးယုံကြည်မှုက လူတွေနဲ့ဆိုင်တဲ့အတွက် ကမ္ဘာပေါ်က ပြည်သူတွေအားလုံးအတွက် တရားမျှတမှု၊ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိစေမယ့် ဘာသာရေးတန်ဖိုးတွေကို နားလည်သဘောပေါက်ဖို့ ကျွန်မတို့ လူတွေကိုပညာပေးဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးအထူးသဖြင့် ပြည်ပတင်ပို့ဖို့ ရော်ဘာ၊ ကော်ဖီနဲ့ ဂျုတ်ကောင်းစိုက်ပျိုးရေးမှာ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေရှိတယ်လို့ သိရပါတယ်။ ဒီနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ သံအမတ်ကြီးအနေနဲ့ ပိုပြီး ပြောပြပေးနိုင်မလား။**

ဖြေ ။ ။ အစဉ်အလာချစ်ကြည်ရင်းနှီးမှုသာမက မိတ်ဖက်ဆက်ဆံရေးမှာပါ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်ဖို့ ကျွန်မတို့ လိုအပ်ပါတယ်။ ဒီလို အရှိန်မြှင့်တင်ဖို့ လက်ရှိ ရှိပြီးသားနည်းလမ်းတွေအားလုံးကို ကောင်းကောင်းအသုံးချသင့်တယ်လို့ ကျွန်မထင်ပါတယ်။ နိုင်ငံရေးနဲ့ပြည်သူ့လုံခြုံရေး၊ ကုန်သွယ်မှုအစရှိတဲ့နယ်ပယ်တွေမှာ ပုံမှန်ပြုလုပ်နေကျ ဆွေးနွေးပွဲမျိုးတွေ ကျွန်မတို့ လုပ်ဆောင်ခဲ့ပြီးဖြစ်ပေမယ့် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ လယ်ယာထုတ်ကုန်တွေ၊ သိပ္ပံနည်းကျနည်းပညာတွေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းနဲ့ ပြည်သူ့ကျန်းမာရေးနယ်ပယ်တွေမှာ နည်းလမ်းတွေပိုမိုရှာဖွေဖို့ ကျွန်မတို့လိုအပ်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နောက်ထပ်နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးမှာဖြစ်ပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေမှာ နောက်ထပ်ပူးတွဲကော်မတီတွေလည်း ကျွန်မတို့လိုအပ်ပါတယ်။

အခြားဆောင်ရွက်ရမယ့်အရာကတော့ ကျွန်မတို့အနေနဲ့ ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံဖို့ ဆောင်ရွက်သင့်သလို လူငယ်မျိုးဆက်သစ်တွေကြား အပြန်အလှန်လည်ပတ်မှုတွေ လုပ်ဆောင်သင့်ပါတယ်။ ဒီလိုနည်းလမ်းနဲ့ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုက စာရွက်တွေနဲ့ သဘောတူညီချက်တွေပေါ်မှာသာမက လက်တွေ့မှာလည်း အမှန်တကယ်တိုးတက်လာပါလိမ့်မယ်။

**မေး ။ ။ ယခုနှစ် ဩဂုတ်လအတွင်းမှာ အာဆီယံအဖွဲ့ကြီးက နှစ် (၅၀)မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပတော့မှာဖြစ်လို့ ဒေသအတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအပေါ် အာဆီယံအဖွဲ့ကြီးစည်းလုံးညီညွတ်ရေးအတွက် သံအမတ်ကြီးရဲ့ လှုံ့ဆော်အားပေးမှုက ဘာဖြစ်မလဲ။**

ဖြေ ။ ။ အာဆီယံအဖွဲ့ကြီး စတင်တည်ထောင်ချိန်ကတည်းက အာဆီယံအဖွဲ့ကြား စည်းလုံးညီညွတ်ရေးနဲ့ပတ်သက်လို့၊ မတူကွဲပြားမှုတွေကြား စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ ဆွေးနွေးနေခဲ့ကြတာဖြစ်ပါတယ်။ ဆိုလိုတာကတော့ အာဆီယံအဖွဲ့ကြီးသည် မတူကွဲပြားမှုများစွာရှိသော တိုင်းပြည်များနဲ့ဖွဲ့စည်းထားတဲ့ အုပ်စုတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံးရဲ့ ကြိုးပမ်းမှုအားလုံးနဲ့ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖို့ ကျွန်မတို့ လိုအပ်ပါတယ်။ အာဆီယံအဖွဲ့ကြီး စည်းလုံးညီညွတ်ရေးအတွက် မြန်မာနဲ့ ဗီယက်နမ်နှစ်နိုင်ငံက များစွာလုပ်ဆောင်ခဲ့တယ်လို့ ကျွန်မထင်ပါတယ်။ အာဆီယံအဖွဲ့ကြီးရဲ့ အခြေခံစည်းမျဉ်းတွေအတွက် ကျွန်မတို့ အမြဲတမ်းကြိုးပမ်းအားထုတ်နေပါတယ်။ ကျွန်မတို့ အာဆီယံအဖွဲ့ကြား စီမံကိန်းတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလုပ်ဆောင်ခဲ့ပါတယ်။ ကျွန်မတို့နှစ်နိုင်ငံက ကျွန်မတို့ရဲ့ကြိုးပမ်းမှုတွေကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ယခုအခါ အာဆီယံဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေသစ်မှာ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံက ဒေသတစ်ဝန်းနယ်ပယ်များစွာမှာ ဥပမာ တန်ပြန်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနဲ့ ဒေသတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုတိုက်ဖျက်ရေးမှာ ကျွန်မတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ အကြမ်းဖက်ဝါဒနဲ့ ပတ်သက်လို့ ဘာသာရေးအရ ခွဲခြားဆက်ဆံမှုပြုလုပ်နေတယ်လို့ ပြင်ပမီဒီယာတွေက မြန်မာနိုင်ငံကို စွပ်စွဲဖို့ ကြိုးပမ်းနေကြပါတယ်။ မြန်မာနိုင်ငံမှာ အခြေစိုက်တဲ့ သံအမတ်ကြီးတစ်ဦးအနေနဲ့ ဒီလို ဝေဖန်မှုတွေနဲ့ ပတ်သက်ပြီး သံအမတ်ကြီးရဲ့ထင်မြင်ချက်က ဘာဖြစ်မလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ ဘာသာရေးနဲ့ပတ်သက်လို့ ခွဲခြားဆက်ဆံမှုရှိတယ်ဆိုတဲ့ ဝေဖန်မှုတွေရှိခဲ့ပေမယ့် ကျွန်မကိုယ်တိုင်ကတော့ ဒီလို ဘာသာရေးနဲ့ပတ်သက်တဲ့ ခွဲခြားဆက်ဆံမှုကို မတွေ့ဖူးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ ဘာသာဝင်အမျိုးမျိုး အတူတကွယှဉ်တွဲနေထိုင်တာကို ကျွန်မတို့ ရန်ကုန်မှာ မြင်တွေ့နိုင်ပါတယ်။ သူတို့က တန်းတူညီမျှမှု တန်ဖိုးတွေကို မျှဝေကြပါတယ်။ ဒါပေမယ့် ဝေဖန်မှုတွေရှိခဲ့လို့ အစိုးရ၊ ပြည်သူနဲ့ လူမှုအဖွဲ့အစည်းတွေက ဒီပြဿနာ တွေကိုဖြေရှင်းဖို့ ပိုပြီး လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ကိစ္စအချို့မှာ ဥပဒေပိုင်းရေးရာစနစ်တွေနဲ့ လူမှုရေးဆိုင်ရာ မူဝါဒတွေက အရေးကြီးဆုံးလို့ ကျွန်မထင်ပါတယ်။ ။



မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး
Dr. Luan Thuy Duong

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ လုပ်ငန်းတစ်ခုပါ။ အဲ့ဒီ လုပ်ငန်းစဉ်အတွက် အချိန်ကာလရော ကြိုးပမ်းအားထုတ်မှုပါ ပိုပြီးလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ စားပွဲပေါ်တင် ရနိုင်တာမဟုတ်ဘဲ လက်တွေ့ဘဝထဲ ရောက်လာအောင် ကျွန်မတို့ ဖော်ဆောင်ဖို့လိုပါတယ်။ မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့ သူတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အောင်မြင်မှု ရလိမ့်မယ်**

# နိုင်ငံတကာ၌ ပြဋ္ဌာန်းလျက်ရှိသော အမျိုးသားလုံခြုံရေးဆိုင်ရာ နည်းဥပဒေများနည်းတူ မြန်မာနိုင်ငံ၌လည်း ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း အကြံပြုဆွေးနွေး

**နေပြည်တော်  ဇူလိုင်  ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ ကျင်းပစဉ်

အစည်းအဝေးတွင် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **အင်္ဂလိပ် ကိုလိုနီလက်ထက်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ယနေ့တိုင် တည်ဆဲဥပဒေများဖြစ်သည့် ဥပဒေများအား မြန်မာဘာသာသို့ ဘာသာပြန်ဆိုပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့ လည်းကောင်း ဘာသာပြန်ဆို ထုတ်ပြန်နိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်အား အထူးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးခဲ့ပါကြောင်း။

ထို့နောက် တည်ဆဲဖြစ်သည့် အင်္ဂလိပ်ဘာသာဖြင့် ရှိနေသည့် ဥပဒေများအား မြန်မာဘာသာသို့ ပြန်ဆိုရန် ကော်မရှင်တစ်ရပ် ဖွဲ့စည်းသည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်က ဥပဒေကြမ်းရေးသားရန် အတည်ပြုဆုံးဖြတ်ခဲ့ပါကြောင်း၊ လွှတ်တော်၏ အတည်ပြုချက်အရ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဥပဒေဘာသာပြန်ကော်မရှင်ကို ကျစ်လျစ်စွာ ဖွဲ့စည်း၍ ဘာသာပြန်လုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ**အရ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသည့် ဥပဒေများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် တာဝန်ပေးအပ်ထားသော်လည်း လွှတ်တော်သို့ တင်သွင်းမည့် ဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် တာဝန်ပေးအပ်ထားခြင်း မရှိပါကြောင်း၊ သို့ရာတွင် တည်ဆဲအင်္ဂလိပ်ဘာသာဖြင့် ရှိနေသည့် ဥပဒေအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပြင်ဆင်ရန်ဆန္ဒရှိပါက ပြင်ဆင်လိုသည့် စကားရပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပြုစုပေးရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ကူညီပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ဆိုလာမီးရယူရန် ဆန္ဒရှိသော ပြည်သူလူထုများထံမှ သတ်မှတ်ကျသင့်နှုန်းထားငွေများကို ကောက်ခံထားသည်မှာ တစ်နှစ်ကျော်ကာလအထိ ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ဆိုလာလျှပ်စစ်မီးစနစ် ဖြန့်ဖြူးတပ်ဆင်ပေးနိုင်ခြင်း မရှိသေးသဖြင့် မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးခြင်း မရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆောင်ရွက်မည့် ကျေးလက်မီးလင်းရေး လုပ်ငန်းများအတွက် ဆိုလာပစ္စည်းများမှာ တင်ဒါအောင်မြင်သော Lemi Co.,Ltd မှ ရန်ကုန်မြို့ ပစ္စည်းသိုလှောင်ရုံသို့ မေလအတွင်း ရောက်ရှိပြီး ဇွန်လမှစတင်၍ မြို့နယ်များသို့ ပစ္စည်းများအရောက်ပို့ဆောင်၍ ကျေးရွာများအား ဆက်လက်တပ်ဆင်သွားမည် ဖြစ်ပါကြောင်း၊ မိုင်းရယ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၈ ရွာ အတွက် ဆိုလာပစ္စည်းများကို ၂၀၁၇ ခုနှစ် ဇွန်လမှစ၍ ပေးပို့သွားမည်ဖြစ်ပြီး တပ်ဆင်ခြင်းလုပ်ငန်းများအား ဩဂုတ်လ နောက်ဆုံးထားကာ အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးမျိုးညွန့်၏ **ကက်သာစံပြ၊ တုံးဟဲ၊ သောင်သွဒ်၊ ကျွန်းကုန်းကျေးရွာများမှတစ်ဆင့် ဖောင်းပြင်မြို့နယ် မင်းယားကျေးရွာအထိ ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကို မြေသားလမ်းအဆင့် ကနဦးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ကက်သာ - တုံးဟဲ - သောင်သွဒ် - အင်ကြင်းမော် - ကျွန်းကုန်း - မင်းယား ကျေးရွာချင်းဆက်လမ်းနှင့် မြို့နယ်ချင်းဆက်လမ်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ဆော မဲဆန္ဒနယ်မှ ဦးကျော်တင်နှင့် ဆော့လော် မဲဆန္ဒနယ်မှ ဦးလာမာလေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း"**အား လွှတ်တော်မှ လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်းက ထောက်ခံဆွေးနွေးပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ

*စာမျက်နှာ ၈ သို့*

# ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်

**နေပြည်တော်  ဇူလိုင်  ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခုတင် ၅၀ ဆေးရုံကို ခုတင် ၁၀၀ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံသည် ပဲခူးဆေးရုံကြီးနှင့် မိုင် ၆၀၊ သထုံဆေးရုံကြီးနှင့် မိုင် ၇၀ သာ ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါကြောင်း၊ ကျိုက်ထိုမြို့နယ်သည် အဓိကအချက်အချာကျပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ထွက်သွားလာနေသည့် မြို့ဖြစ်ပါကြောင်း၊ သို့သော်လည်း ဆေးရုံတက်ရောက်ကုသမှုအခြေအနေအရ အဆိုပါဆေးရုံကို ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးသော်လည်း ဆေးရုံအတွက်လိုအပ်သည့် အရိုးအထူးကုဆရာဝန်နှင့် သူနာပြုအင်အားကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆေးရုံအတွက် လိုအပ်သည့် မီးစက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာဝင်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင်၏ **ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ Toll Gate နှစ်ခုဖြစ်သော Max (မြန်မာ) ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတား ဖြတ်သန်းခများ တစ်ပြိုင်တည်း ကောက်ခံနေခြင်းအပေါ် ခရီးသွားပြည်သူများ အခကြေးငွေ သက်သာစေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ပဲခူးတိုင်းဒေသကြီးအပိုင်းတွင် Max Highway ကုမ္ပဏီသည် ၃၂ မိုင် ၆ ဖာလုံမှ မိုင် ၅၀ အထိ ၁၇ မိုင် ၅ ဖာလုံကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီသည် မိုင် ၅၀ မှ ၉၈ မိုင် အထိ ၄၈ မိုင်ကိုလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ Max Highway ကုမ္ပဏီ၏ တိုးဂိတ်တည်နေရာသည် ပဲခူးတိုင်းဒေသကြီး အပိုင်းတွင် မိုင်တိုင်အမှတ် ၄၃ မိုင် ၇ ဖာလုံ၌ တည်ရှိပြီး လမ်းအသုံးပြုခအား ရန်ကုန်တိုင်းဒေသကြီးအပိုင်းဖြစ်သော ၁ မိုင်မှ ၁၄ မိုင် ၆ ဖာလုံ၊ ၃၁ မိုင်မှ ၃၂ မိုင် ၆ ဖာလုံ အထိ ၁၅ မိုင် ၄ ဖာလုံနှင့် ပဲခူးတိုင်းဒေသကြီးအပိုင်းဖြစ်သော ၃၂ မိုင် ၆ ဖာလုံမှ မိုင် ၅၀ အထိ ၁၇ မိုင် ၂ ဖာလုံ စုစုပေါင်း ၃၂ မိုင် ၆ ဖာလုံအတွက် ကျသင့်ငွေကို ယာဉ်အမျိုးအစားအလိုက် စနစ်တကျကောက်ခံလျက်ရှိပါကြောင်း၊ လမ်းအသုံးပြုခ ကောက်ခံမှုစနစ်မှာ ပဲခူးတက္ကသိုလ်ဂိတ်တွင် လမ်းအသုံးပြုခပေးဆောင်ပြီးပါက လှည်းကူးဂိတ်တွင် ပြေစာပြ၍ လမ်းအသုံးပြုခ ပေးဆောင်ရန်မလိုပါကြောင်း၊ အလားတူ လှည်းကူးဂိတ်တွင် လမ်းအသုံးပြုခ ပေးဆောင်ပြီးပါက ပဲခူးတက္ကသိုလ်ဂိတ်တွင် ပြေစာပြ၍ လမ်းအသုံးပြုခ ပေးဆောင်ရန် မလိုအပ်ပါကြောင်း။

ရွှေသံလွင်ကုမ္ပဏီ၏ တိုးဂိတ်သည် မိုင်တိုင်အမှတ် ၆၇ မိုင် ၁ ဖာလုံ၊ ပျဉ်ပုံရွာတွင် တည်ရှိပြီး ပဲခူး-ညောင်လေးပင်လမ်းပိုင်း မိုင် ၅၀ မှ ၉၈ မိုင်အထိ တာဝန်ယူဆောင်ရွက်သဖြင့် စုစုပေါင်း ၄၈ မိုင်အတွက် လမ်းအသုံးပြုခနှင့် အဆိုပါလမ်းအပိုင်းတွင် ပါဝင်သော ပေ ၁၈၀ နှင့် အထက် တံတားနှစ်စင်းဖြစ်သည့် ရဲနွယ်တံတားနှင့် ကောလိယတံတားတို့၏ တံတားဖြတ်သန်းခကိုပါ ပူးပေါင်းကောက်ခံလျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် တိုးဂိတ်အား ဖြတ်သန်းသွားပါက အနီး၊ အဝေး မည်သည့်နေရာမဆို သွားလာမည့် မော်တော်ယာဉ်သည် ၄၈ မိုင်အတွက် လမ်းအသုံးပြုခ ပေးချေရမည်ဖြစ်ပါကြောင်း။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဦးတင်အောင်ထွန်း



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦး

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ရဲနွယ်တံတားနှင့် ကောလိယတံတား အကြားရှိ ကျေးရွာများသည် ပဲခူးမြို့သို့ လာရောက်သည့်အခါ အဆိုပါတံတားများကို အသုံးပြုမှုမရှိဘဲ ပေးဆောင်နေရသည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ပြည်ထောင်စုဝန်ကြီးက **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရခြင်းမှာ ၂၀၁၂ ခုနှစ်က ရေးဆွဲခဲ့သည့် လယ်ယာမြေဥပဒေ၏ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် စကားရပ်၊ လယ်ယာမြေနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို တိကျစွာ ပြဋ္ဌာန်းနိုင်ရန်၊ သီးနှံပြောင်းလဲစိုက်ပျိုးခြင်းနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို တိတိကျကျလိုက်နာနိုင်စေရန်နှင့် ခေတ်ကာလနှင့် လျော်ညီစွာ ကျင့်သုံးနိုင်ရေးအတွက် တင်သွင်းခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးတင်အောင်ထွန်းက ဆက်သွယ်ရေးဥပဒေသည် ယခင်အစိုးရလက်ထက်က တယ်လီကွန်း ကုမ္ပဏီများကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်နေရာတွင် ထိန်းကျောင်းရန်နှင့် ကုမ္ပဏီနှင့် ဆက်သွယ်ရေးသုံးစွဲသူများအကြား ဖြစ်ပေါ်လာမည့် အဆင်မပြေမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ဥပဒေတစ်ရပ် မဖြစ်မနေလိုအပ်သည့် အခြေအနေတွင် ပေါ်ပေါက်လာသည့် ဥပဒေဖြစ်ပါကြောင်း၊ ဥပဒေကို ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်များတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ ကာကွယ်ပေးနိုင်ရန်ဟုပါရှိပါကြောင်း။

နိုင်ငံခေါင်းဆောင်များ၊ တပ်မတော် ခေါင်းဆောင်များကို ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်မှုများ အသရေဖျက်မှုများမှ ကာကွယ်သည့်အနေဖြင့် ပြည်သူလူထုနှင့် သတင်းမီဒီယာများကို တရားစွဲဆိုပြစ်ဒဏ်ကျခံစေခြင်းတို့သည် နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများနှင့် လွဲချော်နေပါကြောင်း၊ ပုဒ်မ၆၆(ဃ)ကို အသုံးပြုပြီး အရေးယူအပြစ်ပေးမှုများသည် အုပ်ချုပ်သူများအား လွတ်လပ်စွာ ဝေဖန်၊ ထောက်ပြ၊ အကြံပြုမှုများကို အဟန့်အတားဖြစ်စေပြီး အုပ်ချုပ်သူများနှင့် အဂတိလိုက်စားမှု၊ မတရားမှုနှင့် အားနည်းချက်များအပေါ် ဝေဖန်ထောက်ပြမှုများကို ရပ်တန့်စေနိုင်သည့်အတွက် ဥပဒေစိုးမိုးမှုနှင့်ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားခြင်းကို နှောင့်နှေးစေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ၆၆(ဃ) မူလပြဋ္ဌာန်းချက်တွင်ပါရှိသော အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်းနှင့် မလျော်ဩဇာသုံးခြင်း

*စာမျက်နှာ ၈ သို့*

# (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မစ္စယန်ဟီလီ တင်သွင်းသည့်အစီရင်ခံစာတွင် ပါဝင်လာနိုင်သည့် စွပ်စွဲချက်များနှင့်ပတ်သက်၍ လိုအပ်သောစိစစ်မှုများ၊ အရေးယူတုံ့ပြန်မှုများ ပြုလုပ်သွားမည်

နေပြည်တော် ဇူလိုင် ၂၅

**ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ ဇူလိုင် ၂၁ ရက် သတင်းထုတ်ပြန်ချက်နှင့်စပ်လျဉ်းသည့် အရေးကြီးအဆိုအား ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကန့်ကွက်သူမရှိ တညီတညွတ်တည်း လွှတ်တော်က အတည်ပြုခဲ့သည်။**

အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံအစိုးရအနေဖြင့် အမွေဆက်ခံခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခ၊ နိုင်ငံရေးအယူအဆ ကွဲပြားမှုများ၊ ဖွံ့ဖြိုးမှုနောက်ကျမှုနှင့် ဆင်းရဲနွမ်းပါးမှုအပါအဝင် စိန်ခေါ်မှု အမြောက်အမြားကို ဖြေရှင်းရေးအတွက် လူမှုအဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် ကွဲပြားခြားနားမှုများကို အင်အားအဖြစ် ပြောင်းလဲရန် အလေးထားဆောင်ရွက်နေချိန် ဖြစ်ပါကြောင်း။

ထိုသို့ အရေးကြီးသည့်အချိန်တွင် လူမှုအသိုင်းအဝိုင်း တစ်ခုတည်း၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကိုသာ အာရုံစိုက်ပြီး မမျှမတပြောကြားချက်များသည် မြန်မာနိုင်ငံ၏ လူမှုအဖွဲ့အစည်း အသိုက်အဝန်းများအကြား စိတ်ဝမ်းကွဲပြားမှုများ ပိုမိုကြီးထွားစေနိုင်သည်ဟု သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ ဇူလိုင် ၂၁ ရက် သတင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ တင်သွင်းသည့် အဆိုကို ကြိုဆိုထောက်ခံပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေခြင်းသည် မိမိတို့ပြည်သူများ၏ အေးချမ်းလုံခြုံစွာ နေထိုင်ခွင့်ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ၏ လွတ်လပ်ခွင့်များ ရရှိရေးအပါအဝင် အခြေခံကျသော လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ရေးအတွက် ဦးတည်ကြိုးပမ်းနေခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိလာပါက လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်နွှယ်နေသော လူ့အခွင့်အရေး ထိခိုက်ဆုံးရှုံးမှုများလည်း အဆုံးသတ်သွားမည် ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆောင်ရွက်ကြရာတွင် အပြစ်တင်ဝေဖန်ရှုတ်ချမှု ပြုလုပ်ခြင်းနည်းလမ်းထက် လူ့အခွင့်အရေး မြှင့်တင်ရေးအတွက် ကြိုးပမ်းနေသော အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း နည်းလမ်းနှင့် ဆောင်ရွက်မှုသာ ထိရောက်အောင်မြင်မည်ဟု ခိုင်မာစွာ ရပ်တည်ထားပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အပြုသဘော ဝေဖန်ထောက်ပြ အကြံပြုချက်များကို အလေးနက်ထားပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လူ့အခွင့်အရေးကိစ္စနှင့် ပတ်သက်၍ ထိပ်တိုက် ရင်ဆိုင်တွေ့ခြင်း နည်းလမ်းထက် ထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်နှင့်အညီ၊ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ အဆက်ဆက်၏ ခရီးစဉ်များကို ယခင်အစိုးရလက်ထက်ကဲ့သို့ အစဉ်တစိုက်လက်ခံ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။



နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်

မစ္စယန်ဟီလီသည် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူတာဝန်ကို ၂၀၁၄ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ပြီး ယခင်အစိုးရ လက်ထက်တွင် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ပထမအကြိမ်၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဒုတိယအကြိမ်နှင့် ၂၀၁၅ ခုနှစ် ဩဂုတ် ၅ ရက်တွင် တတိယအကြိမ် လာရောက်ခဲ့သည်။ ယခုအစိုးရ လက်ထက်၌ ၂၀၁၆ ခုနှစ် ဇွန် ၁၂ ရက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နှင့် နောက်ဆုံးခရီးစဉ်အဖြစ် ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၂၁ ရက်အထိ ၁၂ ရက်ကြာ လာရောက်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ လုပ်ငန်းတာဝန် (Mandate) ကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ရန် ထည့်သွင်းဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို ဆက်လက်စောင့်ကြည့်ရန်နှင့် အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်များကို အကောင်အထည်ဖော်မှုကို လေ့လာသုံးသပ်ရန် မစ္စယန်ဟီလီအား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"သူတောင်းဆိုတဲ့ ရခိုင်၊ ရှမ်းနဲ့ ကရင်ပြည်နယ် သုံးခုလုံးကို သွားရောက်ခွင့်ပေးခဲ့ပါတယ်။ သူ့ရဲ့ လုံခြုံရေးအတွက် မသွားသင့်တဲ့ ဒေသအချို့နဲ့ အချိန်ကပ်မှ တောင်းဆိုလာတဲ့ ဒေသကိုသာ ခွင့်မပြုခဲ့ခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးတွေနဲ့ ပြည်နယ်တွေက တာဝန်ရှိသူ၊ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဖို့ စီစဉ်ပေးခဲ့ပြီး ကုလသမဂ္ဂအစီအစဉ်နဲ့ ၎င်းတွေ့ဆုံလိုသူများကိုလည်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးကျော်တင်က ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာ တင်သွင်းသူများ လိုက်နာရသည့် ကျင့်ဝတ်များကို ပြဋ္ဌာန်းထားပြီး ယင်းကျင့်ဝတ်တွင် ၎င်းတို့ ၏ အမြင်များကို ဖော်ပြရာ၌ အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူသို့ ထုတ်ဖော်ပြောကြားရာ၌ သက်ဆိုင်ရာနိုင်ငံ၏ တုံ့ပြန်ချက် သဘောထားများကိုလည်း မျှမျှတတ ဖော်ပြရမည်ဟု ပါရှိပါကြောင်း၊ ထို့ပြင် အစီရင်ခံစာတင်သွင်းသူအနေဖြင့် ဘက်လိုက်မှုကင်းရန်၊ မျှတမှုရှိရန်နှင့် တိကျမှန်ကန်၍ ဓမ္မဓိဋ္ဌာန်ကျသော သုံးသပ်မှုများ ပြုလုပ်ရန်လည်း ဖော်ပြပါရှိပါကြောင်း။

သို့သော် မစ္စယန်ဟီလီအနေဖြင့် ခရီးစဉ်နောက်ဆုံးနေ့တွင် ထုတ်ပြန်ခဲ့သည့် ကနဦး ထုတ်ပြန်ကြေညာချက် (End of Mission Statement) တွင် ထုတ်ပြန်ပြောကြားချက်များမှာ တိကျမှန်ကန်မှုနှင့် မျှတမှုမရှိသဖြင့် အစီရင်ခံစာတင်သွင်းသူ လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာမှုများစွာ အားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မစ္စယန်ဟီလီ၏ ခရီးစဉ် နောက်ဆုံးနေ့ ထုတ်ပြန်ကြေညာချက်ပါ သုံးသပ်ပြောကြားချက်များနှင့်စပ်လျဉ်း၍ စိတ်ပျက်ရကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ဇူလိုင် ၂၁ ရက်တွင် သတင်းထုတ်ပြန်ပြီး ဖြစ်ပါကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူသည် စိစစ်ခြင်းမပြုရသေးသည့် သတင်းများ၊ အတည်မပြုရသေးသည့် စွပ်စွဲချက်များကို ထည့်သွင်းဖော်ပြခဲ့သော်လည်း ယင်းသတင်းများနှင့် စပ်လျဉ်း၍ အစိုးရတာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများကို မစ္စယန်ဟီလီအနေဖြင့် ထင်ဟပ်ဖော်ပြမှုမပြုခဲ့ခြင်းကြောင့် မျှတမှု၊ ဟန်ချက်ညီမျှမှု ကင်းမဲ့ပြီး ဘက်လိုက်မှုများရှိနေသည်ဟု သုံးသပ်ရပါကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရှိရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတရှိစွာဖြင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ရင်ဆိုင်နေရသည့် အခက်အခဲစိန်ခေါ်မှုများကိုလည်းကောင်း၊ အစွန်းရောက်များကြောင့် အပြစ်မဲ့ပြည်သူများ အသက်အန္တရာယ် ခြိမ်းခြောက်ခံနေရမှုများကိုလည်းကောင်း သူ့အနေဖြင့် ထည့်သွင်းပြောကြားမှုမရှိခြင်းမှာလည်း ပကတိအခြေအနေကို လျစ်လျူရှုသည့်သဘောသက်ရောက်နေပါကြောင်း။

မစ္စယန်ဟီလီ၏ ကနဦးထုတ်ပြန်ပြောကြားချက်အရ (၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ၎င်းတင်သွင်းသည့် အသေးစိတ်အစီရင်ခံစာတွင် ဖော်ပြမည့်အချက်များသည် မျှတမှုမရှိသည့် တစ်ဖက်စောင်းနင်း သုံးသပ်တင်ပြချက်များ ပါဝင်လာနိုင်သည့်အတွက် မြန်မာနိုင်ငံအပေါ် မှားယွင်းသော ဆုံးဖြတ်ချက်များ ပေါ်ပေါက်လာနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယင်းအစီရင်ခံစာတွင် ပါဝင်လာနိုင်သည့် စွပ်စွဲချက်များနှင့်ပတ်သက်၍ လိုအပ်သော စိစစ်မှုများ ပြုလုပ်ပြီးလိုအပ်သော အရေးယူတုံ့ပြန်မှုများ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာကူးပြောင်းလျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် မြန်မာပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများ ရရှိရေးအတွက် အကန့်အသတ်များ၊ အခက်အခဲအမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ထက် သိသိသာသာ တိုးတက်မှုများလည်း ရရှိနေပါကြောင်း၊ ကမ္ဘာပေါ်တွင် လူ့အခွင့်အရေး မှတ်တမ်း လုံးဝဥဿုံ ပြည့်စုံကောင်းမွန်သော နိုင်ငံတစ်နိုင်ငံမျှ မရှိသည့်နည်းတူ ဒီမိုကရေစီ အသွင်ကူးပြောင်းခါစ မြန်မာနိုင်ငံမှာလည်း လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်ကို ၎င်းအနေဖြင့် နားလည်မှုရှိရန်လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်ရေး ဆောင်ရွက်ရာတွင် အသိုင်းအဝိုင်း တစ်ခုတည်းအတွက်သာမက လူမှုအသိုင်းအဝိုင်းများ၏ အခွင့်အရေးကာကွယ်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ အဆိုအား ကန့်ကွက်သူမရှိ တညီတညွတ်တည်း အတည်ပြုခဲ့သည်။

**သတင်း-သူရဇော်၊ မိမိဖြိုး၊**
**ဓာတ်ပုံ-အေးသန်း**

## *ပြည်သူ့လွှတ်တော်မှ*

ဦးဝင်းမြင့်က ကြေညာသည်။

ယင်းနောက် အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း** အရေးကြီးအဆို နှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြင့်မောင်၊ ဗိုလ်မှူးကျော်ဇင်မိုးနှင့် ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်တို့က ထောက်ခံဆွေးနွေးကြသည်။

မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်က အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ ခရီးစဉ်သည် အစိုးရသစ်လက်ထက်တွင် သူ၏ တတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံကို ဆဋ္ဌမအကြိမ်မြောက် လာရောက်သည့် ခရီးစဉ်လည်း ဖြစ်ပါကြောင်း၊ သို့ရာတွင် မည်သည့်ခရီးစဉ်မှ မိမိတို့နိုင်ငံအတွက် ကောင်းမွန်သော အစီရင်ခံစာကို ထုတ်ပြန်ခြင်းမရှိဘဲ တစ်ခေါက်ထက်တစ်ခေါက် ပိုဆိုးသည်သာ ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အတိုက်အခံဖြစ်နေသော်လည်း ယခုကိစ္စတွင် အမျိုးသားအကျိုးစီးပွားနှင့် ပတ်သက်သည့်အတွက် တည်ဆဲအစိုးရဘက်မှ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခင်က အစိုးရအဆက်ဆက်သည် အမျိုးသားအကျိုးစီးပွားအတွက် ဥရောပသမဂ္ဂနှင့် OIC တို့ အဓိကကြီးစိုးသော ကုလသမဂ္ဂတွင် ကြိုးစားရုန်းကန်ခဲ့ရပါကြောင်း။

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်ပြီး ကုလသမဂ္ဂ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများ၏ Binding မရှိသော Resolution များ၊ ဖိအားများကို ဥသည့်မရွေး လိုက်ပါဆောင်ရွက်နေပါက ဗိုလ်ချုပ်အောင်ဆန်းပြောသည့် နိုင်ငံဖြစ်မည်မလွဲပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်တွင် ယခုဆွေးနွေးမှုဖြင့် ရပ်တန့်မနေဘဲ သံတမန်မျက်နှာစာမှ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန် တိုက်တွန်းပါကြောင်း၊ မစ္စယန်ဟီလီ၏ အစီရင်ခံစာကို ပြင်းထန်စွာကန့်ကွက်သည့် အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်မိုးက မြန်မာနိုင်ငံအနေဖြင့် လက်ရှိရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ပဋိပက္ခများအား ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဖြေရှင်း ဆောင်ရွက်နေမှုအပေါ် လူ့အခွင့်အရေးကို အကြောင်းပြု၍ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် မှားယွင်းသော အချက်အလက်များကို အခြေခံကာ သတင်းထုတ်ပြန်ခဲ့သော မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုနှင့်ပတ်သက်၍ ထောက်ခံပါကြောင်း၊ နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအပေါ် ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအနေဖြင့် မှန်ကန်စွာရှုမြင်သုံးသပ်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ ပြည်သူလူထုနှင့် သတင်းမီဒီယာများ စသည့် မဏ္ဍိုင်အသီးသီးတို့က နိုင်ငံချစ်စိတ်၊ အမျိုးသားရေး စိတ်ဓာတ်တို့ဖြင့် တပ်မတော်၏ နိုင်ငံတော်လုံခြုံရေးအတွက် သဘောထားနှင့် ရပ်တည်ချက်ကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ၌ ပြဋ္ဌာန်းလျက်ရှိသော အမျိုးသားလုံခြုံရေးဆိုင်ရာ နည်းဥပဒေများနည်းတူ မြန်မာနိုင်ငံတွင်လည်း ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

အရေးကြီးအဆို နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အဆိုအား ကြိုဆိုထောက်ခံကြောင်း ဆွေးနွေးပြောကြားပြီး လွှတ်တော်က အဆိုအား တညီတညွတ်တည်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မိမိဖြိုး(သတင်းစဉ်)**

## *အမျိုးသားလွှတ်တော်မှ*

ဆိုသည့် စကားရပ်များကို ပယ်ဖျက်ထားသည်ကို တွေ့ရပါကြောင်း၊ ၎င်းစကားရပ်များသည် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဆောင်ရွက်နိုင်သည့် အကြောင်းကိစ္စများမဟုတ်သဖြင့် ပယ်ဖျက်ထားမှုမှာ ဆီလျော်သည်ကို တွေ့ရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၅၊ ၆၆ (က)နှင့် (ခ)တို့အား အာမခံပေးရန် ပြဋ္ဌာန်းခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်အပေါ် လွှမ်းမိုးဆောင်ရွက်သည့်သဘောမျိုး ဖြစ်နေသည်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဌေးဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေတို့က ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြန်လည်ကြားနာရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်သည်။

ယင်းနောက် ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို လည်းကောင်း၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တောင်သူလယ်သမားရေးရာကော်မတီဝင် ဦးသက်နိုင်စိုးကလည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြသည်။

ဥပဒေကြမ်း၊ အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# အနောက်သီရိကျေးရွာ ကမ်းပါးပြိုကျမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

**ပခုက္ကူ ဇူလိုင် ၂၅**

ပခုက္ကူမြို့နယ် ဆိကွဲအုပ်စု အနောက်သီရိကျေးရွာ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြစ်ကမ်းပါးပြိုကျမှုအခြေအနေကို ဇူလိုင် ၂၄ ရက်က ပခုက္ကူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင် ပါဝင်သောအဖွဲ့သည် အနောက်သီရိကျေးရွာ ကမ်းပါးပြိုကျမှုအခြေအနေနှင့် သာသနာဝေပုလ္လသီရိကြီးကျောင်းတွင် တည်ထားကိုးကွယ်ခဲ့သော သီရိရတနာပြည်လုံးချမ်းသာ စေတီတော် မြစ်ကမ်းပါးပြိုကျ၍ ရေအောက်သို့ရောက်ရှိသွားမှု အခြေအနေများ၊ မြစ်ကြောင်းတစ်လျှောက် ကမ်းပါးများ ပိုမိုပြိုကျလာမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် သာသနာဝေပုလ္လသီရိကြီးကျောင်းဆရာတော် ဦးဝေပုလ္လနှင့် ကျေးရွာသူ ကျေးရွာသားများအား သာသနာဝေပုလ္လသီရိကြီးကျောင်းတွင် တွေ့ဆုံဆွေးနွေးပြီး **(အောက်ပုံ)** မြစ်ရေဦးတိုက်စီးဆင်းမှု အခြေအနေများ၊ ဘုန်းကြီးကျောင်းနှင့် မြစ်ရေစီးကြောင်းတို့၏ ကွာဝေးမှုအခြေအနေများကို မေးမြန်းဆွေးနွေးကာ ကျေးရွာလူထု၏ ဆန္ဒအရ ကျေးရွာမြေနေရာသစ် ပြောင်းရွှေ့နိုင်ရေးအတွက် ဆွေးနွေးကြသည်။

အဆိုပါ အနောက်သီရိကျေးရွာတွင် ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်းရှိပြီး အိမ်ထောင်စု ၂၉၅ စု၊ လူဦးရေ ၁၀၀၀ ကျော်ခန့် မှီတင်းနေထိုင်သော ကျေးရွာဖြစ်သည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ဧရာဝတီမြစ်၏ မြေနုကျွန်းကို အမှီပြု၍ တောင်သူလုပ်ငန်းများ လုပ်ကိုင်စားသောက်ပြီး ဧရာဝတီမြစ်၏ ရေစီးကြောင်းပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ဖြစ်စဉ် ပြောင်းလဲမှုများနှင့်အတူ ၎င်းတို့ လုပ်ကိုင်စားသောက်ရသောမြေနုများသည် တဖြည်းဖြည်း ဆုံးရှုံးပျောက်ကွယ်လျက် ရှိကြောင်း သိရသည်။

**တင်အောင်ဝင်း**





# မန်းရွှေစက်တော် အောက်စက်တော်ရာသို့ ရေခလျက်ရှိ

**ဖဲ ဇူလိုင် ၂၅**

မန်းရွှေစက်တော်သို့ စီးဆင်းလျက်ရှိသော မန်းချောင်းရေသည် ချောင်းအထက်ပိုင်းတွင် မိုးများဆက်လက်ရွာသွန်းနေသည့်အတွက် ယနေ့ နံနက်ပိုင်းတွင် မန်းရွှေစက်တော်ရှိ အောက်စက်တော်ရာရင်ပြင်အထက် လေးပေကျော် ငါးပေနီးပါး ရေခလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

"မန်းစက်တော်ရာကို စီးဝင်တဲ့ချောင်းရဲ့အထက်ဘက်မှာရှိတဲ့ ငဖဲမြို့နယ်ရှိ မန်းတမံအခြေအနေမှာ ဒီနေ့ မနက် ၆ နာရီတိုင်းထွာချက်အရ ရေအမှတ် ၆၂၈ ဒသမ ၇၀ ပေ၊ မိုးရေချိန် ၁ ဒသမ ၄၂ လက်မရှိပြီး ဆည်ရေပြည့်အမှတ် ၆၂၅ ဒသမ ၀၀ ပေ ဖြစ်တဲ့အတွက် ရေပိုလွှဲမှ ၃ ဒသမ ၇၀ ပေ ရေကျော်နေကာ ၂၄ နာရီအတွင်း ရေအမှတ် ၀ ဒသမ ၁၀ ပေ တိုးနေပါတယ်။ မိုးဆက်လက်ရွာသွန်းနေလို့ မန်းရွှေစက်တော်၊ အိုင်းမရေလွှဲဆည်နဲ့ စကုမြို့တို့မှာ မန်းချောင်းရေတွေ တိုးစီးဆင်းနေတာပါ။ မန်းစက်တော်ရာကို စီးဝင်တဲ့ ပန်းတိမ်းချောင်းရေ၊ မန်းချောင်းရေနဲ့ ပဇီချောင်းရေတို့မှာ အနည်းငယ်သာ လျော့နည်းတာတွေ့ရပါတယ်။ ငဖဲ မန်းတမံရေပိုလွှဲက နှစ်တိုင်း ရေကျော်နေကျအချိန်ဖြစ်ပြီး တမံမှာ ၂၄ နာရီ ရေကင်းတာဝန်ချထားကာ အထက်အဆင့်ဆင့်သို့ နာရီစဉ် သတင်းပေးပို့ပြီး အနီးကပ်တာဝန်ယူကြီးကြပ်နေပါတယ်။ မန်းတမံနဲ့ ဆက်စပ်အဆောက်အအုံတွေ ကြံ့ခိုင်ကောင်းမွန်တဲ့အတွက် စိုးရိမ်စရာမရှိပါဘူး" ဟု မန်းတမံထိန်းသိမ်းရေး တာဝန်ခံ ဦးမောင်မောင်ဝင်းက ပြောသည်။

"မိုးတွင်းကာလ မိုးများစွာရွာသွန်းတဲ့အခါ နှစ်စဉ်ရေကြီးမှုဖြစ်စဉ် အမြဲကြုံတွေ့ရပြီး ဒီနှစ်ဆို နှစ်ကြိမ်မြောက် ရေကြီးခဲ့တာပါ။ မန်းစက်တော်ရာဂေါပကအဖွဲ့ကိုလည်း ရေကြီးမြင့်မှုအခြေအနေနဲ့ပတ်သက်လို့ အချိန်နဲ့တစ်ပြေးညီ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နိုင်ဖို့ သတင်းဆက်သွယ်ပေးပို့ ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

# သရက်-မင်းတုန်း ကားလမ်းပိုင်း၌ မြေထိန်းနံရံမြေကျွံမှုဖြစ်ပွား

**သရက် ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်း ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အတွင်း မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းသဖြင့် မင်းတုန်းမြို့ အရှေ့ဘက် ၁၇ မိုင်ခန့်အကွာ တောင်ပတ်ကျေးရွာအုပ်စု တောင်ပတ်ကျေးရွာအနီး သရက်-မင်းတုန်းကားလမ်း မိုင်တိုင်အမှတ် ၂၁/၇ နှင့် ၂၂/၀ ကြား ကတ္တရာလမ်း၏ ယာဘက်ခြမ်းအလျား ပေ ၂၅၀၊ အကျယ်ပေ ၅၀၊ အနက် ပေ ၂၀ ခန့် ကျောက်စီမြေထိန်းနံရံသည် ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီက မြေကျွံမှုဖြစ်ခဲ့ပြီး လမ်းဘေးကျောက်စီရေမြောင်း ပေ ၂၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ **(ယာပုံ)**

ယာဉ်သွားလာမှု ထိခိုက်မှုမရှိကြောင်းနှင့် အဆိုပါနေရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လမ်းဦးစီးဌာနမှ အင်ဂျင်နီယာတို့ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် မြေကျွံကျမှုကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



# တိုက်ကြီးမြို့နယ်၌ စာသင်ကျောင်းကိုးကျောင်း ယာယီပိတ်ထား

**တိုက်ကြီး ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ဧရာဝတီနှင့် လှိုင်မြစ်ရေတိုးမှုကြောင့် စာသင်ကျောင်း ကိုးကျောင်း ယာယီပိတ်ထားရကြောင်း ပညာရေးမှူးရုံးမှ သိရသည်။

အဖျောက်မြို့ ဧရာဝတီမြစ်ရေတိုးမှုကြောင့် ရေပေါ်သောင်အုပ်စု အလယ်ကင်းမူလွန်ကျောင်း၊ သဲရိုး အမက၊ လှိုင်မြစ်ရေတိုးမှုကြောင့် ဘိန္နောအလကခွဲကျောင်း သုံးကျောင်းကို ဇူလိုင် ၂၀ ရက်မှစ၍ ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၄ ရက်တွင် ဘုရားကုန်းအမက၊ သရက်ကုန်း အမက၊ ဖောင်တော်ကန်အနောက် အမက၊ ပျော်ဘွယ်စု အမက၊ ဥတိုကျောင်းစု အမက၊ ရေနက်ကွေ့အမက (၅)ကျောင်း စုစုပေါင်း ကိုးကျောင်း ယာယီပိတ်ထားရကြောင်း ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

# ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ် ကျေးရွာများတွင် လေဆင်နှာမောင်းတိုက်မှုကြောင့် နေအိမ်များပျက်စီး

**မြောက်ဦး ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်းရှိ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ် ကျေးရွာများတွင် ဇူလိုင် ၂၄ ရက်က ရုတ်တရက် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ကျောက်တော်မြို့နယ် နဂူမေအုပ်စု နဂူမေကုန်တန်းကျေးရွာတွင် လုံးဝပြိုကျပျက်စီးသွားသော လူနေအိမ် ၁၈ လုံးနှင့် အမိုးလန်သွားသော လူနေအိမ် ၁၈ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။ မြောက်ဦးမြို့နယ် ပုဇွန်ဖေကျေးရွာတွင် ရုတ်တရက် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် စာသင်ကျောင်း တစ်ဆောင်၊ ဆန်စက် တစ်လုံး၊ စပါးကျီ နှစ်လုံးနှင့် လူနေအိမ် လုံးဝပြိုကျပျက်စီး ခုနစ်လုံး၊ အမိုးလန်လူနေအိမ် ၂၈ လုံး ပျက်စီးဆုံးရှုံးကာ စက်သားကျေးရွာအုပ်စု စက်သားကျေးရွာတွင်လည်း လူနေအိမ်အမိုးလန် ၁၆ လုံး၊ စပါးကျီ လေးလုံး ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မင်းပြားမြို့နယ် လဟာကျယ်ကျေးရွာတွင် လုံးဝပြိုကျပျက်စီးသွားသော လူနေအိမ် ၁၈ လုံး၊ အမိုးလန်သွားသော လူနေအိမ် ၁၃ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပစ္စည်းများရွှေ့ပြောင်းပေးခြင်းဆောင်ရွက်သဖြင့် လုံးဝပြိုကျပျက်စီးသည့် လူနေအိမ်မိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများနေအိမ်၌ ယာယီနေရာချထားပေးလျက်ရှိပြီး စားနပ်ရိက္ခာများအား သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တာချီလိတ်မြို့ မြေနိမ့်ပိုင်းများ၌ မယ်ဆိုင်ချောင်းရေဝင်ရောက်

**တာချီလိတ် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ယခင်ရက်များက မြို့ပေါ်နှင့် တောင်ပေါ်ဒေသများတွင် မိုးအဆက်မပြတ် ရွာသွန်း၍ တောင်ကျရေများ စီးဆင်းလာမှုကြောင့် မြန်မာ-ထိုင်းနယ်စပ်ရှိ မယ်ဆိုင်ချောင်းရေသည် ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီအထိ ချောင်းရေများ တဖြည်းဖြည်းမြင့်တက်လျက်ရှိသည်။

ယင်း မယ်ဆိုင်ချောင်းရေများသည် မြေနိမ့်ပိုင်းများဖြစ်သော ချစ်ကြည်ရေးတံတားအမှတ်(၁)အနီးရှိ ခရိုင်လဝက ရုံးဝင်း၊ ရွှေနန်းတော် ကုန်တိုက်နှင့် တာလော့ဈေးအတွင်း ရေများဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ချောင်းရေမြင့်တက်လာမှု လျော့နည်းစေရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဦးမြင့်ဦး(မုတ်ဆိတ်)တို့ ဦးဆောင်ကြီးကြပ်ပြီး ရန်အောင်မြေရပ်ကွက်ရှိ ငှက်ပျောဆိပ်တွင် ထိုင်းလယ်သမားများ ပြုလုပ်ထားသည့် ကျန်ရှိနေသော ရေတားများအား မြင့်ဦးအောင် သတ္တုတူးဖော်ရေးကုမ္ပဏီ၏ အကူအညီဖြင့် ရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့၌ မြစ်ရေအခြေအနေသတိပေးချက်ကြေညာ

**ငါးသိုင်းချောင်း ဇူလိုင် ၂၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေသည် ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ၃၀ ဒသမ ၂၀ ပေ စိုးရိမ်ရေမှတ်အထက် သုံးပေခန့်ကျော်လွန်ရောက်ရှိလျက်ရှိပြီး မြစ်ရေပေဝက်ခန့် ဆက်လက်တက်လာနိုင်ကြောင်း မိုး/ဇလဌာနမှ ခန့်မှန်းချက်ထုတ်ပြန်ထားရာ ယင်းနေ့နံနက်ပိုင်းတွင် ငါးသိုင်းချောင်းမြို့ငဝန်မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရှိ ငဝန်ရပ်ကွက်အတွင်း မြစ်ရေအခြေအနေသတိပေးချက်များ ရပ်ကွက်အတွင်းလှည့်လည်ကြေညာခဲ့ကြကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် စာသင်ကျောင်း သုံးကျောင်း ပိတ်ထားရပြီး မြို့မဈေးကြီးတွင် ပုံမှန်အတိုင်းရောင်းဝယ်လျက်ရှိ

**ကျောင်းကုန်း ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးသွားသဖြင့် ဒါးကမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၇ ပေအထက် ၃ ဒသမ ၆ လက်မသာ တိုးကြောင်း သိရသည်။ ပြီးခဲ့သည့် ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တစ်နေ့လျှင် တစ်ပေခန့် မြင့်တက်ခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် ခြောက်လက်မသာ တိုးခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် ၃ ဒသမ ၆ လက်မသာ တိုးလာခဲ့ကြောင်း သိရသည်။

ယနေ့အချိန်အထိ အမက ဒေါင့်ကွေး ကျောင်းထပ်မံပိတ်လိုက်ရသဖြင့် စုစုပေါင်း စာသင်ကျောင်း သုံးကျောင်း ပိတ်ထားရပြီဖြစ်ကြောင်း သိရသည်။ကျောင်းကုန်းမြို့မဈေးကြီး၏ သားငါးတန်းမှာ ရေနစ်မြုပ်ပြီဖြစ်ရာ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီး မြို့မဈေးကြီးအတွင်း ပုံမှန်ရောင်းဝယ်နေသေးကြောင်းနှင့် ဈေးအနီး ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျောက်တံခါး၌ စပါးစိုက်ခင်း ဧကတစ်သောင်းကျော်ရေလွှမ်းခံရ

**ကျောက်တံခါး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး၌ နေရာအနှံ့ရေကြီးမှုများဖြစ်ပေါ်လျက်ရှိရာ ကျောက်တံခါးမြို့နယ်တွင် လယ်မြေများရေလွှမ်းမိုးခြင်း၊ ရပ်ကွက်ကျေးရွာအချို့နှင့် စာသင်ကျောင်းများအတွင်းသို့ ရေများဝင်ရောက်ခြင်းကြောင့် စာသင်ကျောင်း ခုနစ်ကျောင်း ခေတ္တယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ်တွင် ကျေးရွာအုပ်စု ၂၁ အုပ်စု တောင်သူပေါင်း ၂၁၄၇ ဦးပိုင်ဆိုင်သော ကွင်းပေါင်း ၈၉ ကွင်းတွင် ရေများဝင်ရောက်ခြင်းကြောင့် စပါးစိုက်ခင်း ၁၀၂၈၃ ဧက ရေလွှမ်းမိုးခြင်းခံနေရကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၏ ဇူလိုင် ၂၅ ရက်အထိ စာရင်းများအရ သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မူးယစ်ဆေးဝါးနှိမ်နင်းမှုများကို ဒူတာတေး ဆက်လက်လုပ်ဆောင်မည်




**မနီလာ ဇူလိုင် ၂၅**

ဖိလစ်ပိုင်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံ စီးပွားရေး တည်ဆောက်မှုကိုလည်း တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ဖိလစ်ပိုင်လွှတ်တော်၌ နှစ်စဉ်ပြည်တွင်းရေး အစီရင်ခံစာတင်ပြရာတွင် သမ္မတ ဒူတာတေးက ပြောခဲ့သည်။

မူးယစ်ဆေးဝါးသည် လူ့ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေပြီး ဒုစရိုက်မှုအမျိုးမျိုးနှင့် အိမ်ထောင်စုများကို ဒုက္ခရောက်စေသည့် အဓိက တရားခံဖြစ်သကဲ့သို့ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများကိုလည်း ပျက်စီးစေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အနှောင့်အယှက်ဖြစ်သောကြောင့် မူးယစ်ဆေးဝါးနှိမ်နင်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒူတာတေးက ဆက်လက်ပြောကြားခဲ့သည်။

ဒူတာတေးလက်ထက်တွင် ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးနှိမ်နင်းမှုအကြိမ်ပေါင်း ၆၂၀၀၀ ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သူ ၃၁၅၁ ဦးကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ ထို့အပြင် မူးယစ်ဆေးဝါးနှင့်ပတ်သက်ဆက်နွယ်သူပေါင်း ၈၄၀၀၀ ကို ဖမ်းဆီးနိုင်ခဲ့သလို ၁ ဒသမ ၃သန်းက လာရောက်အဖမ်းခံခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)



# ပါကစ္စတန်အလယ်ပိုင်း လာဟိုးတွင် ၁၃နှစ်အရွယ် ကလေးတစ်ဦးက အသေခံဗုံးခွဲခဲ့ရာ ၂၆ ဦးထက်မနည်း သေဆုံး

**အစ္စလမ္မာဘတ် ဇူလိုင် ၂၅**

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း လာဟိုးမြို့တွင် မကြာသေးမီက အသေခံဗုံးခွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၂၆ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၄၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

အသေခံဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦးအပါအဝင် လူ ၂၆ဦးသေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကိုလည်း မြို့တွင်း ဆေးရုံသုံးခုတွင် ဆေးကုသမှုပေးထားကြောင်း ပန်ဂျပ်ပြည်နယ်ကျန်းမာရေးဝန်ကြီး ခါဝါဂျာဆော်လ်မန်ရာဖစ်က ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများအနက် ၁၅ ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း၊ ထို့ကြောင့် သေဆုံးသူဦးရေမြင့်တက်လာနိုင်ကြောင်း ဆေးရုံသတင်းရင်းမြစ်များအရ သိရသည်။

လာဟိုးမြို့နည်းပညာပန်းခြံအနီး ဒေသခံကျူးကျော်အဆောက်အအုံများရှင်းလင်းဖယ်ရှားရေးအဖွဲ့ကို စောင့်ကြပ်ပေးနေသော ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ ယမန်နေ့ ညနေပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် အနီးအနားရှိ အဆောက်အအုံများ၊ မော်တော်ယာဉ်များ ပျက်စီးခဲ့ကြောင်း သိရသည်။ လာဟိုးမြို့ဆေးရုံများသည် အရေးပေါ်လူနာများပြားသောကြောင့် အရေးပေါ်အခြေအနေတစ်ရပ်ကြေညာထားကြောင်း သိရသည်။ အသေခံဗုံးခွဲသမား၏ ဦးခေါင်းကို တွေ့ရှိခဲ့ကြောင်း၊ ဖောက်ခွဲရေးပစ္စည်းပမာဏမှာ ၁၀ ကီလိုဂရမ်မှ ၁၂ကီလိုဂရမ်အထိ အသုံးပြုခဲ့ကြောင်း ဗုံးရှင်းလင်းရေးအဖွဲ့များက ပြောခဲ့သည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုကို ပါကစ္စတန်တာလီဘန်အုပ်စု၏ လက်အောက်ခံ အစွယ်အပွားအုပ်စုတစ်စုဖြစ်သော တာရစ်အီတာလီဘန်ပါကစ္စတန်အာမက်ရှာဟ်မာဆွတ်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့ပြီး အသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# အင်စတာဂရမ်တွင် ကိုယ်တိုင်ယာဉ်တိုက်မှုကို လိုက်ဖ်လွှင့်ခဲ့သော ကယ်လီဖိုးနီးယား ဆယ်ကျော်သက်တစ်ဦးကို ဖမ်းဆီးထား

**ကယ်လီဖိုးနီးယား ဇူလိုင် ၂၅**

ကယ်လီဖိုးနီးယားတွင် နေထိုင်သော အသက် ၁၈ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးသည် ၎င်းကိုယ်တိုင် ကားမောင်းနေရင်း ဖြစ်ပွားသော ယာဉ်မတော်တဆမှုကို လူမှုမီဒီယာတွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သောကြောင့် အဖမ်းခံခဲ့ရကြောင်း သိရသည်။

ယာဉ်မောင်းသူ အသက် ၁၈ နှစ်အရွယ် အော့ဒူလီယာဆန်ချက်ဇ်သည် ဇူလိုင် ၂၁ ရက်က လော့စ်ဘာနိုတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

အဆိုပါနေရာသည် လော့စ်အိန်ဂျလိစ်မြောက်ဘက် ၄၆၅ ကီလိုမီတာအကွာတွင်ရှိကြောင်း အမြန်လမ်းလုံခြုံရေးအဖွဲ့က ပြောသည်။ ၎င်းနှင့်အတူ လိုက်ပါစီးနင်းလာသော ခရီးသည်နှစ်ဦးလုံးမှာ အသက် ၁၄ နှစ်အရွယ် မိန်းကလေးငယ်များဖြစ်ကြောင်း သိရသည်။ ယင်းမတော်တဆမှုတွင် ခရီးသည်နှစ်ဦးအနက် အကြီးဖြစ်သူ သေဆုံးခဲ့ကြောင်း ယာဉ်မောင်းဖြစ်သူ ဆန်ချက်ဇ်က ပြောခဲ့ပြီး အခြား မိန်းကလေးငယ် တစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

ဆန်ချက်ဇ်သည် အဆိုပါ ယာဉ်မတော်တဆမှုကို အင်စတာဂရမ်တွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။ ယာဉ်မတော်တဆမှုမဖြစ်ခင် ၎င်းနှင့် ခရီးသွားဖော် မိန်းကလေးနှစ်ဦးမှာ ထိုင်ခုံခါးပတ်မပတ်ဘဲ သီချင်းဟစ်ကြွေး ကခုန်ပျော်ပါးနေသည်ကိုလည်း တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆဖြစ်ပြီးနောက် ၎င်းက ယာဉ်မတော်တဆမှုတွင် အစ်မဖြစ်သူ မိန်းကလေးသေဆုံးအောင် လုပ်ခဲ့ကြောင်းနှင့် တစ်သက်တစ်ကျွန်း ထောင်ကျမည်ကိုလည်း မစိုးရိမ်ကြောင်း ပြောခဲ့ပြီး တိုက်ရိုက်ထုတ်လွှင့်မှု (လိုက်ဖ်) ကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆန်ချက်ဇ်ကို အရက်သေစာသောက်စားပြီး ယာဉ်မောင်းမှုဖြင့် သာမက အသက်အန္တရာယ်ဆုံးရှုံးစေသည့် ထိခိုက်ဒဏ်ရာရရှိမှုတို့ဖြင့် စွဲချက်တင်ထားကြောင်း သိရသည်။ ထို့အပြင် ပြစ်ဒဏ်ဆိုင်ရာ အမေရိကန်ဒေါ်လာ သုံးသိန်းပေးဆောင်ရမည့် ခံဝန်ချက်လက်မှတ်လည်း ရေးထိုးခိုင်းခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကို ပေကျင်း၌ အခြေစိုက်သွားနိုင်ဖွယ်ရှိကြောင်း အိုင်အမ်အက်ဖ်အကြီးအကဲပြောကြား

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးအင်အားကြီးထွားလာမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဆိုလျှင် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ကြီးကို ပေကျင်း၌ အခြေစိုက်တည်ထောင်သွားမည့်အနေအထားမျိုးရှိနိုင်သည်ဟု အဖွဲ့၏အကြီးအကဲက ပြောကြားခဲ့ကြောင်းသိရသည်။

အိုင်အမ်အက်ဖ်၏ စီမံညွှန်ကြားရေးမှူး ခရစ်စတင်းလာဂါဒီက တနင်္လာနေ့တွင် အိုင်အမ်အက်ဖ်ရုံးချုပ် အခြေစိုက်ထားသည့် ဝါရှင်တန်ဒီစီ၌ ပြုလုပ်သည့် တွေ့ဆုံမှုအတွင်း ထိုသို့ကြေညာခဲ့ခြင်းဖြစ်သည်။

လာဂါဒီက ၎င်းအနေဖြင့် အိုင်အမ်အက်ဖ်ရုံးချုပ်ကို ဝါရှင်တန်ဒီစီမှ ပေကျင်းသို့ ၁၀ နှစ်အတွင်း ပြန်လည်နေရာချထားမှု ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။ ယခုကဲ့သို့ အဖွဲ့ကြီးအားနေရာချထားရန် ဆောင်ရွက်မှုသည် အချိန်အခါနှင့်လျော်ညီမှုမရှိကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

သို့သော်လာဂါဒီ၏ မှတ်ချက်ချပြောဆိုမှုတွင် တရုတ်နိုင်ငံသည် နိုင်ငံတကာငွေကြေးအစီအစဉ်၌ ၎င်း၏တည်ရှိမှုမှာ ကြီးထွားလာနေသည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# အီရတ်နိုင်ငံသားများအား အမေရိကန်မှ ပြည်နှင်ဒဏ်ပေးခြင်းကိုရပ်နားကြောင်း အမိန့်ထုတ်ပြန်

**ဒက်ထရွိုက် ဇူလိုင် ၂၅**

အမေရိကန်ပြည်ထောင်စု မီချီဂန်ရှိ ဖက်ဒရယ်တရားသူကြီးတစ်ဦးသည် တနင်္လာနေ့တွင် အီရတ်နိုင်ငံသား ၁၄၀၀ ကျော်အား အမေရိကန်ပြည်ထောင်စုမှ ပြည်နှင်ဒဏ်ပေးခြင်းကို ရပ်နားထားလိုက်ကြောင်း သိရသည်။

အမေရိကန် ခရိုင်တရားသူကြီး မာ့က်ဂိုးလ်စမစ်က အမေရိကန်ပြည်သူ့အခွင့်အရေးအဖွဲ့မှ ရှေ့နေများ၏ တောင်းဆိုချက်အရ ကနဦး အမိန့်ထုတ်ပြန်မှုတစ်ရပ်ကို သဘောတူခွင့်ပြုလိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်သူ့အခွင့်အရေးအဖွဲ့မှ ရှေ့နေများက တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများသည် အီရတ်၌ လူမျိုးစုတစ်စု သို့မဟုတ် ဘာသာရေးဆိုင်ရာ လူနည်းစုအဖြစ် ထည့်သွင်းသတ်မှတ်ထားခြင်းခံရသည်ဖြစ်ရာ ၎င်းတို့အနေဖြင့် အီရတ်သို့ ရောက်ရှိလျှင် ကျိန်းသေနှိပ်စက်ညှဉ်းပန်းခံရလိမ့်မည် ဖြစ်ကြောင်း အလေးအနက်ပြောဆိုခဲ့ကြသည်။

ပြည်နှင်ဒဏ်ပေးခြင်းကိုရပ်ဆိုင်းလိုက်သည့် တရားဝင်အမိန့်ထုတ်ပြန်မှုသည် ထိန်းသိမ်းခံထားရသူများအနေဖြင့် ၎င်းတို့အား ဖယ်ရှားမှုကို ဖက်ဒရယ်တရားရုံး၌ စိန်ခေါ်နိုင်မည့် အချိန်အတိုင်းအတာတစ်ခုကို ပေးလိုက်ရာရောက်ကြောင်း ဂိုးလ်စမစ်က ဆိုသည်။

ပြည်နှင်ဒဏ်ပေးခြင်းကို ရပ်နားလိုက်သည့် ဆုံးဖြတ်ချက်သည် လအနည်းငယ်ကြာသည်အထိ မည်သည့်အီရတ်နိုင်ငံသားကိုမျှ အမေရိကန်ပြည်ထောင်စုမှ နှင်ထုတ်ခွင့်မရှိဟုဆိုလိုသည့်အဓိပ္ပါယ်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)




ဇွန်လအတွင်းက မီချီဂန်၌ ပြည်နှင်ဒဏ်ပေးခံရမှုနှင့် ရင်ဆိုင်နေရသည့် အီရတ်နိုင်ငံသားများကိုယ်စား ဆန္ဒထုတ်ဖော်နေသူများကို တွေ့ရစဉ်

# စက်မှုဝန်ကြီးဌာန မြေအမည်ပေါက်ကိစ္စနှင့်ပတ်သက်၍ ရောင်းချသူ မြေရှင်နှင့် ဝယ်ယူသူတို့ကို အဂတိလိုက်စားပြီး နှောင့်ယှက်ဟန့်တားခြိမ်းခြောက်မှုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

နေပြည်တော် ဇူလိုင် ၂၅

**ဦးပြုံးချို ကရင်ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ယခင် ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယရဲမှူးကြီး ကျော်ဇေယျာ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ရဲသွေး၊ ဦးစီးအရာရှိ ဦးမျိုးခိုင်၊ မြေပိုင်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးကျော်နိုင်စိုးနှင့် ဦးနေမျိုးထွန်းတို့ကို အဂတိလိုက်စားပြီး နှောင့်ယှက်ဟန့်တားခြိမ်းခြောက်မှုဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူထားကြောင်း သိရသည်။**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နှင့် ရန်ကင်းမြို့နယ်နေ နစ်နာသူတို့က နိုင်ငံတော်မှ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည့် စက်မှုဝန်ကြီးဌာနမြေအမည်ပေါက်ကိစ္စနှင့်ပတ်သက်၍ ရောင်းချသူမြေရှင်နှင့် ဝယ်ယူသူတို့ကို အဂတိလိုက်စားပြီး နှောင့်ယှက်ဟန့်တားခြိမ်းခြောက်မှုအပေါ် အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းကိစ္စအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပြည်ထဲရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့ပြီး လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဦးပြုံးချို ကရင်ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ရာထူးတာဝန်ကို အကြောင်းပြုကာ ကိုယ်ကျိုးစီးပွားအတွက် အဂတိလိုက်စားမှုကျူးလွန်ခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ဒုတိယရဲမှူးကြီး ကျော်ဇေယျာ (ယခင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၊ ဦးစီးအရာရှိ ဦးမျိုးခိုင် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ယခင်ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၊ မြေပိုင်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးကျော်နိုင်စိုးနှင့် ဦးနေမျိုးထွန်းတို့သည် လုပ်ပိုင်ခွင့်အာဏာရှိသူ ဦးပြုံးချိုက ရာထူးတာဝန်အား အလွဲသုံးစားပြုခြင်းဖြစ်သည်ကို သိလျက်နှင့် လိုက်ပါကူညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့ အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း တရားစွဲအရေးယူထားကြောင်း သိရသည်။

ယင်းကိစ္စတွင် အလားတူ သိလျက်နှင့် လိုက်ပါကူညီပူးပေါင်းဆောင်ရွက်ခဲ့သူ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ရဲသွေး၊ မော်လိုက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ယခင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)သည် ထွက်ပြေး တိမ်းရှောင်လျက်ရှိသဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃/ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ဇူလိုင် ၂၅ ရက်က တရားစွဲဆို အရေးယူဆောင်ရွက်ထားကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## သီပေါမြို့ကျက်သရေဆောင် မဟာသာသနာ့ဗိမာန်တော်ကြီး မုခ်ဦးဆောက်လုပ်ရန် အလှူငွေလှူဒါန်း

**သီပေါ ဇူလိုင် ၂၅**

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်က ရှေးစော်ဘွားများ တည်ထားကိုးကွယ်ခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ကျက်သရေဆောင် မြို့လယ်ဓမ္မာရုံကြီးမှာ ကြံ့ခိုင်မှုအားနည်းယိုယွင်းနေသဖြင့် ဓမ္မာရုံဂေါပကအဖွဲ့နှင့် မြို့မိမြို့ဖများက မြို့နယ်သံဃနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ မိုးကုတ်ဝိပဿနာရိပ်သာကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုနန္ဒဦးဆောင်မှုဖြင့် တည်ဆောက်ခဲ့ရာ ပြီးစီးလုဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝေဟင်ဓာတုစေတီနှင့် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးသော်လည်း ပန်းသင့်လိုက်ဖက်ညီစွာ မြန်မာမှုလက်ရာများနှင့် အဝင်အထွက်မုခ်ဦးများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက်က မူဆယ်မြို့နေ ဒေါ်ပြုံးကြည်၊ သမီးမသက်သက်ခိုင် မိသားစုတို့က အလှူငွေကျပ် ၁၅ သိန်းကို မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းသည်။ သာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေး အလှူငွေများ လှူဒါန်းလိုပါက နာယက ဦးအောင်ခင် ဖုန်း ၀၉-၅၂၇၈၁၀၉ နှင့် ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဖုန်း-၀၈၂-၈၀၆၄၈ ထံသို့ လှူဒါန်းနိုင်ကြောင်း သိရသည်။




**စိုင်း(သီပေါ)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် **ပြည်သူ့အလုပ်သမားပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ် )**

## တိုင်းဒေသကြီး /ပြည်နယ်များရှိ တက္ကသိုလ်၊ ကောလိပ်များမှ ထူးချွန်ကျောင်းသူများအား ပညာရေးစရိတ်ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ပြီး ကျောင်းဆက်တက်ရန် အခက်အခဲရှိသော ကျောင်းသူများကို နှစ်စဉ်စနစ်တကျ ရွေးချယ်ပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ပထမစာသင်နှစ်မှ နောက်ဆုံးစာသင်နှစ်အထိ ပညာသင်ကြားရေးစရိတ်အား ထောက်ပံ့ပေးလျက် ရှိသည်။

ထို့နည်းတူ ဇူလိုင် ၂၄ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များသည် မော်လမြိုင်မြို့သို့ သွားရောက်ကာ ပညာရေးကောလိပ်ရှိ ကျောင်းသူတစ်ဦးအား (၂၀၁၆-၂၀၁၇) ပညာသင်ကြားရေးစရိတ် ထောက်ပံ့ပေးခဲ့သည်။



ယခင်ရက်များကလည်း ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ နည်းပညာတက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်(ရန်ကုန်တက္ကသိုလ်)၊ အမျိုးသားစီမံခန့်ခွဲမှု ကောလိပ်ကျောင်းများ၊ မကွေးဆေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၊ ရတနာပုံဆိုက်ဘာစီးတီး၊ သူနာပြုတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်များမှ ကျောင်းသူများကိုလည်း ပညာသင်ကြားရေးစရိတ် ထောက်ပံ့ပေးခဲ့ကြောင်း၊ ဆက်လက်ပြီး ပညာသင်ကြားရေးစရိတ် ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသေးသည့် တောင်ကြီးမြို့၊ ကလေးမြို့၊ မြစ်ကြီးနားမြို့တို့ရှိ ကျောင်းသူများကိုလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များကိုယ်တိုင် သွားရောက် ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅) ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ်(၁၁၄၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အလုပ်သမားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၇-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အလုပ်သမားပါတီ၏ အလံပုံစံ**




**ပြည်သူ့အလုပ်သမားပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




## ၁၀၀၀ တန်နှင့် ၂၅၀၀ တန် စာပို့တံဆိပ်ခေါင်းနှစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် ဇူလိုင် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၀၀၀ိ/-တန် အစဉ်သုံး စာပို့တံဆိပ်ခေါင်း (ပတ္တလား) ပုံ နှင့် ၂၅၀၀ိ/- တန် အစဉ်သုံး စာပို့တံဆိပ်ခေါင်း (မြန်မာစောင်း)ပုံ နှစ်မျိုးတို့အား ၂၀၁၇ ခုနှစ် ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇူလိုင် ၂၇ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီး ဖူဆယ်အသင်း နောက်ဆုံးခြေစမ်းပွဲတွင်ရှုံးနိမ့်

**ဗန်ကောက် ဇူလိုင် ၂၅** ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက အီရန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှထိပ်သီး အီရန်အမျိုးသမီးအသင်းနှင့် ကစားခွင့်ရခဲ့သောကြောင့် အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းခရီးစဉ်တွင် ခြေစမ်းပွဲငါးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ကန်ဆမ်ဘစ်တက္ကသိုလ်အသင်းအား ခြေစမ်းပွဲဒုတိယပွဲတွင် ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကန်ဆမ်ဘစ်တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲပထမပွဲတွင် တစ်ဂိုးစီသရေ၊ ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲဒုတိယပွဲတွင် နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် အီရန်အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ပထမပွဲတွင် လေးဂိုး-နှစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# ရခိုင်ပြည်နယ်အတွင်း ရေလမ်းကြောင်းခရီးဖြင့် ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူများအတွက် အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်းမည်

**စစ်တွေ ဇူလိုင် ၂၅**

ရခိုင်ပြည်နယ်အတွင်း ရေလမ်းကြောင်းခရီးဖြင့် ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူများအတွက် ဘေးကင်းလုံခြုံမှုရှိစေရန် အသက်ကယ်အင်္ကျီများ ပေးအပ်သွားမည်ဖြစ်ကြောင်း စစ်တွေလေဆိပ်မှ ၅၀၀ တန် ပရဟိတအဖွဲ့ ခေါင်းဆောင် ဒုတိယရဲမှူး ဝင်းဇော်က ပြောသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ လေဘေး၊ ရေဘေးတွေက မကြာခဏကြုံတွေ့နေရတာဆိုတော့ အရေးပေါ်ကိစ္စတွေအတွက် ကူညီနိုင်ဖို့ရည်ရွယ်ပြီး ကျွန်တော်တို့ လေဆိပ်မှာ လေဆိပ်ရဲတပ်ဖွဲ့ရယ်၊ လေကြောင်းဝန်ထမ်းတွေရယ်၊ လေဆိပ်အငှားယာဉ်မောင်းတွေရယ် ပူးပေါင်းပြီး ၅၀၀ တန် ပရဟိတအဖွဲ့ကို ဖွဲ့ထားပါတယ်။ တစ်လ ငွေကျပ် ၅၀၀ စီထည့်ဝင်ကြပါတယ်။ ဒီရတဲ့ငွေနဲ့ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။ ဒီတစ်ခေါက်မှာတော့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ရေလမ်းကြောင်းခရီးနဲ့ သွားလာနေရတဲ့ ကျောင်းသား ကျောင်းသူတွေကို အသက်ကယ်အင်္ကျီတွေ ပေးအပ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အဖွဲ့အနေဖြင့် ယခုလကုန်ပိုင်းတွင် စစ်တွေ၊ ကျောက်တော်နှင့် မင်းပြားမြို့နယ်များရှိ ကျေးရွာများမှ ရေလမ်းကြောင်းခရီးဖြင့် ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူများသို့ အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ယခုအခါ ယင်းပရဟိတအဖွဲ့နှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် အသက်ကယ်အင်္ကျီ အထည် ၂၀၀ ကျော် ရရှိထားပြီဖြစ်ကြောင်း၊ အလှူရှင်များ၏ လှူဒါန်းမှုထပ်မံရရှိပါက အထည် ၅၀၀ အထိ ပေးအပ်လှူဒါန်းနိုင်ရန် ရည်မှန်းထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



ရခိုင်ပြည်နယ်အတွင်း ရေလမ်းကြောင်းခရီးဖြင့် ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူများ မကြာခဏလှေမှောက်မှု ဖြစ်စဉ်များ ကြားသိနေရသည့်အတွက် အသက်အန္တရာယ် ဘေးကင်းလုံခြုံမှုဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်းလည်း ဒုတိယရဲမှူး ဝင်းဇော်က ပြောသည်။

ရခိုင်ပြည်နယ်သည် ပင်လယ်ပြင်နှင့် ဆက်စပ်နေသော ပြည်နယ်တစ်ခုဖြစ်ခြင်းကြောင့် မြစ်ချောင်းများပေါများပြီး မြို့နယ်အချို့မှာ ရေလမ်းကြောင်းခရီးကိုသာ အားထားနေကြရသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

## မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲ

ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထို့ကြောင့် ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူ၍ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

**ရန်ကုန်မြို့**

ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom

**မန္တလေးမြို့**

အခန်းနံပါတ်(D-206)၊ ရွှေဖြူပလာဇာ၊ ဒုတိယထပ်၊ ၃၃လမ်းနှင့်ဇေတိကလမ်းထောင့်၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်

# မိုးကောင်းမြို့၌ မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွား

**မိုးကောင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့အဝင် ရွှေဘို-မြစ်ကြီးနားကားလမ်းမဘေး၌ ဇူလိုင် ၂၅ ရက် နံနက် ၈နာရီ ၄၅ မိနစ်က အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့သော မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့မှ လုံခြုံရေးဆောင်ရွက်ပြီး နောက်တန်းသို့ပြန်ဝင်လာသည့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲမှူး နေမျိုးသူ ဦးစီးသောယာဉ်တန်းနှင့် ရဲမှူး ဇော်မျိုးဝင်း ဦးစီးသောယာဉ်တန်းသည် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၃၉၇/၅) အရောက်တွင် လမ်း၏ယာဘက်ဘေး အော်ရေးရှားသစ်ပင်ပေါ်ရှိ အမြင့် ၁၅ ပေ ခန့်မှ မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း ကတ္တရာလမ်းမပေါ်တွင် အနက်တစ်လက်မ၊ အကျယ် နှစ်လက်မခန့်ရှိ အပေါက်ငယ်များ ရှစ်နေရာခန့် ဖြစ်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



## သာစည်မြို့နယ်၌ သေနတ် ၂၂ လက် ဖမ်းဆီးရရှိခဲ့မှုဖြစ်စဉ်မှ ဆက်စပ်ကျူးလွန်သူများကို ထပ်မံဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်၌ မန္တလေးသို့ ပို့ဆောင်မည့် မောင်းပြန်သေနတ်များ ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်မှ ဆက်စပ်ကျူးလွန်သူ နှစ်ဦးအား ဇူလိုင် ၂၃ ရက် ညနေက မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်၌ မောင်းပြန် သေနတ် ၂၂ လက် ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်မှ ကျူးလွန်သူ နေစိုးထွေးမင်း (ခ) ကိုစိုင်းအား စစ်ဆေးချက်အရ ဆက်စပ်ကျူးလွန်သူများဖြစ်သည့် အောင်စိုးမင်း (ခ) ကိုစိုးနှင့် သန်းလှိုင်တို့ နှစ်ဦးအား ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခွဲခန့်က မြဝတီမြို့(၄)ရပ်ကွက်ရှိ Grade One ဟိုတယ်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ စီးလာသည့် Vigo ယာဉ်ပေါ်မှ TNT ယမ်းတုံး ၇၀ နှင့် ဒီတိုနေတာ ၁၂ ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ ညနေပိုင်းတွင် တရားခံပြေးတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇင်ပိုင်ညာကျေးရွာအနီး၌ ရှင်းလင်းဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က တရားခံပြေး ဆွေဒူလာမိန်အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့ရာ ၎င်းသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက ဖူကာလီကျေးရွာနေ မာမွတ်ဖာ အပါအဝင် နှစ်ဦးအား ဖမ်းဆီးပြီး ဒဏ်ရာများရရှိအောင် ပြုလုပ်ခဲ့သည့် ဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း သိရသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့ အာရှအလင်းရောင်ကျောင်းတိုက်၌ အစာအဆိပ်သင့်မှုဖြစ်ပွား

**ပြင်ဦးလွင် ဇူလိုင် ၂၅**

ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု စည်ကားကျေးရွာ အာရှအလင်းရောင်ကျောင်းတိုက်၌ ဆရာတော်နှင့် ရှင်သာမဏေ ၉၇ ပါး၊ ဘုန်းတော်ကြီးကျောင်း စာသင်ကျောင်းသား ၂၀ ခန့် သီတင်းသုံးနေထိုင်လျက်ရှိနေပြီး ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီခန့်တွင် အလှူရှင်တစ်ဦးက ကျောင်းတိုက်ရှိ သံဃာတော် ၇၇ ပါးနှင့် ကျောင်းသား ၂၀ ကို ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သီးစုံချဉ်ရည်ဟင်း၊ ငရုတ်သီးကြော်၊ အချိုပွဲများတွင် ချောကလက်၊ ချိုချဉ်တို့ဖြင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ ညနေ ၄ နာရီခွဲခန့်မှစတင်၍ ရှင်သာမဏေနှင့် ကျောင်းသားတစ်ဦးစနှစ်ဦးစတို့မှာ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ ဗိုက်နာခြင်းစသည့် လက္ခဏာများဖြစ်ပွားခဲ့ပြီး တဖြည်းဖြည်း လူနာဦးရေ ပိုမိုများလာသဖြင့် ကျောင်းထိုင်ဆရာတော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသစေခဲ့ကြောင်း သိရသည်။

ထိုသို့ ဆေးကုသမှုခံယူရာတွင် ပြင်ပလူနာ ၃၈ ဦး၊ အတွင်းလူနာ ၃၂ ဦး စုစုပေါင်း ၇၀ (မစိုးရိမ်ရ)ဖြစ်ပြီး လာရောက်ဆေးကုသမှု ခံယူသောလူနာများကို ၂၄ နာရီပြည့်အောင် ဆေးကုသ စောင့်ကြည့်မှုခံယူစေကာ စိတ်ချရမှသာ ဆေးရုံမှဆင်းခွင့်ပြုမည်ဖြစ်ကြောင်း ပြင်ဦးလွင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းပပဝင်း၏ ပြောကြားချက်အရ သိရသည်။

ထို့အပြင် ပြင်ဦးလွင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များကလည်း ပြင်စာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျောင်းဝင်းအတွင်း၌ ဆေးခန်းဖွင့်လှစ်ကုသပေးခြင်း၊ လိုအပ်သော လူနာများအား ဆေးရုံသို့ ညွှန်းပို့ကုသစေခြင်း၊ ချက်ပြုတ်ရာနေရာများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ အစားအသောက်များအား နမူနာယူခြင်း၊ ချက်ပြုတ်ရာတွင် သုံးစွဲသည့် ရေ၊ သောက်ရေများအား နမူနာယူခြင်း၊ ချက်ပြုတ်သူ နှစ်ဦးအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# ရေစကြိုမြို့နယ် ရေယားရွာ၌ အစာအဆိပ်သင့်မှုဖြစ်ပွား

**ရေစကြို ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေယားရွာ၌ ဇူလိုင် ၂၃ ရက်က ခေါက်ဆွဲသုတ်များစားမိ၍ လူ ၂၀ ခန့် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ပေါ်သို့ ဈေးဝယ်သွားသည့် ကျေးရွာသူ ကျေးရွာသားများမှာ ဈေးမှအပြန် မိသားစုဝင်များ စားသုံးရန်အတွက် အသုတ်ဆိုင်တစ်ဆိုင်မှ ခေါက်ဆွဲသုတ်များ ဝယ်ယူလာပြီး စားမိသည့်လူများမှာ မူးဝေခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ကိုယ်လက်ထိုင်းမှိုင်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။

"မြင်းခြံမြို့ကို ဈေးဝယ်သွားကြတဲ့ သူတွေက ဈေးကအပြန် ကိုယ့်မိသားစုစားဖို့ အသုတ်ဆိုင်က ခေါက်ဆွဲသုတ် ဝယ်ယူခဲ့တာပါ။ အဲဒီဆိုင်တွေက အရင်လည်း စားနေကျဆိုင်တွေပါပဲ။ ဒါပေမယ့် အရင်ကမဖြစ်ဖူးဘဲ အခုမှ စားမိတဲ့သူတိုင်း မူးဝေအော့အန်တာတွေ၊ ဝမ်းပျက်ဝမ်းလျှောတာတွေဖြစ်ကြတော့ နောက်ဝယ်စားရမှာ ကြောက်လာကြတယ်။ ဇူလိုင် ၂၂ ညနဲ့ ၂၃ မနက်က ရွာမှာဆေးပေးခန်းကမရှိတော့ ရွာနဲ့အနီးဆုံးဖြစ်တဲ့ ဆင်တဲရွာ၊ နွယ်နီရွာက ဆေးမှူးတွေကို ညချင်း စက်လှေတွေနဲ့ သွားခေါ်ရတယ်။ အစာအဆိပ်သင့်သူတစ်ဦးကတော့ စက်လှေနဲ့ ညတွင်းချင်း မြို့ပေါ်အထိ သွားရောက်ကုသရတယ်။ ဇူလိုင် ၂၄ ရက်မှာတော့ ဆေးမှူးတွေရဲ့ ကုသပေးမှုကြောင့် သက်သာလာကြပါပြီ။ အခုအချိန်က စက်လှေအသေးလေးတွေ သွားလာလို့ရနေသေးတဲ့အတွက် အဆင်ပြေတာ။ ကျွန်တော်တို့ရွာက ရေလုံးဝကျသွားရင် နွားလှည်းတွေ၊ ဗွက်တွေနဲ့ လူနာကို ရှေ့တစ်ယောက် နောက်တစ်ယောက်ထမ်းပြီး အနီးဆုံးမြစ်ဆိပ်ကို သွားရတယ်။ ရေကြီးချိန်၊ ရေကျချိန်ရက်တွေမှာ ကျန်းမာရေးနဲ့ ပတ်သက်လာရင် တော်တော်လေး အခက်တွေ့ကြရပါတယ်။ ဒါကြောင့် ကျေးရွာဆေးပေးခန်းတစ်ခုလောက်ရှိရင် တော်တော်လေးအဆင်ပြေမှာပါ" ဟု ရေယားရွာမှ ဦးဇော်ဝင်းထွဋ်က ပြောသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉၈ စီး၊ သွင်းကုန် အစီး ၆၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၀၂၅ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၄ ရက်က မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသည့် MAN အမျိုးအစားယာဉ်အား (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toner Cartridge (1842) Nos ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၄၂၀ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။




**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Toner Cartridge**

**(သတင်းစဉ်)**

# ငွေကျပ်သိန်းပေါင်း ၂၆၀၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများနှင့် လက်နက်ခဲယမ်းများဖမ်းဆီးရမိ

**လွိုင်လင် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ်တို့၌ ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက ငွေကျပ်သိန်းပေါင်း ၂၆၀၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိသည်။ **(ယာပုံ)**

နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် မိုင်းပန်မြို့နယ်၊ တာဆန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် အိုက်ဆိုင်ကျော် မောင်းနှင်ပြီး မနန်းစံဟွမ်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်း အိုက်ဆိုင်ကျော်မှာ သံလွင်မြစ်အတွင်း ခုန်ဆင်းထွက်ပြေးသဖြင့် ရေစီးဝဲကတော့အတွင်း နစ်မြုပ်မျောပါသွားခဲ့ပြီး မနန်းစံဟွမ်းနှင့်အတူ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၂၉၈ တုံး၊ စုစုပေါင်း ဘိန်းဖြူ ၁၀၄ ဒသမ ၃ ကီလို၊ ငွေကျပ် ၁၅၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာနေ မနန်းစံဟွမ်း၏ နေအိမ်မှ ပွိုင့် ၂၂ သေနတ်တစ်လက် (မောင်းတုံးမပါ၊ ပစ်မရ)၊ ယင်းကျည် ၁၂ တောင့်၊ အဝေးကြည့် မှန်ပြောင်းတစ်လက်တို့ကိုလည်းကောင်း၊ မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ ရပ်ကွက် (၂) အေးမေတ္တာလမ်းနေ အိုက်ဆိုင်ကျော်၏ နေအိမ်မှ M-16 သေနတ်တစ်လက်၊ ကျည်အိမ် တစ်ခု၊ ယင်းကျည် ၁၃ တောင့်၊ ပွိုင့် ၂၂ သေနတ် အရှည် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ယင်းကျည် ၁၁ တောင့်၊ ဒေသလုပ် ကိုးလုံးကျည် တစ်တောင့်ထိုးသေနတ်တစ်လက်၊ ယင်းကျည် ၂၁ တောင့်နှင့် ထိုင်းဘတ်ငွေ ၁၀၀၀၊ ငွေကျပ် ၂၁၇၀၀ ကျပ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိသည်။ အမှုမှ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိပြီး ကွင်းဆက်ဖြင့် လက်နက်ခဲယမ်းများဖမ်းဆီးရမိသူ နန်းစံဟွမ်း (၂၂ နှစ်)၊ ရပ်ကွက်(၁) နားကောင်းမူကျေးရွာ မိုင်းတုံမြို့နယ်နေသူနှင့် အိုက်ဆိုင်ကျော် (၄၄ နှစ်)(မဖမ်းမိသေး)၊ ဈေးအရှေ့လမ်း ပုံပါကျင်မြို့ မိုင်းတုံမြို့နယ်နေသူတို့ကို မိုင်းပန်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**



# ဟင်းအိုးတည်ထားသည်ကို မေ့ကျန်ရာမှ ဘေးထရံသို့ မီးကူးစက်လောင်



**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက် မဟာသုခလမ်းနှင့် ကွက်သစ်လမ်းထိပ် ကျိုက်တော်မီးရထားရဲဝန်ထမ်းလိုင်းတွင် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

မီးလောင်မှုဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁၀ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် (၁၀×၄၀) ပေ ခြောက်ခန်းတွဲ သွပ်မိုး ထရံကာနှစ်လုံး မီးလောင်ခဲ့ပြီး မီးစတင်လောင်သည့် နေရာမှာ လိုင်း(ခ) အခန်း(၅)တွင် နေထိုင်သူ ရဲဝင်းနိုင် (၂၈ နှစ်)၏ မီးဖိုချောင်အတွင်း ဂက်စ်မီးဖိုအသေးဖြင့် ဟင်းအိုးတည်ထားခဲ့သည်ကို မေ့ကျန်ခဲ့ရာမှ ဘေးထရံသို့ မီးကူးစက်လောင်ခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း၊ မီးပေါ့ဆသူ ရဲဝင်းနိုင်အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**
**ဓာတ်ပုံ- မင်းထက်**

# သထုံမြို့နယ်၌ လူငယ်နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**သထုံ ဇူလိုင် ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာ အဝေးပြေးလမ်းမကြီးအရှေ့ဘက် အနန်းကုန်းဘုန်းကြီးကျောင်း မုခ်ဝတွင် လူငယ်နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများကို ဇူလိုင် ၂၅ ရက် နံနက်က စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

သထုံခရိုင် မူးယစ်နှိမ်နင်းဌာနမှ ရဲအုပ် အောင်သူနှင့်အဖွဲ့သည် လှည့်ကင်းဆောင်ရွက်စဉ် ဘုန်းကြီးကျောင်းမုခ်ဝတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ လူငယ်နှစ်ဦးအား တွေ့ရှိစစ်ဆေးရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၄ ပြား ဖမ်းဆီးရမိခဲ့ပြီး လက်ဝယ်တွေ့ရှိ၊ သုံးစွဲ၊ ဖြန့်ဖြူးရောင်းချသူ ဇေလင်းထွန်း (၂၁ နှစ်) အုတ်တွင်းမြို့နေသူနှင့် ဟိန်းကိုအောင်(၂၂ နှစ်)တို့အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိမ်ဆိပ်နယ်မြေရဲစခန်းမှ သိရသည်။

**နန္ဒကျော်စွာ**

## အကောင်ဂိမ်းလောင်းကစား ပြုလုပ်နေသူ ၁၈ ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီး

မုံရွာ ဇူလိုင် ၂၅ - မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ဗိုလ်တေဇလမ်းပေါ် စည်သူလမ်းထိပ်ရှိ အကောင်ဂိမ်းလောင်းကစားဆိုင်ကို မုံရွာနယ်မြေရဲစခန်းမှူး ရဲအုပ် ရဲအောင်နှင့်အဖွဲ့က ဇူလိုင် ၂၄ ရက် ည ၁၁ နာရီခွဲတွင် ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။ မုံရွာမြို့နယ်မြေ ရဲစခန်းအပိုင်တွင်ရှိသော စည်သူလမ်းထိပ်၌ တရားမဝင် အကောင်ဂိမ်းလောင်းကစားများ ပြုလုပ်နေကြောင်း သတင်းအရ မုံရွာနယ်မြေရဲစခန်းမှူး ရဲအုပ် ရဲအောင်နှင့် အဖွဲ့သည် လောင်းကစားပြုလုပ်နေသော နေအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ငါးပစ်ဂိမ်းစက် ငါးလုံးနှင့်အတူ လောင်းကစားပြုလုပ်နေသူ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး လေးဦး၊ ကားတစ်စီး၊ ဆိုင်ကယ် ၂၁ စီးနှင့် ငွေကျပ် ၈၇၆၇၀၀ ကိုသိမ်းဆည်းရမိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ |
|---|---|
| EDRB/၀၁/၂၀၁၇-၂၀၁၈ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့်သဃ်န်းကျွန်းမြို့နယ် ဆက်သွယ်သော ငမိုးရိပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ(Instructions to Tenderers)နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများကို ၂၇-၇-၂၀၁၇ရက်မှစ၍ ၈-၈-၂၀၁၇ရက်အထိ အမှတ်(၄၂၀/၄၃၀)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ မြို့တော်ခန်းမ(ဒုတိယထပ်)၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ဝယ်ယူနိုင်ပါသည်။

၄။ ဆောင်ရွက်မည့် ဒီဇိုင်းပုံစံအပါအဝင် တင်ဒါစာရွက်အပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၃၀-၈-၂၀၁၇ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသော အချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တယ်လီဖုန်းအမှတ်-၀၉-၅၁၀၃၂၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

**အမည်ပြောင်း**
ဦးအောင်မင်းသူ ၈/ရနခ(နိုင်)၀၇၃၁၄၉၏ သမီး မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် အထက(၂) ပဥ္စမတန်း(A)မှ မညီမ်းပြည့်ပြည့်သူအား မစန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မစန္ဒာထွန်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာနမှ အဆောက်အအုံများဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း

၁-၇-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်း/ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသော ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း၊ ရုံး၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ရေးအတွက် သန်း(၁၀၀)အထက်လုပ်ငန်းများအား ၃၁-၇-၂၀၁၇ရက်တွင်လည်းကောင်း၊ ၇-၇-၂၀၁၇ရက်စွဲဖြင့် မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပညာရေးမှူးရုံးများတွင် ကြော်ငြာထားသော သန်း(၁၀၀)အောက်လုပ်ငန်းများအား ၂၇-၇-၂၀၁၇ရက်တွင်လည်းကောင်း တင်ဒါဖွင့်လှစ်ကျင်းပသွားမည်ဟု ကြော်ငြာခဲ့သော်လည်း ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ ဖွင့်လှစ်မည့်ရက်၊ ဖွင့်လှစ်မည့်နေရာတို့အား အောက်ပါအတိုင်း ပြောင်းလဲကျင်းပပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် တင်ဒါလျှောက်လွှာဝယ်ယူထားသည့် လုပ်ငန်းရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် (သန်း ၁၀၀အထက်နှင့်သန်း ၁၀၀ အောက်လုပ်ငန်းများ)** - ၄-၈-၂၀၁၇ရက်(သောကြာနေ့) - ညနေ ၄း၃၀နာရီ

၂။ **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် (သန်း ၁၀၀အောက်လုပ်ငန်းများ)** - ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) - နံနက် ၁၀နာရီ

၃။ **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် (သန်း၁၀၀အထက်လုပ်ငန်းများ)** - ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) - နံနက် ၁၀နာရီ

၄။ **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ စုစည်းခန်းမ၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့

**ဒုတိယညွှန်ကြားရေးမှူးရုံး**
**အဆောက်အအုံဦးစီးဌာန**
**ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)**

**လမ်းဦးစီးဌာန**
**ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)**


**Office Staff မ(၁)ဦးအလိုရှိသည်။**
ကွန်ပျူတာ အခြေခံတတ်မြောက်သူ၊ ဆက်ဆံရေးပြေပြစ်သူ ဖြစ်ရမည်။
09 - 795360085, 09 - 454169134


## ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း(MPPA)တို့ ပူးပေါင်းသင်ကြားမည့် In-house Printing Training သင်တန်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)တို့သည် ၎င်းတို့၏ ဦးဆောင်မှုအောက်တွင်ရှိသော ပုံနှိပ်လုပ်ငန်းရှင်များအား ပုံနှိပ်အရည်အသွေးများကောင်းမွန်စေရန်၊ လေလွင့်ပျက်စီးကုန်ကြမ်းများလျော့နည်းစေရန်၊ သက်မွေး ပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွမ်းကျင်လုပ်သားများပြားလာစေရန် ရည်ရွယ်၍ In-house Printing Training သင်တန်းများကို ဝန်ကြီးဌာနမှ သင်တန်းဆရာများနှင့် ပြင်ပကျွမ်းကျင်ဆရာများ ပူးပေါင်းပို့ချသင်ကြားပေးသွားမည် ဖြစ်ပါသည်။

၂။ သင်တန်းတွင် ပုံနှိပ်ခြင်းဆိုင်ရာ နည်းပညာများ၊ ပုံနှိပ်စက်ချိန်ညှိနည်းများ(မင်၊ ရေ၊ ပုံနှိပ်ဖိအားနှင့် အောက်ခံပက်ကင်)၊ ပုံနှိပ်စက်အစိတ်အပိုင်းများ လုပ်ဆောင်မှုနှင့် စက်ကြွံခိုင်မှုထိန်းသိမ်းခြင်း၊ ပုံနှိပ်အရည်အသွေးထိန်းသိမ်းခြင်းတို့ပါဝင်မည် ဖြစ်ပါသည်။

၃။ MPPA အသင်းအနေဖြင့် In-house Printing Training သင်တန်းများကို အသင်း၏ ရန်ပုံငွေဖြင့် ပုံနှိပ်တိုက်ပေါင်း(၂၀၀)ကို သက်ဆိုင်ရာ ပုံနှိပ်တိုက်များတွင် အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည့်အတွက် စိတ်ပါဝင်စားသော ပုံနှိပ်လုပ်ငန်းရှင်များအနေဖြင့် အသင်းရုံးခန်းတွင် အဆိုပြုလျှောက်လွှာဖောင်များအား တင်ပြ၍ သင်တန်းပို့ချရန် အဆင်ပြေမည့်ရက်အား အသင်းနှင့် ညှိနှိုင်းသတ်မှတ်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော ပုံနှိပ်လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအသင်းရုံးခန်းလိပ်စာသို့ ဆက်သွယ်စုံစမ်း၍ အဆိုပြုလျှောက်လွှာများအား တင်သွင်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း**
**အမှတ် (၆၀၁)၊ ၆-လွှာ၊ ၊ UMFCCI Tower၊ မင်းရဲကျော်စွာလမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၃၀၀၁၉၇၊ ၂၃၀၀၁၉၈၊**
**Email-headoffice@ mppa-myanmar.org**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 5L/2850 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁)ဆဋ္ဌမတန်း(က)မှ မောင်အာကာမိုးနှင့် ပထမတန်း(က)မှ မအေမီမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးနိုင် ၁၂/ဥကမ(နိုင်)၁၅၈၂၄၁ ဖြစ်ပါကြောင်း။ **ဦးဇော်မျိုးနိုင်**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(၁) သတ္တမတန်း(B)မှ မဟန်သော်တာ၏ ဖခင်အမည်မှန်မှာ ဦးမင်းဟန်ဝင်းအောင် ၃/ဘအန(နိုင်)၁၈၈၅၅၂ ဖြစ်ပါသည်။ **ဦးမင်းဟန်ဝင်းအောင်**

**ဖခင်အမည်မှန်**
နွားထိုးကြီးမြို့နယ် (အထက)ရွာကြီးကျေးရွာ ကျောင်းဝင်အမှတ်(က-၀၂၀၆) တက္ကသိုလ်ဝင်တန်းမှ မောင်သန့်ဇင်အောင်၏ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၉/နထက(နိုင်)၁၂၄၀၁၈ ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2F/5195 Honda Fit GE6 Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူလွင် ၁၂/ကကတ(နိုင်)၀၀၀၂၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**မွေးသက္ကရာဇ်အမှန်**
ပြည်မြို့၊ နဝင်းနယ်မြေ၊ ပြည်တော်သာရပ်ကွက်နေ ဦးမြင့်အောင်၏ သမီး မဆုသစ္စာခင် ၇/ပမန(နိုင်)၂၁၇၇၄၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၂-၂၀၀၂ ဖြစ်ပါကြောင်း။

# ဆီးဂိမ်းအတွက် ဘိလိယက်၊ စနူကာ ကစားသမားများ အပြီးသတ်ရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၅**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်ဘိလိယက်၊ စနူကာ အားကစားသမားများ အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ယခုနှစ် ဖေဖော်ဝါရီလက လူရွေးပွဲလုပ်တယ်။ ဘိလိယက်၊ စနူကာ၊ 9 ball စတဲ့ အဆင့်ဆင့်ရွေးချယ်လို့ရတဲ့ ကစားသမားတွေကိုစိစစ်ပြီး ဇွန်လပထမပတ်မှာ လက်ရွေးစင် အမျိုးသား ၁၀ ဦးနဲ့ အမျိုးသမီးနှစ်ဦး ရွေးချယ်ခဲ့ပါတယ်။ ဘိလိယက်မှာ အမျိုးသားလေးဦး၊ စနူကာမှာ အမျိုးသားသုံးဦး၊ 9 ball မှာ အမျိုးသားသုံးဦးနဲ့ အမျိုးသမီးနှစ်ဦးတို့က ဆီးဂိမ်းမှာ သတ်မှတ်ထားတဲ့ ပြိုင်ပွဲ ခုနစ်မျိုးစလုံးကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ယခုအင်္ဂလန်နိုင်ငံက နည်းပြနဲ့ လေ့ကျင့်နေပါတယ်။ ယခင်က ဘိလိယက်တစ်မျိုးတည်းကို ရွှေတံဆိပ်ရဖို့ ကြိုးစားကစားကြတယ်။ ဒီနှစ်မှာ ဘိလိယက် ရွှေရနိုင်သလို စနူကာလည်း ဆုတံဆိပ် မျှော်မှန်းထားပါတယ်။ 9 ball အတွက် ဆုတံဆိပ်ရဖို့ တရုတ်နည်းပြနဲ့ နေပြည်တော် လေ့ကျင့်ရေးစခန်းမှာ ဆက်လက်လေ့ကျင့်သွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်ဦးက ပြောသည်။

အဆိုပါ ဘိလိယက်နှင့်စနူကာ လက်ရွေးစင် အားကစားသမားများသည် နိုင်ငံတကာ ပြိုင်ပွဲ အတွေ့အကြုံများ ရရှိသူများဖြစ်ပြီး ပြည်ပပြိုင်ပွဲများ၌လည်း ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်ခဲ့သူများဖြစ်ကြောင်းသိရသည်။




မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်သည် အဖွဲ့ချုပ်အသစ်ပြန်လည်ဖွဲ့စည်းထားကာ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရေးအတွက် အားကစားသမားများအား စည်းကမ်းနည်းလမ်းများ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- မန်ချက်စတာစီးတီးအသင်းသည် ပြင်သစ်ကလပ် မိုနာကိုအသင်းမှ နောက်ခံကစားသမား ဘင်ဂျမင် မန်ဒီကို ပေါင် ၅၂ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ထိုကစားသမားသည် မန်စီးတီးနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ကမ္ဘာ့ဈေးအကြီးဆုံး နောက်ခံကစားသမားဖြစ်လာကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် ဂျာမန်ကလပ် လေဗာကူဆင်အသင်းမှ တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို ပေါင် ၁၆ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။
- ဆွမ်ဆီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဖြစ်သော အဲဗာတန်အသင်းမှ အိုက်စလန်လက်ရွေးစင်ကစားသမား ဆီဂတ်ဆန် (၂၇နှစ်) အတွက် ပေါင်သန်း ၄၀ ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။ ဆွမ်ဆီးအသင်းသည် ပြီးခဲ့သောရာသီက ကိုးဂိုးသွင်းယူပေးထားသော ဆီဂတ်ဆန်အတွက် ပေါင်သန်း ၅၀ အလိုရှိနေကြောင်း သိရသည်။
- ချယ်လ်ဆီးနည်းပြ ကွန်တီသည် ယခုနှစ်နွေရာသီတွင် ကစားသမားဝယ်ယူရန်အတွက် နောက်ထပ် ပေါင်သန်း ၁၅၀ ရရှိလိမ့်မည်ဖြစ်ပြီး ၎င်းခေါ်ယူချင်သော ထိပ်ဆုံးကစားသမားစာရင်းတွင် ဆောက်သမ်တန်အသင်း၏ နယ်သာလန်နောက်ခံကစားသမား ဗန်ဒစ်ခ်နှင့် ဂျူဗင်တပ်စ်အသင်း၏ ဘရာဇီးဘယ်နောက်ခံကစားသမား အဲလက်စ်ဆန်ဒရိုတို့ ရှိနေကြောင်း သိရသည်။ **ဇော်ဇော်**

ဗီယက်နမ် နိုင်ငံ ဒါနန်းမြို့တွင် ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် 2017 SEARF Senior & Junior Rowing Championship ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာ




လှေလှော် အားကစားသမားများနှင့် အပြည်ပြည်ဆိုင်ရာ လှေအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ရိုးရာလှေ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းတိုးတို့သည် ဇူလိုင် ၂၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ် တင်စိုး(မြန်မာ့အလင်း)


## မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)ကကြီးမှူး၍ ဆွေးနွေးပွဲပြုလုပ်မည်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံ ပေးအဖွဲ့သို့ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ပြုလုပ်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်ကိစ္စရပ်များအား တင်ပြရန်အတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)က ကြီးမှူး၍ တိုင်းရင်းဆေး လုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပါသည်။

တိုင်းရင်းဆေးလုပ်ငန်းရှင်များအားလုံး တက်ရောက်ပေးကြပါရန်နှင့် မိမိတို့၏အတွေ့အကြုံ အကြံပေးမှုများကိုလည်း စာရေးသားယူဆောင်လာပေးပါရန် အသိပေးဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်အချိန် ။ ။ နံနက် ၁၀ နာရီ
ကျင်းပမည့်နေ့ရက်။ ။ ၃၀-၇-၂၀၁၇ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ ။ ။ Western Park Royal ကန်တော်ကြီး၊ ရန်ကုန်မြို့။

**(ထောပတ်ထမင်းဖြင့် ဧည့်ခံပါမည်)**

အတွင်းရေးမှူးအဖွဲ့
မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)

### အမည်မှန်

ဝါးခယ်မမြို့နယ်၊ စံအိမ်အုပ်စု၊ တလိုင်းစုကျေးရွာနေ မောင်သက်နိုင်ထွန်း၏ အမည်မှန်မှာ မောင်နိုင်ဇော် ၁၄/ဝခမ(နိုင်)၁၇၀၃၂၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ထွဋ်မြတ်စံပြရွာ၊အထက(ခွဲ)အဌမတန်းမှ မောင်အောင်ခန့်ဖြိုးနှင့် ဆဋ္ဌမတန်းမှ မောင်အောင်ခန့်တိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းတင် ၇/မညန(နိုင်)၀၆၂၇၆၂ ဖြစ်ပါကြောင်း။
ဦးဝင်းတင်

### ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဆိပ်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊ ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း အဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၆
၀၉ ၂၅၂၀၈၂၅၃၃
၁၃၀၀၀ ကျပ်
၂၀၀၀၀ ကျပ်

### လင်းယွန်းအဆင့်မြင့်တည်းခိုခန်း

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော လင်းယွန်း တည်းခိုရိပ်သာ
၁၉၂၊ အာဿာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

### ဖခင်အမည်မှန်

တနိုင်းမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မဂုလီမေသူခိုင်၏ဖခင်အမည်မှန်မှာ ဦးဆီဇာဟူး ၁/ပတအ(နိုင်)၀၂၀၁၃၄ ဖြစ်ပါကြောင်း။
ဦးဆီဇာဟူး

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အထက(၈) နဝမတန်း(F)မှ မကေခိုင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ဆန်းဝင်း ၇/ကဝန(နိုင်)၁၂၅၃၁၅ ဖြစ်ပါကြောင်း။

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ လက်အောက်ရှိ ဆေးရုံများတွင် လူနာများအား ကုသမှုပေးရန် F.D.A အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ ဓာတ်မှန်သုံး ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
**တင်ဒါကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၂၁၄၆၂**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရာဇာမိရာဇ်၊ ဦးပိုင်အမှတ်(၁၁) ဧရိယာ ၀ဒသမ၀၇၇ဧကရှိ ဦးအောင်ဇော်လတ် အမည်ပေါက် နှစ် (၃၀)အငှားဂရန် မြေကွက်အား ဦးအောင်ဇော်လတ် ၉/တကန(နိုင်)၁၁၅၈၀၁ (ဘ)ဦးလှစိန်မှ မြေငှားစာချုပ်မူရင်းများတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ရန် မြေပုံ/ရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### စံရာအောင်မြေ ပဲနွယ်ကုန်းမဟာစည်ရိပ်သာ ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်မြို့ ကမ္ဘာအေး စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ ပဓာနနာယက ပဲနွယ်ကုန်းဆရာတော် အမှူးပြုသော စံရာအောင်မြေ ဝါဆိုသံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော်များအား Alpha Power Engineering Co., Ltd. မိသားစုများနှင့် စေတနာရှင် တပည့် ဒါယကာ-ဒါယိကာမအပေါင်း သူတော်ကောင်း တို့မှ ဆက်ကပ်လှူဒါန်းမည့် ဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၇၉-ခုနှစ်၊ ဝါခေါင်လဆန်း (၇) ရက်၊ ၃၀-၇-၂၀၁၇ (တနင်္ဂနွေနေ့) နေ့လယ် (၂) နာရီအချိန်တွင် ကျင်းပမည် ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားအပ်ပါသည်။
(ကြက်သားပလာတာ၊ သစ်သီးစုံ၊ ရော်ရည် အအေးများဖြင့် ဧည့်ခံလှူဒါန်းပါမည်)
ဝါဆိုသင်္ကန်းတစ်စုံလျှင် ၅၀၀၀-ကျပ်ဖြင့် နေ့လယ် (၁း၃၀) နာရီမှ စ၍ ပဓာန နာယက ပဲနွယ်ကုန်းဆရာတော်ထံ ကိုယ်တိုင်ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားပါမည်။

### ဖခင်အမည်မှန်


ရမည်းသင်းမြို့၊ ပျားစီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်းမှ မောင်သီဟနိုင်နှင့် စတုတ္ထတန်းမှ မောင်ရဲရန်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၉/ရမသ(နိုင်)၁၅၉၅၅၇ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

မိတ္ထီလာမြို့ အထက(၄)တက္ကသိုလ်ဝင်တန်းမှ မအိအိဆွေ ၉/မခန(နိုင်)၂၉၁၄၉၁၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးညိုနှင့် ဒေါ်ခင်မျိုးဆွေဖြစ်ပါသည်။

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၅၉၄<br>၀၉၇၃၂၃၅၆၀ | မင်္ဂလာ(၁)<br>သိမ်ကြီးဈေး<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ<br>၀၉၂၆၀၈၈၇၀၃၅<br>၀၉၂၆၀၈၈၇၀၃၆<br>၀၁ ၂၃၀၃၁၆၅ |
| Top Royal<br>(စိန်ဂေဟာ-ပါရမီ)<br>၀၉၄၂၀၁၈၆၂၉၁<br>၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာ ဂမုန်းပွင့်<br>လှည်းတန်း - စံရိပ်မြိုင်<br>၀၉ ၇၇၉၀၅၄၆၇၁<br>၀၉ ၇၇၉၀၅၄၆၇၂<br>၀၉ ၇၇၉၀၅၄၆၇၃ | မင်္ဂလာထွန်းသီရိ<br>(ပြည်)<br>၀၉၇၉၁၁၈၃၇၅၁<br>၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ<br>ICON Mall - ပဲခူး<br>၀၉၄၅၆၆၀၀၁၁၅<br>၀၉၄၅၆၆၀၀၁၁၆ |
| မန္တလေး<br>ဝင်းလိုက်<br>၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | မန္တလေး<br>မြို့မ<br>၀၂-၃၉၁၃၆<br>၀၂-၃၉၁၃၇ | မင်္ဂလာစံပြ<br>(မကွေး)<br>၀၉ ၇၆၈၅၂၅၇၄၁<br>၀၉ ၇၆၈၅၂၅၇၄၂<br>၀၉ ၇၆၈၅၂၅၇၄၃ | NEW 3D Cinema<br>တောင်ငူ<br>၀၉၈၆၆၆၄၅၅<br>၀၉၇၇၅၃၅၈၉၉၁-၂ |



# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

မှတ်ချက်။ အမှတ် (၁၁) မှစတင်၍ ၂၁၅ ဒီဂရီအတိုင်း ပင်လယ်ဘက်သို့ဆက်ဆွဲ၍ ဘင်္ဂလားဒေ့ရှ်-အိန္ဒိယပင်လယ်နယ်နိမိတ်မျဉ်းနှင့်တွေ့ဆုံသည့်နေရာအထိ ဖြစ်ပါသည်။အမှတ်များ၏ Coordinates များကို WGS-84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။ပင်လယ်နယ်နိမိတ်မှာ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀အထိသတ်မှတ်သည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ဆက်စပ်နေရာများတွင် အဆိုပါနယ်နိမိတ်မျဉ်းအထိ ဖြစ်သည်။

**မြန်မာ - အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်**

၁။ ၁၉၈၆ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးထားခဲ့သော မြန်မာ-အိန္ဒိယပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါပင်မ အမှတ်(၁၆) မှတ်အား ဆက်သွယ်ထားသောမျဉ်းဖြောင့်များဖြစ်သည်-

**ဇယား**

| | | | |
|---|---|---|---|
| (က) | ပင်မအမှတ် (၁) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၃၅' ၂၅" |
| (ခ) | ပင်မအမှတ်(၂) | မြောက်လတ္တီတွဒ် | ၀၉ံ ၅၃' ၁၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၂၈' ၀၀" |
| (ဂ) | ပင်မအမှတ် (၃) | မြောက်လတ္တီတွဒ် | ၁၀ံ ၁၈' ၄၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၁၆' ၀၂" |
| (ဃ) | ပင်မအမှတ် (၄) | မြောက်လတ္တီတွဒ် | ၁၀ံ ၂၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၁၅' ၅၈" |
| (င) | ပင်မအမှတ် (၅) | မြောက်လတ္တီတွဒ် | ၁၀ံ ၄၄' ၅၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၂၂' ၀၀" |
| (စ) | ပင်မအမှတ်(၆) | မြောက်လတ္တီတွဒ် | ၁၁ံ ၄၃' ၁၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၂၆' ၀၀" |
| (ဆ) | ပင်မအမှတ်(၇) | မြောက်လတ္တီတွဒ် | ၁၂ံ ၁၉' ၄၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၃၀' ၀၀" |
| (ဇ) | ပင်မအမှတ်(၈) | မြောက်လတ္တီတွဒ် | ၁၂ံ ၅၄' ၀၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၄၁' ၀၀" |
| (ဈ) | ပင်မအမှတ်(၉) | မြောက်လတ္တီတွဒ် | ၁၃ံ ၄၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၀၂' ၀၀" |
| (ည) | ပင်မအမှတ်(၁၀) | မြောက်လတ္တီတွဒ် | ၁၃ံ ၄၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃ံ ၅၀' ၀၀" |
| (ဋ) | ပင်မအမှတ်(၁၁) | မြောက်လတ္တီတွဒ် | ၁၃ံ ၃၄' ၁၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃ံ ၄၀' ၅၉" |
| (ဌ) | ပင်မအမှတ်(၁၂) | မြောက်လတ္တီတွဒ် | ၁၃ံ ၄၉' ၁၁" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃ံ ၀၈' ၀၅" |
| (ဍ) | ပင်မအမှတ်(၁၃) | မြောက်လတ္တီတွဒ် | ၁၃ံ ၅၇' ၂၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂ံ ၅၄' ၅၀" |
| (ပ) | ပင်မအမှတ်(၁၄) | မြောက်လတ္တီတွဒ် | ၁၄ံ ၀၀' ၅၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂ံ ၅၀' ၀၂" |
| (ဏ) | ပင်မအမှတ်(၁၅) | မြောက်လတ္တီတွဒ် | ၁၄ံ ၁၇' ၄၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂ံ ၂၄' ၁၇" |
| (တ) | ပင်မအမှတ်(၁၆) | မြောက်လတ္တီတွဒ် | ၁၅ံ ၄၂' ၅၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၀ံ ၁၄' ၀၁" |

မှတ်ချက်။ ကိုဩဒိနိတ်များမှာ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၆ ခုနှစ်ထုတ်အိန္ဒိယရေပုံအမှတ်(၃၁) နှင့် ၁၉၇၉ ခုနှစ်ထုတ် အိန္ဒိယရေပုံအမှတ် (၄၁)တို့မှ ဖြစ်သည်။

**မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်**

၁။ ၁၉၈၀ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော မြန်မာ-ထိုင်းပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ်(၉)မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များဖြစ်သည်-

**ဇယား**

| | | | |
|---|---|---|---|
| (က) | ပင်မအမှတ်(၁) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၂' ၁၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇ံ ၅၆' ၂၀" |
| (ခ) | ပင်မအမှတ်(၂) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၄' ၂၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇ံ ၅၂' ၁၀" |
| (ဂ) | ပင်မအမှတ်(၃) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၄' ၅၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇ံ ၅၁' ၁၂" |
| (ဃ) | ပင်မအမှတ်(၄) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၅' ၃၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇ံ ၄၅' ၂၉" |
| (င) | ပင်မအမှတ်(၅) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၆' ၀၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇ံ ၄၃' ၂၉" |
| (စ) | ပင်မအမှတ်(၆) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၇' ၂၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇ံ ၃၇' ၃၆" |
| (ဆ) | ပင်မအမှတ်(၇) | မြောက်လတ္တီတွဒ် | ၀၉ံ ၄၀' ၃၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇ံ ၂၆' ၃၆" |
| (ဇ) | ပင်မအမှတ်(၈) | မြောက်လတ္တီတွဒ် | ၀၉ံ ၄၅' ၃၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၆ံ ၂၉' ၃၅" |
| (ဈ) | ပင်မအမှတ်(၉) | မြောက်လတ္တီတွဒ် | ၀၉ံ ၃၈' ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅ံ ၃၅' ၂၅" |

မှတ်ချက်။ ကိုဩဒိနိတ်များမှာ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၅ ခုနှစ်ထုတ် ဗြိတိသျှရေပုံအမှတ် (၃၀၅၂) နှင့် ဗြိတိသျှရေပုံအမှတ် (၈၃၀) တို့မှ ဖြစ်သည်။

နောက်ဆက်တွဲ(ဂ)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းများပြပုံ**



## လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် ဖွံ့ဖြိုးတိုးတက်လာတော့မည့် ကြာအင်းဆိပ်ကြီး



ကရင်ပြည်နယ်၏ အကျယ်အဝန်းဧရိယာသည် ၁၁၇၃၁ ဒသမ ၈၉ စတုရန်းမိုင်ကျယ်ဝန်းပြီး ဘားအံခရိုင်၊ ဖာပွန်ခရိုင်၊ မြဝတီခရိုင်၊ ကော့ကရိတ်ခရိုင် စသည့် လေးခရိုင်ဖြင့် ပြည်နယ်ကို ဖွဲ့စည်းထားသည်။ ပြည်နယ်အတွင်းရှိ မြို့များမှာ ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ မြဝတီမြို့နယ်တို့ရှိပြီး ကြာအင်းဆိပ်ကြီးမြို့သည် ကော့ကရိတ်ခရိုင်အတွင်းမှ ဖြစ်သော်လည်းယခင်က ၎င်းမြို့နှင့် ဆက်သွယ်သွားလာရသော မော်တော်ကားလမ်းဟူ၍ ကော့ကရိတ်၊ မြဝတီနှင့် ဘားအံမြို့တို့သာရှိသည်။

အနီးဆုံးဖြစ်သည့် မော်လမြိုင်မြို့ကိုပင် တိုက်ရိုက်သွားလိုလျှင် သံလွင်မြစ်အတွင်းမှ သင်္ဘောနှင့်သာသွားရသော မြို့နယ်ဖြစ်သည်။ ယခုတော့ ထိုသို့မဟုတ်တော့ပြီ။ မြို့မြောက်ဘက် ၁၅ မိုင်မျှ ကားမောင်းပြီးသွားလျှင် မွန်ပြည်နယ်မှ ဖောက်လုပ်ထားသော မုဒုံ-မြဝတီသွားကားလမ်းမကြီးပေါ်ရောက်ရှိသွားပြီး မုဒုံမှ မော်လမြိုင်၊ မော်လမြိုင်မှ မြန်မာပြည်အနှံ့ သွား၍ ရနေပြီဖြစ်သည်။

ထို့အပြင် ယခုအခါ မြို့တောင်ဘက်သို့ထွက်ပြီး မွန်ပြည်နယ် သံဖြူဇရပ်မှ ဘုရားသုံးဆူသို့ ဖောက်လုပ်ထားသော ကားလမ်းမကြီးအား ကြားကဆက်သွယ်နိုင်သည့် ကြာအင်းဆိပ်ကြီး-ချောင်းဆုံကားလမ်း အရှည်မိုင် ၅၀၊ ၅ ဖာလုံကို ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကြာအင်းဆိပ်ကြီးမြို့နယ် လမ်းဦးစီးဌာနကတာဝန်ယူ၍ ကတ္တရာကွန်ကရစ်ကားလမ်း ၁၈ ပေ အကျယ်ဖောက်လုပ်လျက်ရှိရာ (အပေါ်ပုံ)မကြာမီ ပြီးစီးတော့မည်ဟု သိရသည်။

ကြာအင်းဆိပ်ကြီး- ချောင်းဆုံ-ဘုရားသုံးဆူကားလမ်းသည် ယခင်က လူသွားလမ်းနှင့် လှည်းလမ်းသာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက မွန်ပြည်နယ် သံဖြူဇရပ်ဘုရား-ဘုရားသုံးဆူကားလမ်း ဖောက်လုပ်လိုက်သဖြင့် ထိုကားလမ်းနှင့် ဆက်သွယ်ပြီး ဘုရားသုံးဆူ အရောက်သွားနိုင်ရန် ကြာအင်းဆိပ်ကြီးမှ ချောင်းဆုံအထိ အရှည်မိုင် ၅၀၊ ၅ ဖာလုံ၊ အကျယ် ၁၈ ပေရှိသော ကတ္တရာ ကွန်ကရစ်ကားလမ်းကို ကရင်ပြည်နယ်အစိုးရ၏ ခွင့်ပြုငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ဖောက်လုပ်လျက်ရှိရာ ကတ္တရာလမ်း ၁၀ မိုင်နှင့် ကွန်ကရစ်လမ်း ၂၈ မိုင်ခင်းပြီးသွားပြီး ကျန်အပိုင်းများကို ယခုနှစ်မိုးကုန်ကာလ၌ အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါ ကားလမ်းဖောက်လုပ်ရာတွင် ကားလမ်းသစ်ဖြစ်၍ မြေသားတာပေါင်တင်ခြင်း၊ ချောင်းကျောက်ခင်းကြိတ်ခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကွန်ကရစ်လမ်းသစ်ခင်းခြင်း၊ လမ်းချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းများနှင့်အတူ RC Box Culvert များတည်ဆောက်ခြင်းတွင် တံတားအစင်းလေးစင်းတည်ဆောက်ရမည်ဖြစ်ရာ ယခုအခါ လမ်းပေါ်ရှိ RC တံတားသုံးစင်းနှင့် ရေပြွန်ပေါက်တံတားအစင်း ၃၀ တို့ကို ရာနှုန်းပြည့်တည်ဆောက်ပြီးသွားပြီဟု သိရသည်။ကရင်ပြည်နယ်မှ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ နယ်မြေမငြိမ်းချမ်းဘဲရှိနေသဖြင့် ဒေသခံပြည်သူများအတွက် တိုးတက်မှုနှေးကွေးခဲ့ရသောဒေသတစ်ခုဖြစ်သည်။

ယခုအခါ မြို့နယ်ဆက်သွယ်ကာကားလမ်းများ ပေါ်ပေါက်လာပြီဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်သောမြို့တစ်မြို့အဖြစ် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းဆောင်းပါး-ခရမ်းစိုးမြင့်**

## အမျိုးသမီးများအကြမ်းဖက်မှုနှင့် သက်ငယ်မုဒိမ်းမှုများဆိုင်ရာ ကာကွယ်တားဆီးရေးအသိပညာပေး

**ဖြူး ဇူလိုင် ၂၅**

တောင်ငူခရိုင် ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် သက်ငယ်မုဒိမ်းမှုများဆိုင်ရာ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၁ရက်ကဖြူးမြို့ဘူတာတောင် ၂၄လမ်း အ.ထ.က(ခွဲ) ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဒေါ်သန်းချိုမြင့်က အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် သက်ဆိုင်သည့်ဥပဒေပုဒ်မများကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်နွယ်နွယ်အေးက မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုအကြောင်းအရာများ၊ အမျိုးသမီးကျန်းမာရေး ဆရာမ (ငြိမ်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ဒေါ်တင်အောင်ကပျိုရွယ်သူ ကျန်းမာရေးအကြောင်းအရာများအား ဟောပြောခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## မိုးညိုမြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် ဖြစ်မြောက်ရေးညှိနှိုင်းစည်းဝေး

**မိုးညို ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ဖြစ်မြောက်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်တွင် တက်ရောက်လာကြသည့် ဌာန ဆိုင်ရာများ၊ မြို့ပေါ်(၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ ပရဟိတအဖွဲ့များက စည်ပင်သာယာရေးပန်းခြံအတွင်းတွင် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ကို ၂၀၁၈ ခုနှစ် အာဇာနည်နေ့ အမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် ဖြစ်မြောက်ရေးအတွက် နာယကအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းသည်။ အလှူရှင်များထည့်ဝင်ငွေမှာ ၉၃ သိန်း ၇သောင်းရရှိပြီး ရပ်ဝေးဇာတိသားများ၊ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စုများ ပါဝင်လှူဒါန်းနိုင်ရေးအတွက် အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ခင်လတ်(မိုးညို)**

# ဖွင့်ထားသော တံခါးနှစ်ချပ်

## မြင့်ထွေး(ဟိုတယ်/ခရီး)

မောင်းနေသော မတ်တူးကားမှာ လေအေးစက်ဖွင့်ထားသော်လည်း အသက်ရှူမဝဖြစ်လာခြင်းနှင့် လမ်းအကွေ့အကောက်များကို ဖြတ်သန်းမောင်းနှင်နေခြင်းကြောင့် မူးလာသဖြင့် ရှေ့တွင်ထိုင်နေသော ဒုညွှန်မှူးကို တံခါးလေးဖွင့်ပေးရန် မေတ္တာရပ်ခံမိသည်။ တစ်ဆက်တည်း မိမိဘေးရှိတံခါးကိုလည်း ဖွင့်ကာ အပြင်လေကို တစ်ဝကြီးရှူလိုက်မှ အနည်းငယ်သက်သာသွားသော်လည်း အမူးကမပျောက်။ ခရီးသွားနေစဉ် ဖုန်းဖြင့်ဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းတစ်ခုပေါ်လာ၍ ဖုန်းနံပါတ်ရှာခြင်း၊ ဖုန်းဆက်ခြင်း၊ Message ပေးပို့ခြင်းများကို ဆက်တိုက်ပြုလုပ်နေမှုကြောင့် မူးလာခြင်းလည်းဖြစ်နိုင်သည်။

ကားမောင်းနေသော မိတ်ဆွေက မျက်လုံးမှိတ်ပြီး မှိန်းလိုက်လေဟု ပြောသော်လည်း သူပြောသည့်အတိုင်း မလုပ်ဖြစ်။ မူးချင်မူးပါစေ၊ မျက်လုံးမှိတ်ပြီးတော့ မလိုက်ချင်။ မရောက်ဖူးသော၊ မမြင်တွေ့ဖူးသော ဒေသစိမ်းနှင့် ရှုခင်းသစ်များကို လက်လွှတ်မခံချင်၍ ကားမူးနေလျက်နှင့် မျက်လုံးမှိတ် မှိန်းမနေနိုင်ဘဲ ရှုခင်းများကိုကြည့်ရှုရင်း လိုက်ပါခဲ့သည်။

တစ်နာရီ ကီလို ၈၀ ခန့် မောင်းနှင်နေသောကားကို မှန်တံခါးဖွင့်၍လိုက်ပါခြင်းကြောင့် ပြင်းထန်သောလေရိုက်ခတ်မှုက မျက်နှာသို့တိုက်ရိုက်ကျရောက်သဖြင့် မျက်လုံးမှ မျက်ရည်များပင် ထွက်ကုန်သည်။ ဖြစ်ချင်တော့ မိုးတွင်းခရီးသွားခြင်းဖြစ်၍ နေကာမျက်မှန် မယူလာခဲ့မိ။ မျက်ရည်များကိုသုတ်ရင်း ဒုညွှန်မှူးပေးသော အမူးပြေဆေးကိုသောက်လိုက်သည်။ သူက ကျွန်တော်လည်း ချွေးစေးတွေကျပြီး မူးနေတာဟုဆိုသည်။ ကားမူးတတ်သူဖြစ်၍ ဆေးအသင့်ယူဆောင်လာမှုကြောင့် ကျွန်တော့်အတွက် အဆင်ပြေသွားသည်။

ကားမောင်းသူ ကျွန်တော့်မိတ်ဆွေမှာ ကျွန်တော်နှင့် သက်ရွယ်တူဖြစ်သော်လည်း နားကပ်၊ လက်ကောက်၊ လည်ဆွဲများဖြင့် ခေတ်ဆန်စွာဝတ်စားထား၍ ကျွန်တော့်ထက် ပိုနုပျိုနေတယ်ဟု သူ့ကို ကျီစယ်ကာ၊ သူနှင့်အတူဆောင်ရွက်ခဲ့သော ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိစ္စများကို ပြန်ပြောင်းပြောကြရင်း တောင်တက်၊ တောင်ဆင်း၊ အကွေ့အကောက်များကို ဖြတ်ကျော်ကာ တဖြည်းဖြည်းနှင့် ပဲခူးရိုးမတောထဲသို့ဝင်ရောက်လာသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရန်ကုန်၊ ပြည်၊ ရေနံချောင်းလမ်းတစ်လျှောက် နှစ်ဖက်လမ်းမကြီးကြားအတွင်းရှိ ပဲခူးရိုးမတောကြီးတွင် ရိုးမဖြတ်လမ်း ခုနစ်ခုရှိသည်။ အဆိုပါ ရိုးမဖြတ်လမ်း ခုနစ်ခုသည် တောင်၊ မြောက်အပြိုင်တန်းနေသော အမြန်လမ်းမကြီးနှင့် ပြည်လမ်းမကြီးတို့အား အရှေ့အနောက် အပြိုင်ချိတ်ဆက်ထားသော ဖြတ်လမ်းများ ဖြစ်သည်။

ပထမရိုးမဖြတ်လမ်းမှာ ပျော်ဘွယ်-နတ်မောက် လမ်းဖြစ်ပြီး ၉၁ မိုင် ၄ ဖာလုံ ရှည်လျားသည်။ ဒုတိယဖြတ်လမ်းမှာ ပျဉ်းမနား-ပန်းတင်-မြို့သစ်လမ်းဖြစ်ပြီး ၇၉ မိုင် ၄ ဖာလုံ ရှည်လျားသည်။ တတိယရိုးမဖြတ်လမ်းမှာ ပျဉ်းမနား-ချောင်းနက်လမ်းဖြစ်ကာ ၆၆ မိုင် ၂ ဖာလုံရှိသည်။ သာဂရ-ကိုးပင် ရိုးမဖြတ်လမ်းကတော့ ၉၂ မိုင် ၄ ဖာလုံ ရှည်လျားကာ စတုတ္ထဖြတ်လမ်းဖြစ်သည်။ အုတ်တွင်း-ပေါက်ခေါင်းလမ်းမှာ ၁၂၅ မိုင် ၁ ဖာလုံရှည်လျားသော ပဉ္စမမြောက် ရိုးမဖြတ်လမ်းဖြစ်သည်။ ဆဋ္ဌမ ရိုးမဖြတ်လမ်းကတော့ မြို့ချောင်း-စိန်ကန့်လန့်လမ်းဖြစ်ကာ ၈၄ မိုင် ၇ ဖာလုံ ရှည်လျားသည်။ သတ္တမမြောက်လမ်းကတော့ လူသိများသော ပဲခူး-တိုက်ကြီး လမ်းဖြစ်ပြီး ၃၈ မိုင် ၄ ဖာလုံ ရှည်လျားသည်။

ကျွန်တော်တို့ကားမှာ ပဲခူးရိုးမတောကြီးကို ဖြတ်သန်းဖောက်လုပ်ထားသည့် အုတ်တွင်း၊ ပေါက်ခေါင်း ရိုးမဖြတ်လမ်းပေါ်တွင် မောင်းနှင်နေခြင်းဖြစ်သည်။ သဘာဝအတိုင်း ကျန်ရှိနေသော ပဲခူးရိုးမ သစ်တောကြီးများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း(Eco Tourism)ကို မြှင့်တင်ရင်း လာရောက်မည့် ပြည်တွင်း/ပြည်ပဧည့်သည်များအတွက် တည်းခိုနေထိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ရိုးမအတွင်းနေထိုင်သော တိုင်းရင်းသားများ၏ လူနေမှုဘဝများ ဓလေ့ထုံးတမ်းစဉ်လာများကိုလည်းကောင်း၊ ဆက်စပ်နေသော ခရီးစဉ်အတွင်း ကမ္ဘာလှည့်ခရီးသည်များအား ပြသနိုင်မည့် ဆင်စခန်းများ၊ နှစ်သက်တမ်းရှည် ကျွန်းပင်ကြီးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ စသည်တို့ကို ပြည်သူလူထုသိရှိစေရန်နှင့် ပြည်ပခရီးသွားဧည့်သည်များထံ စျေးကွက်တင် ရောင်းချနိုင်ရေးအတွက်လည်းကောင်း သည်လမ်းခရီးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နှစ်ခုပူးပေါင်းညှိနှိုင်း၍ လာရောက်ခဲ့ခြင်းဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ရေခဲဖုံးလွှမ်းနေသည့် တောင်တန်းများ၊ ရေဝပ်ဒေသများ၊ ထူးခြားသည့်သစ်တောများ၊ ပင်လယ်ရေပြင်၊ သန္တာကျောက်တန်းများနှင့် မှီတင်းနေထိုင်ကြသည့် ဇီဝမျိုးစုံ၊ မျိုးကွဲများပါဝင်သည့် သဘာဝလက်ဆောင်များကို ထိန်းသိမ်းရန်အတွက် သဘာဝနယ်မြေ ၁၅ ခုအား ၂၀၀၅ ခုနှစ်မှစတင်၍ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၂၁ ခုအထိ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခဲ့သည်။

သဘာဝအခြေခံ ခရီးစဉ်ဒေသများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ နှစ်ခုရှိရာ ယင်းမာပင်မြို့နယ်တွင် အလောင်းတော်ကဿပနှင့် ကန့်ဘလူမြို့နယ်တွင် ချပ်သင်းဘေးမဲ့တောတို့ ဖြစ်သည်။ ကချင်ပြည်နယ်၌ လေးခုရှိရာ နောင်မွန်းမြို့နယ်တွင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီဘေးမဲ့တော၊ တနိုင်းမြို့နယ်တွင် ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောနှင့် မိုးညှင်းမြို့နယ်တွင် အင်းတော်ကြီးဘေးမဲ့တောတို့ ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၌ နှစ်ခုရှိရာ မင်္ဂလာဒုံမြို့နယ်တွင် လှော်ကားဥယျာဉ်နှင့် တိုက်ကြီးမြို့နယ်တွင် မြိုင်ဟေဝန်ဆင်စခန်းဖြစ်သည်။ ရှမ်းပြည်နယ်၌ နှစ်ခုရှိရာ ညောင်ရွှေ၊ ဖယ်ခုံမြို့နယ်တွင် အင်းလေးကန်ဘေးမဲ့တောနှင့် ပင်းတယမြို့တွင် ပင်လောင်းပြဒါးလင်းဂူ ဘေးမဲ့တောတို့ဖြစ်သည်။ မွန်ပြည်နယ် ကျိုက်ထိုတွင် ကျိုက်ထီးရိုးဘေးမဲ့တော၊ တနင်္သာရီတိုင်းဒေသကြီး၌ မြိတ်ခရိုင်တွင် လန်ပိအမျိုးသားဥယျာဉ်၊ မန္တလေးတိုင်းဒေသကြီး၌ ညောင်ဦးမြို့တွင် လောကနန္ဒာဘေးမဲ့တောနှင့် ကျောက်ပန်းတောင်းမြို့တွင် ပုပ္ပားတောင်ဥယျာဉ်တို့ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၌ ပဲခူးမြို့တွင် မိုးယွန်းကြီးဘေးမဲ့တော၊ ရေတာရှည်မြို့နယ်တွင် ဖိုးကျားဆင်စခန်းတို့ရှိပြီး ချင်းပြည်နယ်၌ ကန်ပက်လက်မြို့နယ်တွင် ခေါ်နူးစုန်အမျိုးသားဥယျာဉ်ရှိသည်။ မကွေးတိုင်းဒေသကြီး၌ စကုမြို့တွင် ရွှေစက်တော်ဘေးမဲ့တောနှင့် စလင်းမြို့တွင် ဝက်ထီးကန်ငှက်လေ့လာရေးဥယျာဉ်တို့ဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီး၌ ဘိုကလေးမြို့နယ်တွင် သမီးလှကျွန်း ဘေးမဲ့တောဥယျာဉ်ဖြစ်သည်။



သဘာဝနယ်မြေများနှင့်ဆက်စပ်၍ တိုင်းရင်းသားလူမျိုးများ၏ နေထိုင်မှုဘဝများနှင့် ယဉ်ကျေးမှုများကို လေ့လာနိုင်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ(၂၀၁၅-၂၀၂၅) Myanmar Eco-Tourism Policy and Management Strategy (2015-2025)ကို အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးရေးဗဟိုဌာန (International Centre for Integrated Mountain Development-ICIMOD)၏ နည်းပညာအထောက်အပံ့၊ ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့မှုဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ မဟာဗျူဟာတွင် အစီအစဉ် ခြောက်ခုပါဝင်ပြီး အစီအစဉ် (၁) မှာ အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များကို ပိုမိုခိုင်မာလာစေခြင်း၊ အစီအစဉ်(၂)မှာ သဘာဝနယ်မြေများအတွင်းနှင့် အပြင်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းစီမံချက် ရေးဆွဲခြင်းကို တိုးမြှင့်သွားရန်၊ အစီအစဉ်(၃)မှာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လာစေခြင်း၊ အစီအစဉ်(၄)မှာ အခြေခံအဆောက်အအုံများနှင့် တာဝန်ယူနိုင်စွမ်းရှိသည့် စီးပွားရေးလုပ်ငန်း နမူနာပုံစံများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အစီအစဉ်(၅)မှာ သုတေသနပြုလုပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ မူဘောင်များကို ပိုမိုခိုင်မာလာစေခြင်းနှင့် အစီအစဉ်(၆)မှာ စျေးကွက်ရှာဖွေမှုနှင့် ရှင်းလင်းတင်ပြမှုများ ပိုမိုခိုင်မာစေခြင်းတို့ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့သည် အဆိုပါ မဟာဗျူဟာ(၆)ခုကို သတ်မှတ်အချိန်ကာလများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သဘာဝအခြေခံ ခရီးသွားဒေသအဖြစ် သတ်မှတ်ထားသော ဒေသများတွင် ခရီးသွားလည်ပတ်ရန် ခက်ခဲသောနေရာများ၊ ခရီးသွားလည်ပတ်ရန် အနည်းငယ်ခက်ခဲသောနေရာများနှင့် ခရီးသွားလည်ပတ်ရန် လွယ်ကူသောနေရာများအဖြစ် ခရီးစဉ်၏ အခြေအနေများအပေါ်လိုက်၍ လိုအပ်ချက်များရှိနေတတ်သည်။

ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီ၊ ဟူးကောင်းချိုင့်ဝှမ်း၊ အင်းတော်ကြီး၊ လန်ပိ၊ သမီးလှကျွန်းတို့သည် ကမ္ဘာလှည့်ခရီးသည်များ အလွန်သွားရောက်လေ့လာလည်ပတ်လိုသည့် သဘာဝခရီးစဉ်များဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် သွားရောက်မှုနည်းလှသည်ကို တွေ့ရသည်။ အလောင်းတော်ကဿပ၊ ချပ်သင်း၊ ခေါ်နူးစုန်၊ မိန်းမလှကျွန်း၊ ပန်းလောင်နှင့် ပြဒါးလင်းဂူတို့မှာ သွားလာရန် အနည်းငယ်ခက်ခဲသော သဘာဝအခြေခံခရီးစဉ်များ ဖြစ်သည်။

သွားလာရန်လွယ်ကူသော လှော်ကား၊ အင်းလေး၊ ကျိုက်ထီးရိုး၊ လောကနန္ဒာ၊ မိုးယွန်းကြီး၊ ဖိုးကျားနှင့် မြိုင်ဟေဝန်၊ ရွှေစက်တော်နှင့် ပုပ္ပားတောင်၊ ဝက်သည်းကန်တို့သို့ သွားရောက်လေ့လာလည်ပတ်သော ခရီးသည်များမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်ကို တွေ့ရသည်။

သဘာဝအခြေခံ ခရီးသွားဒေသအဖြစ် သတ်မှတ်ထားသော ခရီးစဉ်များသို့ လာရောက်သောဧည့်သည်များအပေါ် မူတည်၍လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပေါ် မူတည်၍လည်းကောင်း၊ လာရောက်သော ပြည်တွင်း၊ ပြည်ပဧည့်သည်များ တည်းခိုနေထိုင်ရန် ဟိုတယ်/တည်းခိုခန်း၊ eco-lodges များ တည်ဆောက်ဖွင့်လှစ်ကြသည်။ သို့အတွက် အချို့သော သဘာဝအခြေခံ ခရီးသွားဒေသများတွင် တည်းခိုရန် အဆင်ပြေနိုင်သည်များရှိသကဲ့သို့ အချို့နေရာများတွင် တည်းခိုရန်အခက်အခဲများ ကြုံတွေ့ရသည် များရှိသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း ပြည့်စုံအောင်မြင်စေရန် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ခရီးစဉ်တွင် တည်းခိုနေထိုင်စားသောက်မှုများ အဆင်ပြေစေရေး၊ လှည့်လည်ပြသနိုင်မည့် အစီအစဉ်များ ထည့်သွင်းထားရှိရေး၊ နိုင်ငံတကာမှသိရှိနိုင်ရန် ခရီးစဉ်မြှင့်တင်ရေး၊ ခရီးသွားကုမ္ပဏီများက ခရီးစဉ်များရေးဆွဲကာ ရောင်းချပို့ဆောင်ရေး စသည့်ကဏ္ဍမျိုးစုံကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက ပူးပေါင်းပံ့ပိုး ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သဘာဝအခြေခံခရီးစဉ် ဒေသများတွင် ပြည်တွင်း/ပြည်ပ ခရီးသည်များအနေဖြင့် ဘုရားဖူးခရီးစဉ်၊ ယဉ်ကျေးမှုအမွေအနှစ်ကို လေ့လာနိုင်သည့်ခရီးစဉ်နှင့် ဓလေ့ထုံးတမ်းစဉ်လာများကို လေ့လာနိုင်သော ခရီးစဉ်များဖြင့် ခွဲခြားလေ့လာလည်ပတ်နိုင်ကြသည်။

အလောင်းတော်ကဿပ၊ ပုပ္ပားတောင်၊ အင်းတော်ကြီး၊ ရွှေစက်တော်၊ အင်းလေး၊ ဝက်သည်းကန်၊ ကျိုက်ထီးရိုး ခရီးစဉ်များသည် ဘုရားဖူး လည်ပတ်လေ့လာနိုင်သော ခရီးစဉ်များဖြစ်ပြီး ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီ၊ ဟူးကောင်းချိုင့်ဝှမ်း၊ အင်းလေး ခရီးစဉ်များသည် ယဉ်ကျေးမှုဆိုင်ရာ ထူးခြားသော အခြေအနေများကို ကြည့်ရှုလည်ပတ်နိုင်သော ခရီးစဉ်များဖြစ်ကာ လန်ပိ၊ ခေါ်နူးစုန် ခရီးစဉ်များသည် တိုင်းရင်းသားများ၏ ထူးခြားသည့်အလေ့အထများကို လေ့လာနိုင်သည့် ခရီးစဉ်များဖြစ်သည်။

သို့အတွက် ပြည်တွင်း/ပြည်ပခရီးသည်များ၏ ဝါသနာပါရာ နှစ်သက်မှုအစီအစဉ်အတိုင်း သဘာဝ အခြေခံခရီးစဉ်များကို လည်ပတ်လေ့လာနိုင်သော အခွင့်အလမ်းများ ရှိနေသည်။ သဘာဝတရားများ ပြည့်လွှမ်းနေသော တောတောင်၊ လျှိုမြောင်၊ စိမ့်စမ်းများဖြင့် ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်ကာ ဒေသအတွင်းရှိတိုင်းရင်းသားတို့၏ လူနေမှုဘဝကို အကျိုးရှိစေသည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဖော်ဆောင်ရန် အခွင့်အလမ်းများစွာရှိနေသော ပဲခူးရိုးမတောကြီးအတွင်း၌ ဤသဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို ထဲထဲဝင်ဝင် လေ့လာမြှင့်တင်ဆောင်ရွက်နိုင်ရန် ကျွန်တော်တို့အဖွဲ့ ရိုးမထဲသို့ ဝင်ရောက်လာခြင်းဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့တွင် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ ပါဝင်သလို သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်တို့အဖွဲ့ကလည်း အင်အားတောင့်တောင့်တင်းတင်းဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

အထူးသဖြင့် သစ်ထုတ်လုပ်မှုကြောင့် သစ်တောပြုန်းတီးခြင်းကိုအကြောင်းပြု၍ ပြောဆိုဝေဖန်မှုများအပေါ် ပဲခူးရိုးမတောကြီး မည်မျှအထိ စိမ်းစိုသာယာလှပနေသည်ကို လက်တွေ့ပြသနိုင်မည့် အခွင့်အရေးတစ်ရပ် ရရှိတော့မည်ဖြစ်ခြင်းကြောင့် စိတ်အားထက်သန်မှုများပြည့်နေသည့် သစ်တောဦးစီးဌာနမှ အရာရှိကြီးများ၏ ယုံကြည်မှုမျက်ဝန်းများကို တွေ့ရသည်။

ပဲခူးရိုးမတောကြီးအတွင်း သစ်တောများထိန်းသိမ်းမှု၊ သစ်ထုတ်လုပ်မှု၊ ကျွန်းစိုက်ပျိုးမှု၊ သစ်ထုတ်လုပ်ရေးဆင်များ၏ အလေ့အထများ၊ တောဆင်ရိုင်းများ၏ အလေ့အထများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လုပ်သက်အတွေ့အကြုံများပေါင်းစပ်ကာ ရှင်းလင်းပြောကြားရန် စနစ်တကျကြိုတင်ပြင်ဆင်ထားမှုများကို တွေ့ရသည်။

ရန်ကုန်မှလာရောက်သည့် ခရီးသွားကုမ္ပဏီများ၏ယာဉ်မှာ စတင်ထွက်ခွာချိန် နောက်ကျခဲ့မှုကြောင့် ကျွန်တော်တို့ရည်မှန်းသည့်အချိန်အတွင်းသို့ ရောက်ရှိမလာနိုင်၍ လမ်းခရီးတစ်လျှောက်ရှိ ဆင်စခန်းများ၊ ကရင်တိုင်းရင်းသားကျေးရွာများဖြစ်သော ရွှေတောင်ရွာ၊ ငွေတောင်ရွာများတွင် လေ့လာရန် အခွင့်အလမ်းများကို စိတ်မကောင်းစွာ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ သို့ရာတွင် သစ်တောဦးစီးဌာန၏ ရှင်းလင်းဆောင်တွင်တော့ ပါဝါပွိုင့်၊ ပရိုဂျက်တာများဖြင့် ရှင်းလင်းပြသမှုကို သိရှိလေ့လာခွင့်ရခဲ့သည်။

၁၂၅ မိုင်ရှည်လျားသော ပေါက်ခေါင်း-အုတ်တွင်း ရိုးမဖြတ်လမ်းခရီး၏ အလယ်ခန့်(၅၈ မိုင် ၃ ဖာလုံ)မှ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၅၃၀ ရှိသည့်နေရာတွင် သဘာဝသစ်တောရှုရပ်ကို ပြင်ဆင်ထားရှိသည်။ အဆိုပါသစ်တောရှုရပ်တွင် မျက်စိတစ်ဆုံးမြင်နေရသော သဘာဝသစ်တောများကို သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က မျက်မြင်လက်တွေ့ပြသရင်း သစ်တောထိန်းသိမ်းဆောင်ရွက်မှုများကို ရှင်းပြသည်။

"လူတွေက ကျွန်တော်တို့တွေကို သစ်ထုတ်တယ်။ သစ်ထုတ်လို့ သစ်တောပြုန်းတီးမှုတွေဖြစ်ပြီး သဘာဝဘေးအန္တရာယ်တွေ ကျရောက်တယ်လို့ ပြောကြတယ်။ သစ်တောဝန်ထမ်းတွေရှိပြီး သစ်ခိုးထုတ်တာတွေ မကာကွယ်နိုင်ဘူး။ ပိုင်ရှင်မဲ့သစ်တွေသာ ဖမ်းမိတယ်လို့ ပြောနေကြတယ်။ ပဲခူးတိုင်းဒေသကြီးမှာ သဘာဝနယ်မြေ ကြိုးဝိုင်းတော ၁၀၁ ခုရှိပြီး ဧရိယာ ၃၀၆၁၉၃၉ ဧက၊ ကြိုးပြင်ကာကွယ်တောရှစ်ခု ၆၄၁၃၁၀ ဧက၊ သဘာဝထိန်းသိမ်းရေးနယ်မြေ နှစ်ခု ၂၆၈၅၃၈ ဧက၊ စုစုပေါင်း သစ်တောမြေဧရိယာဟာ ၃၉၇၁၇၈၇ ဧက ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သစ်တောနယ်မြေ တာဝန်ခံဝန်ထမ်းတွေက ၅၇၉ ဦးခန့်ရှိပါတယ်။ ဒါကြောင့် ဝန်ထမ်းတစ်ဦးစီဟာ ပျမ်းမျှသစ်တောမြေ ဧရိယာ ၇၀၀၀ ဧကခန့်စီကို ထိန်းသိမ်းစောင့်ရှောက်နေပါတယ်။ တောထဲမှာသစ်ခိုးခုတ်တဲ့ အသံကြားနေရတယ်။ အဲ့ဒီခုတ်တဲ့အသံရှိတဲ့နေရာကို သွားရတဲ့ခရီးက အဝေးကြီးပါ။ လွယ်လွယ်ကူကူ သွားရောက်လို့ မရပါဘူး။ ဒါကြောင့် သစ်ခိုးထုတ်တဲ့နေရာကို ကျွန်တော်တို့အဖွဲ့တွေ ရောက်တဲ့အချိန်မှာ သစ်ခိုးထုတ်တဲ့သူတွေကို မတွေ့ရတော့ဘဲ ရှောင်ပြေးကုန်တာကြောင့် ပိုင်ရှင်မဲ့သစ်တွေကိုသာ ဖမ်းမိနေရတာ"ဟု ဆိုသည်။

ထို့အပြင် "သစ်ခိုးခုတ်တဲ့သူတွေက ပုရွက်ဆိတ်တွေလိုပဲဗျ။ သစ်တွေကို အပိုင်းပိုင်းလေးတွေဖြတ်၊ ဆိုင်ကယ်နဲ့ သယ်ကြတာ။ ဆိုင်ကယ်တစ်စီးမှာ သစ်တုံးလေးတွေ ၁၀ တုံးပါရင် ဆိုင်ကယ်အစီးပေါင်းရာချီက ထပ်ခါထပ်ခါသယ်နေရင် အများကြီးလေ။ ဆိုင်ကယ်လည်း လိုင်စင်မဲ့တွေ၊ ဖမ်းတဲ့အခါ ဆိုင်ကယ်နဲ့သစ်တွေထားပြီး ထွက်ပြေးကြတယ်။ တစ်ခါလွတ်သွားရင် လိုင်စင်မဲ့ဆိုင်ကယ် နောက်ထပ်သုံးစီးလောက် ဝယ်လို့ ရတာကြောင့် လက်လွှတ်ထွက်ပြေးကြတယ်"ဟုလည်း ဆက်ပြောပြသဖြင့် ပိုင်ရှင်မဲ့သစ်များ ဖမ်းမိနေခြင်းဖြစ်စဉ်၏ တစ်စိတ်တစ်ဒေသကို သိရသည်။

"ကျွန်တော်တို့က သစ်ထုတ်လုပ်တဲ့အခါမှာ အောက်ခြေ ၄ ပေ ၆ လက်မအမြင့်ကနေ လုံးပတ်ကို တိုင်းတယ်၊ အပင်လုံးပတ် ၆ ပေ ၆ လက်မရှိတဲ့ အပင်တွေကိုပဲ ထုတ်လုပ်ဖို့ ရွေးချယ်ပါတယ်။ သတ်မှတ်ထားတဲ့လုံးပတ်မပြည့်ရင် မထုတ်ပါဘူး။ သစ်တောတစ်ခုမှာ သစ်ထုတ်ခါထုတ်ပြီး နောက်တစ်ခါ ပြန်ထုတ်ဖို့ဆိုရင်

စာမျက်နှာ ၁၇ သို့

# မန္တလေးမြို့၌ သေချာလုံခြုံသော အနာဂတ်ဘဝဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

သေချာလုံခြုံသော အနာဂတ်ဘဝ (To Ensure Better Future) ဟောပြောပွဲကိုမန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဇူလိုင်လ ၂၃ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ကျုံးအရှေ့ဘက်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ MRCCI ဥက္ကဋ္ဌ ဦးအောင်သန်း၊ KBZ မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားသည်။

ထို့နောက် MBA စကားဝိုင်းဆွေးနွေးမှုတွင် ဒေါက်တာကေသရီကျော်၊ မစံသာမွန်၊ မဥမ္မာညွန့်တို့ပါဝင်ဟောပြောကြရာ စာရေးဆရာ၊ သတင်းစာဆရာ ဦးကျော်ရင်မြင့်က မေးခွန်းများမေးမြန်းပြီး၊ မတင်မိုးလွင်၊ဦးအောင်ဆန်းဝင်း (အောင်သမာဓိ)တို့က ဆွေးနွေးဟောပြောခဲ့ကြသည်။

ဆက်လက်၍ အောင်မြင်ကြီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲတွင်လည်း စာရေးဆရာ ညီပုလေး၊ ဦးသိန်းဝင်း (သိန်းဝင်းနှင့်ညီများဆံသ)၊ ဒေါ်သန်းသန်းဆွေ (Hotel Hazel)တို့ ပါဝင်ဟောပြောကြရာ စာရေးဆရာ၊ သတင်းစာဆရာ ဦးကျော်ရင်မြင့်က မေးခွန်းများမေးမြန်းခြင်း အစီအစဉ်၊ ကာတွန်းဆရာ အော်ပီကျယ်က အိပ်မက်ဆုံရာအကြောင်း ဟောပြောခြင်းများကို တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေပေးအပ်

**ပန်းတောင်း ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်အိမ်ထောင်စုဝင်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ဖိုးငွေများထောက်ပံ့ပေးအပ်ပွဲကို ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေက မြို့နယ်အတွင်း ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်ရပ်ကွက်/ ကျေးရွာအုပ်စု ၁၂ အုပ်စုရှိကြောင်းနှင့် မြို့နယ်မှ ဆောင်ရွက်ထားရှိမှုများကိုတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေဘေးသင့်ပြည်သူ တစ်ဦးလျှင်တစ်ရက်ငွေကျပ် ၃၀၀ နှုန်းဖြင့် တစ်ပတ်စာငွေကျပ် ၂၁၀၀ စီဖြင့် အိမ်ထောင်စု ၉၉၃ စုလူဦးရေ ၃၈၅၇ ဦးအတွက်ငွေကျပ် ၃၅ သိန်းကျော်နှင့် ဝါးတိုက်မြောင်ကျေးရွာ ကမ်းပါးပြိုအိမ်ထောင်ပြောင်းရွှေ့မှုအတွက် ငွေကျပ် သုံးသိန်းစုစုပေါင်းငွေကျပ် ၃၈ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပန်းတောင်းမြို့ပေါ် ရပ်ကွက်များတွင် နှစ်စဉ်ရေကြီးနစ်မြုပ်နေရခြင်းမှာ တာရိုးမြင့်မြင့်ရှိသော်လည်း ရေတံခါးများ တပ်ဆင်ထားခြင်း မရှိသည့်အတွက် ရေဝင်နေပါကြောင်း၊ ရေတံခါးများ တပ်ဆင်ပေးပါက ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ဝန်လိုရပ်ကွက်မှ ဒေသခံတစ်ဦးက တင်ပြရာဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အောင်မြင့်(ပန်းတောင်း)**

## ဖျာပုံခရိုင်အတွင်း၌ သဘာဝဘေးလျော့ပါးရေး ကြိုတင်ပြင်ဆင်

**ဖျာပုံ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သဘာဝဘေးလျော့ပါးရေးအတွက် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိရာ ဇူလိုင် ၂၂ ရက်က အမာမြို့နယ်ခွဲအတွင်းရှိ မင်္ဂလာသောင်တန်းကျေးရွာနှင့် ဇူလိုင် ၂၃ ရက်က ကင်းဝန်ကျေးရွာတို့၌ သဘာဝဘေးလျော့ပါးရေးသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့နာဂစ်ကာလမှာ သဘာဝဘေးနှင့်ပတ်သက်ပြီး ဗဟုသုတမရှိတော့ ကြုံသလိုကာကွယ်ခဲ့ရပါတယ်။ ဒီဒေသကလည်း ပင်လယ်နဲ့ နီးတဲ့ဒေသဖြစ်နေတယ်။ ဒီသဘာဝဘေးအထူးသဖြင့် ရေကြီးခြင်းဘေးတွေ၊ မုန်တိုင်းတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေသိထားဖို့လိုပါတယ်။ အရင်အခြေအနေထက်ပိုပြီး စနစ်တကျ ကာကွယ်တုံ့ပြန်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ကင်းဝန်ကျေးရွာမှ ကိုမြင့်စိုးက ပြောသည်။

အဆိုပါ သင်တန်းများသို့ ကျေးရွာအတွင်းရှိ လူငယ်များတက်ရောက်ခဲ့ကြပြီး အနာဂတ်လူငယ်များဘေးအန္တရာယ်ဆိုင်ရာများ ပိုမိုသိရှိကာ ကြိုတင်ပြင်ဆင်ရေးအားကောင်းလာစေရန် အရေးပေါ်သုံးအထောက်အကူပစ္စည်းများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဆွေးနွေး

**သီပေါ ဇူလိုင် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အမှတ်(၁၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(လားရှိုး)မှ ရဲမှူးအောင်လွင်က တရားမဝင်လူကုန်ကူးမှု ဆိုင်ရာတားဆီးကာကွယ်ရေးအကြောင်းများ၊ ဥပဒေ၊ ဆက်စပ်ဥပဒေများကို လည်းကောင်း၊မြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ကျော်က မူခင်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်းရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**သုံးခွ ဇူလိုင် ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှစ်မျက်နှာစေတီတော်ဝင်းရှိ တန်ဆောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေး ဟောပြောပွဲကိုဇူလိုင် ၂၁ရက်က ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ယဉ်ထိန်းတပ်ဖွဲ့စု(၆၁) သုံးခွတပ်ဖွဲ့စုမှူး ရဲအုပ်စန်းလွင်၊ ဒုတပ်ကြပ်ကျော်ကျော်ခိုင်၊ ဒုတပ်ကြပ်မျိုးမင်းဇော်တို့က ဆိုင်ကယ်ကယ်ရီမောင်း ၄၀ အား အသိပညာပေးဟောပြောရာတွင် ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းပါက မေးသိုင်းကြိုးမတပ်ခြင်းတို့ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အသက်အန္တရာယ်ဆုံးရှုံးသွားနိုင်ပါကြောင်း အသိပညာပေးဟောပြော ခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

*စာမျက်နှာ ၁၆ မှ အဆက်*

နှစ် ၃၀ စောင့်ရပါတယ်။ ဒီအတောအတွင်းမှာ ကျွန်းပင်တွေရဲ့ အလေ့ကျပြန်ပေါက်တဲ့အပင်တွေနဲ့ ဆက်လက်ပြီး ပြန်လည်ကြီးပြင်းရှင်သန်နေတာကြောင့် သစ်တောကြီးတွေဟာ လုံးဝပြုန်းတီးသွားတာမျိုးမရှိပါဘူး" ဟုလည်း သူက ဆိုသည်။

ယခု ကျွန်တော်တို့ ဖြတ်သန်းမောင်းနှင်လာခဲ့သော အုတ်တွင်း-ပေါက်ခေါင်းလမ်းတွင် အုတ်တွင်းမှ ပေါက်ခေါင်းသို့အသွား ၂၅ မိုင်နှင့် ပေါက်ခေါင်းမှ အုတ်တွင်းသို့အသွား ၂၅ မိုင် စုစုပေါင်း ၅၀ မိုင်ခန့်တွင် ကျေးရွာများ အဆက်မပြတ်ရှိခြင်း၊ လယ်မြေ၊ ယာမြေ၊ စားကျက်မြေများရှိနေခြင်းကြောင့် သစ်တောများ ပျောက်ကွယ်သွားသော်လည်း ကျန်သည့် ၇၅ မိုင် အကျယ်အဝန်းတွင် သစ်တောကြီးများကို ထူထပ်စွာ တွေ့မြင်ခဲ့ရသည်။

ကျွန်တော်လည်း ရှုရပ်တဲအောက်တွင် မျက်စိတစ်ဆုံးမြင်ရသော သစ်တောများကို ကြည့်ရှုကြည်နူးမိရင်း အားမလို အားမရဖြစ်လာ၍ ပေ ၂၀ ခန့်မြင့်သော မျှော်ကြည့်စင်ပေါ်သို့ တက်ကြည့်ပါသည်။ သစ်တောဦးစီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများကို မျက်မြင်တွေ့ရှိမှုနှင့်အတူ သူတို့၏ဆောင်ရွက်မှုများအပေါ် လေးစားချီးကျူးမိသည်။

ရှုရပ်မှတစ်ဆင့် ဆက်လက်ထွက်ခွာလာခဲ့ရာ မိုင်တိုင်(၄၃)တွင် သစ်တောဦးစီးဌာနမှ ဖြိုးစည်သူကုမ္ပဏီသို့ နှစ် ၃၀ စိုက်ပျိုးခွင့်ပြုပေးထားသော ကျွန်းစိုက်ခင်းဧက ၂၆၀၀ အနက် ၇၅ ဧကအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်ကာ လာရောက်လေ့လာလည်ပတ်မည့်ပြည်တွင်း/ပြည်ပ ဧည့်သည်များအတွက် တည်းခိုနေထိုင်စားသောက်မှုများ အဆင်ပြေစေရန်စီစဉ်ထားသည့် Bago Eco-Resort သို့ ရောက်ရှိကြပါသည်။

Bago Eco-Resort တွင် သစ်ပင်၊ ဝါးပင်များကို ထိခိုက်စေခြင်းမရှိဘဲ ရှောင်ကွင်း၍ အဆောက်အအုံများ၊ လမ်းများ၊ တံတားများကို ပြုလုပ်ဖန်တီးတည်ဆောက်ကာ သဘာဝကိုထိန်းသိမ်းထားသည့်ပုံစံဖြင့် ပြသဆွဲဆောင်ထားသည်။ အဆောက်အအုံများကို ကျွန်းစိုက်ခင်းမှ ပင်ကျပ်များခုတ်၍ ဖန်တီးတီထွင် ထည့်သွင်းထားသဖြင့်၊ လှလည်းလှ၊ အမြင်လည်းဆန်း၊ ဂေဟစနစ်လည်း ပျက်စီးမှုမရှိအောင် တစ်ချက်ခုတ် သုံးချက်ပြတ် ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

အဆိုပါ Resort တွင် ကျွန်းတောများအတွင်း၊ စက်ဘီးစီးခြင်း၊ ဆင်စီးခြင်း၊ ငှက်ကြည့်ခြင်း၊ ကရင်တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းစဉ်လာများ လေ့လာခြင်း၊ တောတွင်းလမ်းလျှောက်ခြင်း၊ ဆင်စခန်းများသို့သွားရောက်၍ ရေချိုးပေးခြင်း အစာကျွေးခြင်း၊ တောတွင်းရှိ ဇီဝမျိုးကွဲများ လေ့လာခြင်း၊ အမှတ်တရ ကျွန်းပင်များစိုက်ပျိုးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေပြီး လာမည့်ဇူလိုင်လကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Bago Yoma Eco-Resort ၏ Eco Tourism နှင့် တစ်ဆက်တစ်စပ်တည်းပင် ပြည်မြို့တောင်ဘက် ခြောက်ဖာလုံအကွာ ရန်ကုန်-ပြည် ကားလမ်းပေါ်တွင် ၁၈၅၇ ခုနှစ်က ဂျာမန်ပညာရှင် ဒေါက်တာဘရန်းဒစ် စိုက်ပျိုးခဲ့သည့် နှစ် ၁၆၀ သက်တမ်းရှိ ကျွန်းပင်ကြီးများတည်ရှိရာ ကျွန်းစိုက်ခင်း ၇၈ ဧကကို ခြေလျင်တောင်တက်ခရီးဖြင့် ကြည့်ရှုနိုင်သလို ပြည်မြို့မှ ငါးမိုင်အကွာ၊ နတ်မှော်ဆင်စခန်းတွင်လည်း ဆင်သရုပ်ပြမှုကို ကြည့်ရှုခြင်း၊ ဆင်စာကျွေးခြင်း၊ ဆင်စီးခြင်း၊ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ဆင်စီး၍ သဘာဝပတ်ဝန်းကျင်များကို ကြည့်ရှုကာ သန့်ရှင်းသောလေကို တဝကြီးရှူရှိုက်ခြင်း၊ ဧရာဝတီမြစ်အတွင်း ရေယာဉ်ဖြင့် လည်ပတ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာနက ပြင်ဆင်ဆောင်ရွက်ထားသည်။ ထို့အပြင် နတ်မှော်ဆင်စခန်းနှင့် တစ်ဆက်တည်းပင် ပုဂံယဉ်ကျေးမှုထက် နှစ် ၆၀၀ ခန့်စောခဲ့သော အေဒီ ၅ ရာစုက မြို့ပြနိုင်ငံတည်ထောင်ခဲ့သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူ သရေခေတ္တရာမြို့ဟောင်း၏ ယဉ်ကျေးမှုများကိုလည်း လေ့လာနိုင်သည်။

နတ်မှော်ဆင်စခန်းရှိ ရှင်းလင်းဆောင်တွင် ပဲခူးတိုင်းဒေသကြီး သစ်ထုတ်လုပ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးက ဆင်များ၏အမူအကျင့်များကို ရှင်းပြရာ အလွန်ပင်စိတ်ဝင်စားဖွယ် ကောင်းခဲ့ပြီး ကြမ်းတမ်းကြံ့ခိုင်လှသော ဆင်များ၏ ခံစားတတ်သော နူးညံ့သည့်စိတ်သဘောထားများကို သိခဲ့ရသည်။

"ကျွန်တော်တို့ သစ်ထုတ်လုပ်ငန်းမှာ ဆင်ဦးစီးတွေရဲ့ မျိုးဆက်တွေဟာ ဆင်ဦးစီးထိန်းသိမ်းတဲ့ ဆင်တွေရဲ့မျိုးဆက်တွေအပေါ်မှာလည်း ငယ်ငယ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ပြီး ဆင်ဦးစီးတွေအဖြစ် ဆက်လက် အမွေဆက်ခံကြတယ်။ ဒီလို ငယ်ငယ်ကတည်းက လူနဲ့ဆင် အတူသွား၊ အတူလာ၊ အတူနေထိုင်ကြီးပြင်းခဲ့ကြတဲ့ သံယောဇဉ်ကြောင့် ဆင်ဦးစီးတစ်ယောက် အရွယ်ရောက်လို့ မင်္ဂလာဆောင်မယ့်အချိန်မှာ ဆင်ဦးစီးထိန်းသိမ်းရတဲ့ဆင်ဟာ မင်္ဂလာပွဲပြုလုပ်မယ့် အခမ်းအနားကို ဖျက်ဆီးတာကြုံခဲ့ဖူးတယ်။ သူ့သဘောမကျကြောင်း ပြတာပေါ့ဗျာ"ဟု ဆင်ဦးစီးနှင့် ဆင်တို့၏ သံယောဇဉ်ကြီးမားဆက်နွှယ်ပုံကို သိရှိရခြင်းကြောင့် ဆင်များအပေါ် ပို၍ကရုဏာ ဖြစ်မိသည်။

ယခုအခါ ဆင်များကို အစွယ်၊ နှာမောင်း၊ အရေခွံ၊ အသား၊ ခွာစသည့်တစ်ကိုယ်လုံးကို ဝယ်ယူသည့် ဈေးကွက်အပြင် ဆင်ကိုမီးရှို့ပြီး ရရှိလာသောပြာကိုပင် ဝယ်ယူနေသည့်အတွက် တောဆင်ရိုင်းများ၊ အသက်ရှင်နေထိုင်နိုင်ရေးမှာ စိန်ခေါ်မှုတစ်ခုအဖြစ် ရင်ဆိုင်နေရသည်။ စောင့်ရှောက်ကာကွယ်မှုများကြားမှပင် ဆင်များကို ဖမ်းဆီးသတ်ဖြတ်ရောင်းချနေမှုကြောင့် မြန်မာနိုင်ငံတွင် တောဆင်ရိုင်း ၃၀၀၀ ခန့်၊ သစ်ထုတ်လုပ်ရေးဆင် ၃၀၀၀ ခန့်နှင့် ပုဂ္ဂလိကပိုင်ဆင် ၂၅၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း သိရှိရသည်။

ကျွန်တော်တို့အဖွဲ့ ပြည်မှ နေပြည်တော်သို့ အပြန်ခရီးကတော့ စတုတ္ထရိုးမဖြတ်လမ်းဖြစ်သည့် ကိုးပင်-သာဂရ ဖြတ်လမ်းမှ ပြန်လာခဲ့ပြီး လမ်းခရီးတွင် ဖိုးကျားဆင်စခန်းရှိသော်လည်း အဆိုပါ ဆင်စခန်းသို့ ရောက်ရှိချိန်တွင် ည ၇ နာရီကျော်ပြီမို့ မဝင်ဖြစ်တော့။ သစ်တောဦးစီးဌာနအဖွဲ့ကတော့ ပန်းတင်- ပျဉ်းမနားလမ်းမှ ပြန်လည်ထွက်ခွာသွားခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် သဘာဝသစ်တောကြီးများ၊ သဘာဝရေအိုင်ကြီးများ၊ သဘာဝတောရိုင်းတိရစ္ဆာန်များ၊ ရုက္ခဗေဒနှင့် ဇီဝဗေဒမျိုးစုံ/ မျိုးကွဲများဖြင့် စုံလင်နက်ရှိုင်းစွာ တည်ရှိနေပြီး အဆိုပါ သဘာဝတရားများကို ထိန်းသိမ်းကာကွယ်ကာ သဘာဝအခြေခံ ခရီးသွားဒေသများအဖြစ်သတ်မှတ်၍ စောင့်ရှောက်နေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နှစ်ခုတို့ စိတ်တူကိုယ်တူဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂလိကလုပ်ငန်းရှင်များမှလည်း ပူးပေါင်းပါဝင်လာရန် အရေးကြီးပြီး ပူးပေါင်းပါဝင်မှုကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုရှိစေသည့်အပြင် သစ်ခိုးထုတ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ ဂေဟစနစ်များ ယိုယွင်းပျက်စီးခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများကို ပျောက်ကွယ်ခြင်း၊ သဘာဝဘေးများကျရောက်ခြင်း စသည်တို့ကို လျော့ပါးစေမည်ဖြစ်သည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြင့် သဘာဝတရားကြီးနှင့်အတူ ဂေဟစနစ်များကိုပါ ထိန်းသိမ်းနိုင်သည့် အခွင့်အလမ်းကောင်းများ များစွာရှိနေသော်လည်း အကျိုးရှိစွာအသုံးပြုနိုင်ခြင်းမရှိပါက အချည်းနှီး ဖြစ်နေတတ်သည်။ ယခုအခါ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ ဒေသနေပြည်သူလူထုအကျိုးနှင့် မိမိအကျိုး ရရှိမှု မြင့်မားလာခြင်းကြောင့် သဘာဝအခြေခံ ခရီးစဉ်ဒေသများအတွင်း လိုအပ်နေသည့် ဟိုတယ်/တည်းခိုခန်း၊ eco-Lodges များ၊ ဧည့်ရိပ်သာများနှင့်အတူ တည်းခိုနေထိုင်စားသောက်ဆိုင်များ၊ ဆင်စခန်းများကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက တဖြည်းဖြည်း ပါဝင်လှုပ်ရှား ချဉ်းနင်းဝင်ရောက်လာနေကြပြီဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့သည် သဘာဝအခြေခံခရီးစဉ်ဒေသများအား အသုံးပြု၍ ခရီးသွားလုပ်ငန်း ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအပေါ် လိုအပ်သော ပံ့ပိုး၊ ကူညီ၊ အားပေး၊ ဖြည့်ဆည်းမှုများဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေကာ လက်ကမ်းကြိုဆို ဖိတ်ခေါ်လျက်ရှိနေပါသည်။ ဝန်ကြီးဌာနနှစ်ခု၏ တံခါးနှစ်ချပ်မှာ ခရီးသွားလုပ်ငန်းများအတွက် အမြဲတစေ ဖွင့်ထားပြီးဖြစ်၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား နွေးထွေးစွာဖြင့် အသင့်ကြိုဆိုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။



# ရာဇဝင်ရိုင်းသူများ နှင့် သရုပ်ဆောင် ပက်ထရစ်ရှာ

ကိုလင်း

စိန်ငွေရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး သိန်းသန်းထွန်း (မိုးတစေ) ရေးသားသော ဝတ္ထုကို ကိုအောင်က ဇာတ်ညွှန်းရေးဖွဲ့ထားသည့် ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) ၏ ရာဇဝင်ရိုင်း သူများ ဇာတ်ကားသည် လျှို့ဝှက်သည်းဖိုနှင့် ပညာပေးဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားတွင် အကယ်ဒမီ ပြေတီဦး၊ မြင့်မြတ်၊ လိုင်လာခမ်းနှင့် ပက်ထရစ်ရှာတို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြသည်။

"ဒီဇာတ်ကားထဲမှာ အတွင်းရေးမှူးမလေး အဖြစ်နဲ့ သရုပ်ဆောင်ထားပါတယ်။ ဇာတ်ကားထဲမှာတော့ ပြင်ဆင်မှုတွေ အများကြီးလုပ်မထားပါဘူး။ ပိုက်ဆံရှိတဲ့ အသိုင်းအဝိုင်းပုံစံမျိုးမဟုတ်ဘဲ ရိုးရိုးရှုံးစာရေးမလေးပုံစံနဲ့ ပြင်ဆင်ထားတာပါ။ ကျွန်မအတွက် ပထမဆုံးရိုက်ရတဲ့ ဇာတ်ကားလည်းဖြစ်တာကြောင့် အစစအရာရာ သတိထားပြီး ကြိုးစားသရုပ်ဆောင်ခဲ့ပါတယ်"ဟု ပက်ထရစ်ရှာက ပြောသည်။ အဆိုပါဇာတ်ကားသည် တစ်ဦးအပေါ်တစ်ဦး ခွင့်လွှတ်ခြင်း၊ နားလည်ခြင်းများ ထားရှိသင့်ကြောင်း၊ မိမိကျူးလွန်ထားသော လုပ်ရပ်များသည် အကောင်းရောအဆိုးပါ နောက်မှ အရိပ်သဖွယ် လိုက်ပါနေတတ်ကြောင်းကို ရည်ညွှန်းရိုက်ကူးထားခြင်းဖြစ်သည်။ ပညာပေးဇာတ်လမ်းကောင်း တစ်ပုဒ်လည်း ဖြစ်သည်။

ယင်းဇာတ်ကားတွင် မြင့်မိုရ်ဟိန်းနှင့် စင်သီယာတို့မှာ ချစ်သူများဖြစ်ကြပြီး မြင့်မိုရ်ဟိန်း သည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ မိုးဆွေသည်လည်း လူငယ်စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပြီး စီးပွားပြိုင်ကြသူများ ဖြစ်သည်။ မြင့်မိုရ်ဟိန်း၏ အတွင်းရေးမှူးမှာ ယိမ်းမြသာဖြစ်ပြီး သူဌေးနှင့် ရင်းနှီးကျွမ်းဝင်ကာ သူဌေးက လက်ထပ်ခွင့် တောင်းသော်လည်း အဝေးရောက်ချစ်သူ ကို တစ်နှစ်တိတိစောင့်ရန် ရည်ရွယ်ထားသည်။ လက်ထပ်မည့်အချိန်တွင် ပျောက်ဆုံးနေသော ချစ်သူမှာ ရောက်ရှိလာခဲ့တော့သည်။ အချစ်နှင့် အတ္တကို ရှေ့တန်းတင်သူ၊ ချစ်သူကို ပိုင်ဆိုင်ခွင့်ရချင် သူတို့၏ အတ္တ၊ မာနနှင့် ကလဲ့စားချေမှုတို့အကြား ယိမ်းမြသာအဖြစ် ပက်ထရစ်ရှာက ကြိုးစားသရုပ်ဆောင်ထားကြောင်း သိရသည်။

## ကြောက်ကြောက်ကြောက် ဇာတ်ကားကို ပညာပေးအဖြစ်နှင့် ကြည့်ရှုစေလို

အကယ်ဒမီ နေတိုး၊ ထွန်းထွန်း၊ မင်းသွေး၊ ခင်ဝင့်ဝါ၊ နန်းမြတ်ဖြိုးသင်းနှင့် ပိုပိုတို့ သရုပ်ဆောင်ထားသည့် ကြောက်ကြောက်ကြောက် ဇာတ်ကားကို ပညာပေးအဖြစ်နှင့် ရှုမြင်ကြည့်ရှုစေလိုကြောင်း ပါဝင်သည့် အနုပညာရှင်များက ပြောသည်။

"ဒီဇာတ်ကားက ဇာတ်ဝင်ခန်းတိုင်းမှာ ကိုယ်ဖြစ်ချင်တဲ့ လိုချင်တဲ့ ပုံစံလေးတွေကို ဒါရိုက်တာနဲ့ ညှိနှိုင်းရိုက်နိုင်ခဲ့တယ်။ သေသေချာချာ တိုင်ပင်လုပ်ဆောင်ခဲ့တဲ့အတွက် ဇာတ်ဝင်ခန်းတိုင်းက သဏ္ဍာန်လုပ်သရုပ်တူခဲ့တယ်။ ဟာသနဲ့အကြောက်တရားကို ပုံဖော်ထားပြီး သရဲကားဆိုတာမျိုး မဟုတ်ဘဲ ကိုယ်သေဆုံးတဲ့အခါ အယူအဆတွေ မှန်ကန်ဖို့ တရားသဘောနဲ့ ယှဉ်ပြီးပြသထားတဲ့ ဇာတ်ကားလေးပါ"ဟု အကယ်ဒမီ နေတိုးက ပြောသည်။ ယင်းဇာတ်ကား၏ ရိုက်ကူးရေးကာလတွင် သုံးပုံတစ်ပုံခန့်မှာ ရေစိုသည့် ဇာတ်ဝင် ခန်းများဖြစ်ပြီး ချမ်းအေးလှသည့် ပြင်ဦးလွင်မြို့တွင် ပင်ပန်းစွာ ရိုက်ကူးရကြောင်း၊ လေးငါးနှစ်လျှင် တစ်ကြိမ်မျှ ရှားရှားပါးပါး အဓိက ဇာတ်ဆောင်များထဲတွင် ပါဝင်ခွင့်ရ သည့် အနုပညာဇာတ်ကားတစ်ကားလည်းဖြစ်ကြောင်း၊ တစ်ခါမျှ မရိုက်ခဲ့ဖူးသည့် ကာရိုက်တာဖြစ်ခြင်းကြောင့် ရင်ခုန်ကြောင်း ထွန်းထွန်းက ပြောသည်။

ဝေလင်း

## သူ့အတွေးသူ့အမြင်

**နိုင်ငံပြင်ပ စင်မြင့်များထက်တွင် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများ ပိုမိုများပြားလာသဖြင့် ဝမ်းသာရသည်။ မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ပြသခဲ့သည့် အဝတ်အစားဒီဇိုင်နာ မေမြတ်ဝါဆို၏ စိတ်ကူးယဉ်ဆန်းသစ်ချက်များကို မြင်တွေ့ရသည့်အခါ ဖန်တီးသူအတွက် ဝမ်းသာဂုဏ်ယူမိသည်။ မြန်မာအမျိုးသမီးလေးများ မြန်မာ့ရိုးရာဝတ်စုံများကို ဂုဏ်ယူစွာဝတ်ဆင်ကြသည်မှာ မင်္ဂလာတစ်ပါးပင်။**

# ရိုးရာချိတ် မပျောက်ကွယ်စေချင်

ကိုလင်း

ခေတ်အမြင်ကို မြန်မာမှုဖြင့် ပေါင်းစပ်ကာ ရှေးမူမပျက် ချည်ထည် ကနုတ်လက်ရာများ၊ ပုသိမ်ထီးကလေးဖြင့် ယဉ်စစ လှပျိုဖြူများ နိုင်ငံတကာစင်မြင့်ထက်တွင် လျှောက်လှမ်းနေကြသည့် မြင်ကွင်းသည် တစ်ချိန်က ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းအစရှိသည့် မြန်မာတို့၏ ရွှေထီးဆောင်းချိန်ခါက အမျိုးသမီးများကို မြင်ယောင်ကြည့်ရင်း ကြည်နူးရသည်။

သို့သော်မကြာသေးမီက ပြည်တွင်းတွင် ကျင်းပသည့် ပွဲတော်တစ်ခု၌ တရုတ်နိုင်ငံဖြစ် နိုင်လွန်သားပိုးအတု ချိတ်များဖြင့် အလှမယ်ကလေးများ ဝတ်စားဆင်ယင်မှုကို မြင်တွေ့ရသည်။ အလှမယ်များ၊ အနုပညာရှင်များသည် ပြည်သူများ၏ ပြယုဂ်ပင်ဖြစ်ပြီး ချစ်သော အနုပညာရှင်များ၏ သုံးစွဲမှု၊ ဝတ်စားဆင်ယင်မှုသည် အနုပညာချစ် ပြည်သူများအတွက် ရှေ့ဆောင်လမ်းပြပင်ဖြစ်သည်။



လှပသော ရောင်စုံချိတ်များသည် ပြည်တွင်းထုတ်ချိတ်များနှင့် အဆင်တူ၊ ဒီဇိုင်းတူကို မြင်တွေ့ရသည်။ ရုတ်တရက်ကြည့်ပါက ပြည်ပမှ တင်သွင်းလာသည့်ချိတ်များသည် ပိုမို၍ပင် အရောင်သွေးတောက်ပသကဲ့သို့ ပိုမို၍ပင် အသုံးခံနေသည်ကို တွေ့ရသည်။ ခက်သည်မှာ ယင်းချိတ်များ၏ မူရင်းဒီဇိုင်းသည် မြန်မာ့ရိုးရာစစ်စစ် ချိတ်ဒီဇိုင်းများဖြစ်နေသည်မှာ ဝမ်းနည်းဖွယ်ပင် ဖြစ်သည်။

လူမှုကွန်ရက်မှတစ်ဆင့် ပျံ့နှံ့လာသည့် အိမ်နီးချင်းနိုင်ငံများ၏ ရိုးရာဒီဇိုင်းများကို လေ့လာကြည့်မိသည်။ အားလုံးလှပကြသည်။ သို့သော် မိမိတို့နိုင်ငံ၏ ရိုးရာချိတ်များသည် ပြည်ပသို့တင်ပို့ရန်ပင် နေနေသာသာ ပြည်တွင်းတွင် သုံးစွဲနိုင်ရန်ပင် ဈေးနှုန်းမှာ မြင့်မားလှသည်။ ထိုစဉ်တွင် ပြည်ပမှ တင်သွင်းသည့် ချိတ်သည် ငွေကျပ် ၂၀၀၀၀ ဝန်းကျင်သာရှိပြီး သာမန်လူတန်းစား များပင် ဝတ်ဆင်နိုင်သည်။ သို့သော် ရိုးရာတန်ဖိုးကို ရေရှည်တွင် ထိခိုက်လာနိုင်ပြီး ကိုယ့်ရိုးရာသည် အခြားနိုင်ငံများ၏ ရိုးရာဝတ်စုံအဖြစ် ရောက်ရှိနိုင်သည့် အခြေအနေဖြစ်လာနိုင်သည်။

လွန်းတစ်ရာချိတ်၊ ကြိုးကြိုးချိတ်များကဲ့သို့ ရှားပါးလှသည့် မြန်မာ့ရိုးရာ ချိတ်များအတိုင်း အဆင်တူ၊ အရောင်တူ ချိတ်များကို သူတစ်ပါးတိုင်းပြည်မှ ပြန်လည်ဝယ်ယူနေကြရခြင်းအတွက် များစွာစိတ်မကောင်း ဖြစ်မိသည်။ ရက်ကန်းရုံမှ ထွက်ပြီး ဒီဇိုင်နာ စိတ်ကြိုက်ဆင်ယင်အပ်သည့် ချိတ်တစ်ထည်သည် မြန်မာကျပ်ငွေ ၁၀ သိန်း ဝန်းကျင်ရှိနေချိန်တွင် ပြည်ပမှဝင်ရောက်သည့် လျှော်နိုင်ဖွပ်နိုင် အရောင်မကျနိုင်သည့် ဖဲသားပေါ်တွင် ရိုက်နှိပ်ထား သည့် ချိတ်ကို အထည် ၁၀၀ ဝယ်ယူလျှင် ငွေကျပ် ၂၈ သိန်းသာကျသည်။ ဝယ်ယူသူများအဖို့ ဈေးနှုန်းသက်သာသည့် ပစ္စည်းများကို ရွေးချယ်ဝယ်ယူပေ လိမ့်မည်။ ယင်းသို့နှင့်ကြာပါက ကိုယ့်အနုပညာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့် ဝတ်စုံအတွက် သူတစ်ပါးကို အားကိုးနေကြရတော့မည်။

ပြင်ဦးလွင်တွင် အနွေးထည်ဆိုင်များစွာရှိသည်။ လက်ဖြစ်သိုးမွေး အင်္ကျီထက် ပြည်ပက တင်သွင်းလာသည့် ဒီဇိုင်းလှလှ ဓာတုချည်မျှင်အနွေးထည် များက နေရာယူထားကြသည်။ အစားအစာ၊ အဝတ်အထည်နှင့် နောက်ဆုံး ဘုရားတင်သည့် ပန်းများကိုပင် ပြည်တွင်းကထွက်သည့် နှင်းဆီ၊ မေမြို့တို့ မျက်နှာငယ်ကြရပြီး ပြည်ပကပင် တင်သွင်းလာကြသည်။ မိမိတို့ တိုင်းပြည်၏ နောက်ခံသမိုင်းကြောင်းများဖြင့် ရုပ်ရှင်များတစ်ကားပြီး တစ်ကား ပြည်ပနိုင်ငံက ရိုက်ကူးသည်။ ဝတ်စားဆင်ယင်မှုများ အဆန်းထွင်သည်။ သင်ဖြူးဖျာတစ်ချပ်ဖြစ်ရန် ကြိုးစားပန်းစား ရက်လုပ်ကြရသည်။ တစ်ချပ်လျှင် ငွေကျပ်တစ်သောင်း ဝန်းကျင်ရှိသည်။ ပြည်ပမှ ပလတ်စတစ်ဖျာများ ဝင်ရောက်လာသည့် အနိမ့်ဆုံး ငွေကျပ် ၃၅၀၀ဖြင့် အလွယ်တကူ ဝယ်ယူနိုင်လာသည်။ မြန်မာအမျိုးသမီးများ နေ့စဉ်လိမ်းခြယ်သည့် သနပ်ခါးကိုပင် မိမိတို့မြန်မာနိုင်ငံ၏ ထုတ်ကုန်အဖြစ် သိနိုင်ရန် ခက်ခဲလာသည်။ အဓိက အကြောင်းသည် မူပိုင်ခွင့် အားနည်းခြင်း၊ အရည်အသွေးထိန်းချုပ်မှု အားနည်းခြင်းနှင့် ဆန်းသစ်တီထွင်မှု အားနည်းခြင်းတို့ကြောင့်ပင် ဖြစ်သည်။

ပြည်ပကပင် မြန်မာ့ချိတ်အဆင်များကို ငွေကျပ် ၂၀၀၀၀ ဖြင့် ရောင်းချနိုင်သည်ဆိုပါက ပြည်တွင်းတွင်ရော ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ပေးခြင်း၊ တင်သွင်းသူများကလည်း မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တာဝန်သိစိတ်တို့ဖြင့် ကိုယ့်နိုင်ငံ၏ ယဉ်ကျေးမှု၊ ရိုးရာနှင့် အလုပ်လုပ်နိုင်သူများအတွက် အလုပ်အကိုင်အခွင့်လမ်းများကို ထည့်သွင်းစဉ်းစားစေလိုသည်။

ဇင်းမယ်အဆင်များကိုမြင်သည်နှင့် ဒါထိုင်းနိုင်ငံမှ ထုတ်လုပ်ကြောင်းကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုသည်။ မြန်မာ့ချိတ်များသည် အလှပေါ် အယဉ်ဆင့် မြန်မာအမျိုးသမီးများအတွက် ဂုဏ်တင့်စရာ၊ ပွဲတက်ဝတ်စုံ ဖြစ်သည်။ ယင်းတို့သည် ပြည်ပတွင် ကိုယ့်နိုင်ငံ၊ ကိုယ့်ရိုးရာဝတ်စုံမှာ အခြားနိုင်ငံများ၏ ထုတ်ကုန်စာရင်းတွင်မပါဝင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းအဖြေရှာသင့်လှသည်။

ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ရေခံမြေခံကောင်းများ ပိုင်ဆိုင်ထားပါလျက် ပြည်ပမှပင် ပြန်လည်မှာယူသုံးစွဲနေရသည့် ယဉ်ကျေးမှုပုံတူခိုးယူခံရသည့် အခြေအနေအတွက် စိုးရိမ်မိသည်။ ထို့ကြောင့် မျိုးဆက်သစ် ပညာရှင်လူငယ်လူရွယ်များ ကိုယ့်တိုင်းပြည်တွင်ရှိသည့် ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းရင်း တိုင်းတစ်ပါး၏ အသုံးချခံမဖြစ်စေရန် ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အတွေးဖြင့် ကာကွယ်ထိန်းသိမ်းသင့်ပါကြောင်း။

**ပြည်ပမှ တင်သွင်းလာသည့် ချိတ်များသည် ပိုမို၍ပင် အရောင်သွေးတောက်ပသကဲ့သို့ ပိုမို၍ပင် အသုံးခံနေသည်ကို တွေ့ရသည်။ ခက်သည်မှာ ယင်းချိတ်များ၏ မူရင်းဒီဇိုင်းသည် မြန်မာ့ရိုးရာစစ်စစ် ချိတ်ဒီဇိုင်းများဖြစ်နေသည်မှာ ဝမ်းနည်းဖွယ်ပင် ဖြစ်သည်။**

# မြန်မာ့ဇာတ်သဘင် သစ္စာထားနှစ်ပါးသွား ပြိုင်ပွဲ ကျပ်သိန်း ၁၀၀ ချီးမြှင့်မည်

မြေဝိုင်းဇာတ်သဘင်ခေတ်မှစတင်ခဲ့သည့် ပျောက်ကွယ်လုနီးပါးဖြစ်နေရပြီး ဇာတ်သဘင်ပညာရှင်များ စုပေါင်းထိန်းသိမ်းခဲ့သည့် တစ်ခေတ်တစ်ခါက ဇာတ်သဘင်လောကတွင် အောင်မြင်ကျော်ကြားလူကြိုက်များခဲ့ရသော သစ္စာထား နှစ်ပါးသွားကို ပြိုင်ပွဲအသွင်ဖြင့် ပြန်လည်မြင်တွေ့ရတော့မည် ဖြစ်သည်။

"ကျွန်တော်တို့သိသလောက်တော့ ဒီလိုပြိုင်ပွဲမျိုးတစ်ခါမှ မလုပ်ခဲ့ပါဘူး။ အဓိကကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှု မြန်မာ့ဇာတ်သဘင်စစ်စစ်တွေကို ကြည့်သူလည်းအားနည်းလာခဲ့ပြီ။ ဇာတ်တွေအများစုကလည်း ခေတ်စနစ်နဲ့အညီ ပြောင်းလဲလာတော့ ရိုးရာယဉ်ကျေးမှု၊ ဇာတ်ယဉ်ကျေးမှုကိုလည်း လိုက်ပြောင်းလဲရတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ Double Win Enter-tainment Services ကနေ သစ္စာထား နှစ်ပါးသွားကို ပြန်လည်ဖော်ထုတ်ကြည့် တာပါ။ မျိုးဆက် သစ်တွေကို မွေးထုတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပြိုင်ပွဲကို လုပ်ဖို့တိုင်ပင်ခဲ့ကြတယ်။ အဓိကကတော့ ယဉ်ကျေးမှုဦးစီး ဌာနက တာဝန်ရှိသူတွေ၊ သဘင်ကောင်စီရဲ့တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး လုပ်ဖြစ်တယ်"ဟု Double Win မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ရိုးရာသဘင်၏ သစ္စာထားနှစ်ပါးသွားပြိုင်ပွဲသည် နှောင်းခေတ် မျိုးဆက်သစ် လူငယ်သဘင်ပညာရှင်များ ထွက်ပေါ်လာစေရန် အဓိကရည်ရွယ်ပြီး မြန်မာ့ရိုးရာ ဇာတ်သဘင်ကိုလည်း မတိမ်ကောလိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အားလုံးကိုလည်း အားပေးကြည့်ရှုစေလိုကြောင်း စီစဉ်သူများက ဆိုသည်။

အဆိုပါ ပြိုင်ပွဲကို ငွေကျပ် သိန်း ၁၅၀၀ ခန့် အကုန်အကျခံကာ ကျင်းပခြင်းဖြစ်ပြီး အမျိုးသားဇာတ် ရုံတွင် ကျင်းပရန် ရည်ရွယ်ထားကြောင်း၊ ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များ၊ ပြိုင်ပွဲအမျိုးအစားနှင့်အကဲဖြတ်ကြမည့်ဒိုင်များ၊အမှတ်ပေးစည်းမျဉ်း သတ်မှတ်ချက်များကို သဘင်ပညာရှင်များ ညှိနှိုင်းရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲနဲ့ပတ်သက်ပြီး အတော်လေးမျှော်မှန်းထားပါတယ်။ သဘင်ပညာကို စိတ်ဝင်စားလာစေမယ်လို့လည်း ယုံကြည်တယ်။ ကျွန်တော်တို့ဆီမှာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေရှိပေမယ့် လူအများကြီး စိတ်ဝင်စားလာအောင် မလုပ်ဆောင်နိုင်သေးတာကို တွေ့ရတယ်။ ဒီလိုသီးသန့် နှစ်ပါးသွားလည်း ပြိုင်ပွဲမှာ သီးသန့်ပါဝင်တာမျိုး မရှိဘူး။ ဒီလိုပြိုင်ပွဲတွေကျင်းပလိုက်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ နောင်မျိုးဆက်သစ်တွေက သစ္စာထား နှစ်ပါးသွားဆိုတာ ဘယ်လို၊ ဘယ်ခေတ် ဘယ်ကာလက စတင်ခဲ့တယ်။ ခေတ်အဆက်ဆက် ဘယ်လို ပြောင်းလဲလာ ခဲ့တယ်ဆိုတဲ့ ယဉ်ကျေးမှုနဲ့ အနုပညာတန်ဖိုးတွေကို ပိုသိလာမယ်။ ဆုကြေးကိုလည်း ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ဒါကလည်း အနုပညာကို တန်ဖိုးထားစေချင်ကြလို့ဖြစ်ပြီး၊ ဇာတ်သဘင်လောကသား တွေအတွက်လည်း မိမိကျင်လည်ရာလောကကို မြှင့်တင်ဖို့၊ တန်ဖိုးထားစေဖို့ ရည်ရွယ်တယ်။ ဆုကြီး အပြင် မင်းသား အကောင်းဆုံး ဆု၊ မင်းသမီး အကောင်းဆုံးဆု၊ လူရွှင်တော် အကောင်းဆုံးဆုတွေ ကိုလည်း ချီးမြှင့်သွားဖို့ ရှိတယ်"ဟု မြန်မာနိုင်ငံသဘင် ပညာရှင်များ အစည်းအရုံး (ဗဟို) မှ အတွင်းရေးမှူး ဦးမိုးဝင်းက ပြောသည်။



စိတ်ပါဝင်စားသူများသည် အမှတ် ၅၇ ဒုတိယထပ် ပါရမီလမ်းမကြီး လှိုင်မြို့နယ် ဖုန်း-၀၉-၄၂၀၂၄၁၇၃၃၊ ၀၉-၂၅၀၄၂၃၆၄၂ သို့ ဆက်သွယ်၍ ပါဝင် ယှဉ်ပြိုင်ရန် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကိုလင်း

## နိုင်ငံတကာအနုပညာမှတ်စု

# ''Home Alone'' ဇာတ်ကားထဲမှ သရုပ်ဆောင် John Heard ကွယ်လွန်

"Home Alone" ဇာတ်ကားဟာ ၁၉၉၀ ပြည့်နှစ်က ရိုက်ကူးတင်ဆက်ခဲ့တဲ့ အမေရိကန် ဟာသဇာတ်လမ်းဖြစ်ပါတယ်။ ကမ္ဘာနှင့်တစ်ဝန်း အောင်မြင်ခဲ့တဲ့ ဇာတ်ကားဖြစ်ပြီး မြန်မာပြည်က ပရိသတ်တွေဟာလည်း အထူးကြိုက်နှစ်သက်ခဲ့ကြပါတယ်။ ခရစ်စမတ်အားလပ်ရက်မှာ ပါရီကို မိသားစုလိုက် ခရီး ထွက်ကြရာမှာ မထင်မှတ်ပဲ အိမ်မှာကလေးတစ်ဦးကျန်ရစ်ခဲ့တာကို ဇာတ်အိမ်တည်ရိုက်ကူးထားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ အိမ်ကို ဖောက်ထွင်းဖို့ကြိုးစားခဲ့တဲ့ ဖောက်ထွင်းသမားနှစ်ဦးရဲ့ ရန်ကို ကလေးငယ်က ကြိုးစားကာကွယ်တာကို ဟာသနှော ရိုက်ကူးခဲ့တာဖြစ်ပြီး အမေရိကန်မှာ အအောင်မြင်ဆုံးနဲ့ လူကြိုက်အများဆုံးရုပ်ရှင်ဖြစ်ခဲ့ပါတယ်။

အခုအချိန်မှာတော့ "Home Alone "ဇာတ်ကားထဲမှာ အဓိကကလေး သရုပ်ဆောင် မက်ကောလေးရဲ့ ဖခင်အဖြစ်သရုပ်ဆောင်ခဲ့သူ ရုပ်ရှင်သရုပ်ဆောင် John Heard ဟာ အသက် ၇၂ နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။

ဟိုတယ်တစ်ခုအတွင်းမှာ သေဆုံးခဲ့ပြီး ဘာရောဂါကြောင့်သေဆုံးခဲ့ရတယ်ဆိုတာကိုတော့ မသိ ရသေးပါဘူး။ ဒါပေမယ့်လည်း John ရဲ့ကိုယ်စားလှယ်ကတော့ John ဟာဗုဒ္ဓဟူးနေ့ကပဲ အသေးစား နောက်ကျောခွဲစိတ်မှုတစ်ခုကို ပြုလုပ်ခဲ့တယ်



လို့ဆိုပါတယ်။ ခွဲစိတ်မှုပြုလုပ်ပြီးတဲ့နောက် ဟိုတယ်မှာပဲ အနားယူခဲ့ပါတယ်။

John ရဲ့သေဆုံးမှုဟာ သရုပ်ဆောင်လောကအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုကြီးပဲ ဖြစ်ပါတယ်။ ၎င်းသေဆုံးသွားကြောင်း သတင်းကြားရပြီးတဲ့အချိန်မှာတော့ ပရိသတ်အများအပြားဟာ တွစ်တာ စာမျက်နှာပေါ်မှာ ၎င်းသေဆုံးသွားတဲ့အတွက် ဝမ်းနည်းကြေကွဲရကြောင်း စာတွေရေးသားခဲ့ကြပါတယ်။ John ဟာ Home Alone ရုပ်ရှင်နဲ့အတူ အောင်မြင်ကျော်ကြားလာခဲ့တာဖြစ်ပြီး လူတွေကလည်း သူ့ကို ဒီရုပ်ရှင်နဲ့ပဲတွဲသိကြပါတယ်။ John မှာ ရည်းစားဟောင်း မယ်လီဆာလီယိုနဲ့ရတဲ့ သားတစ်ဦးနှင့် ဇနီးဟောင်း ရှာရွန်ဟာဒ့်နဲ့ရတဲ့ကလေးနှစ်ဦး စုစုပေါင်း သားသမီးသုံးဦး ထွန်းကားခဲ့ပါတယ်။

**ခြူး(ကိုးကား-Hello)**




မြို့ရွှေမန်းသားလေးဖိုးချစ်က ရိုက်ကူးတင်ဆက်လျက်ရှိသည့် နာမည်ကျော် ပြဇာတ်ဆရာကြီး မြို့တော် မောင်ယဉ်အောင်၏ နောင်တွင်ဥဒါန်းတွင်စေသတည်းကို မန္တလေးမြို့ရှိအထင်ကရနေရာများတွင် ရုပ်ရှင်သရုပ်ဆောင်များက သွားရောက်လှည့်လည်ရိုက်ကူးနေပြီ ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ရန်အောင်၊ လူမင်း၊ ဖိုးချစ်၊ အလင်းရောင်၊ မေသဥ္ဇာဦး၊ မေသန်းနု၊ အေးမြတ်သူနှင့် ရတနာမိုင်တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြပြီး ဇာတ်ကား၏ အဓိကဇာတ်ကောင်အဖြစ် မေသဥ္ဇာဦးကို ဦးစားပေးရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက တစ်ချိန်က နာမည်ကြီးခဲ့တဲ့ ဆရာကြီး မောင်ယဉ်အောင်ရဲ့ ပြဇာတ်တစ်ပုဒ် ဖြစ်ပါတယ်။ မန္တလေးမြို့ရဲ့အထင်ကရနေရာတွေကို ပြသတဲ့ဇာတ်ဖြစ်ပြီး မန္တလေးဆေးတက္ကသိုလ်ကြီးမှာ ပြသတဲ့ ပြဇာတ်ကို ကိုးကားပြီးတော့ ဇာတ်လမ်း ဇာတ်အိမ်ဖန်တီးပြီး ရိုက်ကူးဖြစ်တာပါ။ ဒီဇာတ်ကားလေး ရိုက်မယ်ဆိုပြီး ဇာတ်ညွှန်း ရတော့၊ အလွန်ကောင်းတဲ့ ဇာတ်လမ်းလေးလည်းဖြစ်တော့ လက်ကနေတောင် မချချင်ဘူး။ ဒီဇာတ်ကားက တန်ဖိုးရှိတဲ့ ဇာတ်ကားကောင်းလေးဖြစ်လာမယ်လို့ ယုံကြည်တယ်"ဟု ပါဝင်သရုပ်ဆောင်ထားသူ အေးမြတ်သူက ပြောသည်။ ထိုဇာတ်ကားကို မျိုးဆက်သုံးဆက်အသွင် ဖန်တီးထားပြီး ဒုတိယမျိုးဆက်အဖြစ် အေးမြတ်သူက ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ယင်းမျိုးဆက်သုံးဆက်တွင် အမျိုးသမီးတစ်ဦးချင်းစီ၏ မာန၊ အတ္တများကို သရုပ်ဖော်ထားပြီး ယင်းတို့နှင့် ပြည့်နှက်နေသည့် ဘဝများ၏ ဖြတ်သန်းရပုံများကို ရိုက်ကူး ထားခြင်းဖြစ်သည်။

မြို့ရွှေမန်းသားလေးဖိုးချစ်က အဆိုပါဇာတ်ကားအပြင် စာရေးဆရာကြီး မြသန်းတင့်၏ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် ဝတ္ထုကိုလည်း ဒါရိုက်တာ မောင်ယဉ် အောင် (မြို့တော်)က ဆန်းသစ်၍ရိုက်ကူးဖန်တီးနေပြီး ယင်းဇာတ်ကားမှာ မကြာမီ ရုံတင်ပြသတော့မည် ဖြစ်သည်။

**ဝေလင်း**

# ဆင်ပွဲမတိုင်မီဆင်ရုပ်ချိုးပညာရှင်များဝင်ငွေကောင်း



**ကျောက်ဆည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ မြို့ပေါ်ရပ်ကွက်များမှ ဆင်ရုပ်ချိုးပညာရှင်များသည် သီတင်းကျွတ်လရာသီရောက်ခါနီးတွင် အလှူခံထွက်ရန်နှင့် ပြိုင်ပွဲဝင်ဆင်များ ကြိုတင်ပြင်ဆင်မှုကြောင့် ဝင်ငွေကောင်းမွန်လျက်ရှိသည်။

ဆင်ရုပ်ချိုးရာတွင် တင်းဝါး၊ မျှင်ဝါး၊ ဝါးပိုးဝါး၊ မှိုင်းခံစက္ကူ၊ ဘိလပ်မြေစက္ကူ၊ ကလက်ရွှေစက္ကူတို့ လိုအပ်သည့်အပြင် ရေဆေး၊ဆီဆေး၊ ငွေရောင်စက္ကူတို့လိုအပ်သည့်အပြင် ဆင်နှာမောင်းအတွက် ဖဲစ၊ ကဲစတို့ဖြင့်ပြုလုပ် ရသည်။ ဝမ်းဗိုက်ခွေ၊တင်ပါးခွေ၊ဝမ်းဗိုက် ရှေ့ခွေ၊ဇက်ခွေ၊ နောက်ပေါင်းအိုးခွေ၊ ရှေ့ ပေါင်းအိုးခွေ လက်ကိုင်ဝါးတို့ဖြင့် အချိုးအစားညီမျှသော ဆင်ကိုယ်ထည်ကို ပြုလုပ်ရသည်။ ဆင်ဦးခေါင်းကို နောက်ပိတ်ဘဲဥခွေ၊ လက်ကိုင်ကိုင်း၊ နှာဆင့်ခွေ၊ နှာလယ်ခွေ၊ နှာဖျားခွေ၊ လည်ခွေ၊ လည်ဆင့်ခွေတို့ပြုလုပ်ပြီး ဝါးနှီးငယ်များဖြင့် ရက်လုပ်အကြမ်းထည်ဖော်ပြီး လိုအပ်သည့်စက္ကူများအဆင့်ဆင့်ကပ်ရသည်။

ရိုးရာဆင် တစ်စည်းကန်ကျငွေကျပ် ၁၄၀၀၀၀၊ ပြန်လည် ရောင်းချလျှင်ငွေကျပ် ၁၈၀၀၀၀၊ ဘော်ကြယ်ဆင်တစ်ခု ကုန်ကျငွေကျပ် ၂၅၀၀၀၀၊ ပြန်လည်ရောင်းချငွေကျပ် ၃၅၀၀၀၀၊ လုပ်အားခမှာ ဆင်တစ်စီးလျှင်ငွေကျပ် ၅၀၀၀၀ ကုန်ကျသောကြောင့် တစ်ပတ်အမြတ်ငွေကျပ် ၁၀၀၀၀၀ ရရှိကြောင်း ဆင်ချိုးပညာရှင်၏ပြောပြချက်အရ သိရသည်။

**ခင်မောင်လွင်**

# မြစ်ရေမတက်မီက ကျေးရွာပြည်သူစုပေါင်းလုပ်အားဖြင့် မျောရေကာတာများပြုလုပ်ခဲ့၍ ကမ်းပြိုသက်သာ

**ရေစကြို ဇူလိုင် ၂၅**

ပခုက္ကူခရိုင်ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေသည်ကျဆင်းလျက်ရှိရာ ကမ်းပြိုကျေးရွာတစ်ရွာဖြစ်သော ဇရပ်နီကျေးရွာတွင် မြစ်ရေကျသဖြင့် မြစ်ကမ်းထပ်မံပြိုကျကာ လူနေအိမ်များပြောင်းရွှေ့ရမည်ကို စိုးရိမ်ကြလျက်ရှိသည်ဟု သိရသည်။

"ကျွန်တော်တို့ ဇရပ်နီကျေးရွာမှာ ကမ်းပြိုနေတာ သုံးနှစ်ရှိပါပြီ၊ သုံးနှစ်အတွင်းကို မြေဧက ၂၀၀ကျော်လောက် ကမ်းပြိုတဲ့အထဲပါသွားပါတယ်။ မနှစ်က မြေဧက ၁၀၀လောက် ကမ်းပြိုတဲ့ထဲ ပါသွားပါတယ်။ မနှစ်က ကမ်းပြိုမယ့်ထဲပါမယ့်လူနေအိမ် ၅၀ကျော်လောက်ပြောင်းရွှေ့ခဲ့ရတယ်။ ဒီနှစ်တော့ ကျွန်တော်တို့ ရွာက ကိုယ့်အားကိုယ်ကိုး ရေကာတာလုပ်ခဲ့တာရော၊ မြစ်ချောင်းဖွံ့ဖြိုးရေး ဌာနက ရေကာတာတစ်ခု လာလုပ်ပေးခဲ့တာရောကြောင့် မနှစ်ကနဲ့စာရင်ကမ်းပြိုသက်သာတယ်။ ဒီနှစ်လူနေအိမ် ၂၆လုံးဘဲပြောင်းရွှေ့ခဲ့ရတယ်။ မြေဧက ၃၀ လောက်ပဲပြိုသေးတယ်"ဟု ဦးသောင်းရွှေကပြော သည်။

ယခုနှစ်မြစ်ရေမတက်မီ မေလအတွင်းက ဇရပ်နီကျေးရွာတွင်ကမ်းပြိုကာကွယ်ရန် မျောတိုင်စိုက်သဲအိတ်ချရေကာတာတည်ဆောက်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်ဟု သိရသည်။

ရေကာတာတစ်ခုချင်းစီကို မျောတိုင်တစ်ထောင်လောက်စိုက်ပြီးတော့ သဲအိတ်ချ၊ ဝါးထရံချပ်တွေချ၊ ပိုက်တွေအုပ်ပြီး ကမ်းပြိုသက်သာအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ မျောတိုင်ရေကာတာတစ်ခုကို အရှည်ကပေ ၁၀၀ လောက်ရှည်ပါတယ်။ ကုန်ကျငွေက မျောတိုင်ဖိုးငွေကျပ် ၁၅ သိန်းလောက် ကုန်ကျပါတယ်။ လုပ်အားကိုလည်း ရွာက စုပေါင်းအားနဲ့ ဝိုင်းဝန်းဆောင်ရွက်ကြတာပါ၊ အဲဒါကြောင့် အခုလောက်ကမ်းပြိုသက်သာခဲ့တာပါ"ဟု ဦးဖိုးရီက ပြောသည်။

ထိုကဲ့သို့ ကျေးရွာလုပ်အားဖြင့် တည်ဆောက်ခဲ့သော မျောတိုင်စိုက်ရေကာတာများသည် ယခုအချိန်တွင် မြစ်ရေအောက်တွင် နစ်မြုပ်လျက်ရှိပြီး အချို့နေရာများမှာလည်း ရေစီးဖြင့်မျောပါပျက်စီးလျက်ရှိသဖြင့် ချင်းတွင်းမြစ်ရေပြန်လည်ကျဆင်းချိန်၌ ကမ်းပြိုခြင်း ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်ကြလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# မြို့နယ် ပန်းချီပန်းပုအစည်းအရုံးများမှပြပွဲများ ကျင်းပမည်

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ မြို့နယ် ပန်းချီပန်းပု အစည်းအရုံး များ၏ လှုပ်ရှားမှုအဖြစ် လာမည့်ဩဂုတ်လအတွင်း ပန်းချီပန်းပုပြပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း အောင်မြေသာစံမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံးဝင်ကို မိုးမြင့်ထွန်းက ပြောသည်။

မြို့နယ် ပန်းချီပန်းပုအစည်းအရုံးများ၏လှုပ်ရှားမှုအဖြစ် လာမည့် ဩဂုတ် ၁ ရက်တွင် ချမ်းမြသာစည်မြို့နယ် ပန်းချီပန်းပုအစည်းအရုံးမှ ပထမအကြိမ် စတင်



ပြသသွားမည်ဖြစ်ပြီး ဩဂုတ် ၁၉ ရက်တွင် အောင်မြေသာစံမြို့နယ်တွင် ဒုတိယအကြိမ်မြောက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မန္တလေး ခုနစ်မြို့နယ်လုံးမှာ မြို့နယ်အလိုက် ပန်းချီပန်းပုအစည်းအရုံးတွေကို ဗဟိုကနေလာရောက်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အစည်းအရုံးတွေဖြင့် လှုပ်ရှားမှုအနေနဲ့ အောက်ဒိုးပန်းချီဆွဲခြင်းအပြင် ပြပွဲတွေလည်း ကျင်းပသွားဖို့ ရှိပါတယ်။ ဒီပြပွဲတွေသာမက ပန်းချီတွေမက ပန်းပုတွေပါ ပြသသွားမှာပါ" ဟုၛင်းက ဆက်လက်ပြောပြသည်။

အဆိုပါ မြို့နယ်ပန်းချီပန်းပုပြပွဲများအပြင်မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)မှ ဦးဆောင် ကျင်းပမည့် ပန်းချီပန်းပုအစည်းအရုံး နှစ်၁၀၀ပြည့် ပန်းချီနှစ်တစ်ရာပြည့် ပြပွဲကို ပုဂံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီပန်းပုပညာရှင်များ သာမက ပြင်ပနိုင်ငံများမှပညာရှင်များလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# မန်ယူ၊ အာဆင်နယ်နဲ့ ဂျူဗင်တပ်စ်တို့ ခေါ်ယူဖို့ အပြိုင်ကြိုးစားနေတဲ့ အဆန်စီရို

ဘောလုံးသမား အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး လှုပ်ခတ်နေဆဲ ကာလမှာတော့ အခုလောလောဆယ်မှာ မန်ယူ၊ အာဆင်နယ်နဲ့ ဂျူဗင်တပ်စ်အသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားခြင်း ခံနေရတဲ့ အဆန်စီရိုရဲ့သတင်းက ရှေ့တန်းကို ရောက်ရှိလာပြန်ပါတယ်။

ရီးရဲမက်ဒရစ်အသင်းရဲ့တောင်ပံကစားသမားဖြစ်တဲ့ အဆန်စီရိုကို မန်ယူနဲ့ အာဆင်နယ်တို့က ပြောင်းရွှေ့ကြေး မြင့်မြင့်မားမားပေးပြီး ခေါ်ယူဖို့ကြိုးစားနေကြပြီး အေးဂျင့်တွေကတစ်ဆင့် ဆွေးနွေးမှုတွေပြုလုပ်နေကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် တောင်ပံကစားသမား အဆန်စီရိုဟာ ဥရောပဘောလုံးဈေးကွက်ကို လှုပ်လှုပ်ရှားရှားဖြစ်စေတဲ့ လူငယ်ဘောလုံးသမားတစ်ဦးအဖြစ် ရောက်ရှိလာပါတယ်။

နာမည်အပြည့်အစုံက မာကိုအဆန်စီရိုဖြစ်ပြီး အသက်က ၂၁ နှစ်ပဲ ရှိပါသေးတယ်။ စပိန်နိုင်ငံ ပါလ်မာမြို့က ဇာတိဖြစ်ပြီး ဖခင်က စပိန်နိုင်ငံသားဖြစ်သလို မိခင်က ဒတ်ချ်နိုင်ငံသူဖြစ်ပါတယ်။ လူငယ်ဘဝမှာ ဇာတိမြို့မှာရှိတဲ့ အာစီဒီမာရော့ကာအသင်းမှာ ကစားခဲ့သူဖြစ်ပါတယ်။ အဲဒီ လူငယ်ဘဝမှာကတည်းက သူ့ရဲ့ကစားပုံကို နှစ်သက်တဲ့အတွက် ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာအသင်း ကင်းထောက်တွေက သတင်းပေးပို့မှုကတစ်ဆင့် နှစ်သင်းစလုံးက အပြိုင်ခေါ်ယူခဲ့ရာမှာ ရီးရဲမက်ဒရစ်ကို ၂၀၁၄ ခုနှစ်မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။

အဆန်စီရိုဟာ အသက် ၁၇ နှစ်အရွယ်ကတည်းက မာရော့ကာ(B) အသင်းကို စတင်ရောက်ခဲ့ချိန်က စတင်ပြီး ၂၀၁၃-၂၀၁၄ ရာသီမှာ ပွဲပေါင်း ၁၄ ပွဲကစားခဲ့ပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် မာရော့ကာ (B) အသင်းမှ မာရော့ကာ အသင်းကြီးကို တက်ရောက်ကစားဖို့ ခေါ်ယူခြင်းခံခဲ့ရသူဖြစ်ပါတယ်။ မာရော့ကာအသင်းမှ ကစားနေစဉ်မှာပဲ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှာ ရီးရဲမက်ဒရစ်အသင်းက မရရအောင်ခေါ်ယူခဲ့တာမို့ အသက် ၁၇ နှစ်အရွယ်မှာပဲ ရီးရဲမက်ဒရစ်ကို ရောက်ရှိလာခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။

အဆန်စီရိုကို ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေးယူရို ၃ ဒသမ ၉ သန်းပေးပြီး ခြောက်နှစ်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ရီးရဲမက်ဒရစ်က အဆန်စီရိုကို ပိုင်ဆိုင်ခဲ့ပြီး အသင်းကြီးမှာ ပုံမှန်ပွဲထွက်ခွင့်မပေးနိုင်သေးတာမို့ သူ့ရဲ့ ခြေစွမ်းတိုးတက်အောင် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ မာရော့ကာအသင်းကိုပဲ တစ်နှစ်အငှားပြန်ချပေးခဲ့ပါတယ်။

အဲဒီနောက် တစ်နှစ် အငှားချထားပြီးတဲ့အခါ အက်စ်ပန်ညိုအသင်းကို ၂၀၁၅-၂၀၁၆ တစ်ရာသီ အငှားဆက်လက်ချထားခဲ့ပြန်ပါတယ်။ အက်စ်ပန်ညိုအသင်း အတွက် ၃၄ ပွဲ ကစားခဲ့ပြီး လေးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အဲဒီနောက် ရီးရဲမက်ဒရစ်အသင်းမှာ ပြန်ကစားပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာ အဆန်စီရိုဟာ ရီးရဲမက်ဒရစ်အတွက် စုစုပေါင်း ၃၈ ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၁၀ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် ရီးရဲမက်ဒရစ်ကလည်း တောင်ပံကစားသမား အဆန်စီရိုကို ရောင်းချဖို့ ဆန္ဒမရှိဖြစ်နေပါတယ်။ ဒါပေမယ့် ဘယ်ခြေရော ညာခြေပါ ကောင်းကောင်း အသုံးချနိုင်တဲ့အပြင် အဆုံးသတ် ဂိုးသွင်းမှု သေချာတဲ့ အဆန်စီရိုကို မန်ယူနဲ့ အာဆင်နယ်တို့အပြင် ဂျူဗင်တပ်စ်ကလည်း ခေါ်ယူနိုင်ဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။

အဆန်စီရိုဟာ စပိန်အသင်းအတွက် ယူ-၁၆၊ ယူ-၁၉၊ ယူ-၂၁ နဲ့ အခုဆိုရင် စပိန်လက်ရွေးစင်အသင်းကြီးမှာလည်း ပါဝင်ကစားနေသူဖြစ်ပါတယ်။ စပိန်အသင်းအတွက် စုစုပေါင်းပွဲစဉ် ၃၅ ပွဲ ကစားပေးခဲ့ရာမှာ ၁၅ ဂိုး သွင်းယူပေးထားနိုင်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။

အဆန်စီရိုဟာ ၂၀၁၅ ခုနှစ်မှာ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ရွှေဖိနပ်ဆုရရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ လာလီဂါဘောလုံးရာသီမှာ အတိုးတက်ဆုံး ဘောလုံးသမားဆု ရရှိခဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၁၇ ခုနှစ် ယူအီးအက်ဖ်အေ ယူ-၂၁ ပြိုင်ပွဲမှာ ငွေဖိနပ်ဆုရရှိခဲ့သူလည်း ဖြစ်ပါတယ်။

ဒါကြောင့် ကွင်းလယ်တိုက်စစ်ရော တောင်ပံတိုက်စစ်တွေမှာပါ အားကိုးရတဲ့ အဆန်စီရိုကို မန်ယူက ခေါ်ယူနိုင်မလား၊ အာဆင်နယ်က လက်ဦးမှု ရသွားမလား၊ ဂျူဗင်တပ်စ်ကိုပဲ ရောက်သွားမလားဆိုတာကတော့ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

# အာဆင်နယ်ကွင်းလယ်လူ ချန်ဘာလိန်အားခေါ်ယူရန် ချယ်လ်ဆီးကြိုးစားနေ




အာဆင်နယ် ကွင်းလယ်ကစားသမား ချန်ဘာလိန်ကို ချယ်လ်ဆီးက ခေါ်ယူဖို့ ကြိုးစားနေပြီး အာဆင်နယ် နည်းပြ အာစင်ဝင်းဂါးကတော့ ရောင်းချမှာ မဟုတ်ဘူးလို့ ငြင်းဆိုထားပါတယ်။ ဒါပေမယ့် ချန်ဘာလိန်နဲ့ သေသေ ချာချာတွေ့ဆုံဆွေးနွေးရဦးမယ်လို့ အာစင်ဝင်းဂါးက ပြောနေတာမို့ ချယ်လ်ဆီးက ဆက်လက်ကြိုးစားနေပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ချန်ဘာလိန်ကတော့ လောလောဆယ်မှာတစ်ပတ်လုပ်ခပေါင် တစ်သိန်း တောင်းဆိုထားပြီး ပုံမှန်ပွဲထွက်ခွင့်ပေးရမယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် အာဆင်နယ်နဲ့ ချန်ဘာလိန်တို့ စာချုပ်သစ် ထပ်မံချုပ်ဆိုရေးဟာ ရပ်တန့်နေဆဲဖြစ်ပါတယ်။

ချန်ဘာလိန်ဟာ အာဆင်နယ်အသင်းကို ဆောက်သမ်တန်အသင်းက ၂၀၁၁ ခုနှစ် ဩဂုတ် ၈ ရက်က ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အာဆင်နယ်အတွက် အခုအချိန်အထိ ပွဲပေါင်း ၁၂၉ ပွဲ ကစားပေးခဲ့ရာမှာ ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ချန်ဘာလိန်ဟာ စတုတ်၊ ပို့စ်မောက်နဲ့ အင်္ဂလန် လက်ရွေးစင်ကစားသမားဟောင်းမက် ချန်ဘာလိန်ရဲ့သားဖြစ်ပြီး ပြိုင်ဘက်ဂိုး ဧရိယာအတွင်းမှာ အကောင်းဆုံးလှုပ်ရှားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်တာမို့ ချယ်လ်ဆီးအပြင် မန်စီးတီးကလည်း ခေါ်ယူလိုတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။

# မန်ယူနောက်ခံလူ စမောလင်း ဝက်စ်ဘရွန်းသို့ရောက်ရန် နီးစပ်နေ

အင်္ဂလန်နှင့် မန်ယူအသင်း ဗဟိုနောက်ခံကစားသမား စမောလင်းအား ဝက်စ်ဘရွန်းအသင်းက ခေါ်ယူနိုင်ရေး နီးစပ်နေပြီဖြစ်တယ်လို့ ဝက်စ်ဘရွန်း တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိတဲ့ နောက်ခံကစားသမား စမောလင်းဟာ နည်းပြ မော်ရင်ဟို လက်ထက်မှာ ပုံမှန်ပွဲထွက်ခွင့် နည်းခဲ့လို့ အသင်းရွှေ့ပြောင်းဖို့ ဖြစ်လာခဲ့တယ်လို့ ဆိုပါတယ်။ ဖူလ်ဟမ်အသင်းမှ မန်ယူအသင်းကို ပြောင်းရွှေ့ရောက်ရှိလာခဲ့တဲ့ စမောလင်းဟာ မော်ရင်ဟို မရောက်ခင်က ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်ပါတယ်။

ဝက်စ်ဘရွန်းအသင်းဟာ စမောလင်းကို ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းနဲ့ ခေါ်ယူဖို့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေတာမို့ အခုဆိုရင် အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရေး အထိ နီးစပ်လာပြီဖြစ်ကြောင်း မီဒီယာတွေက ဖော်ပြနေကြပါတယ်။

စမော်လင်းကို လက်စတာ၊ စတုတ်၊ ခရစ္စတယ်ပဲလေ့စ်အသင်းတွေကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာမို့ ဝက်စ်ဘရွန်းကလည်း ခြေမြန်လက်မြန် ခေါ်ယူနိုင်ရေး အားထုတ်နေခြင်းဖြစ်ပါတယ်။




# ၂၀၁၇ ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ၌ ဂရိတ်ဗြိတိန်အသင်းကို ဒွိုင်လီခေါင်းဆောင်မည်

၂၀၁၇ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် ဂရိတ်ဗြိတိန်အသင်းကို အပြေးမယ် အီလစ်ဒွိုင်လီက အသင်းခေါင်းဆောင်အဖြစ် ပါဝင်ယှဉ်ပြိုင်သွားမယ်လို့ ဆိုပါတယ်။

လန်ဒန်မြို့မှာ ဩဂုတ် ၄ ရက်မှ ၁၃ ရက်အထိ ကျင်းပမယ့် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်အများအပြားရယူသွားမယ်လို့ ဂရိတ်ဗြိတိန်အသင်းခေါင်းဆောင် အသက် ၃၀ အရွယ်ရှိ ဒွိုင်လီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒ့ါအပြင် “ကျွန်မကို အသင်းခေါင်းဆောင်အဖြစ် ယုံယုံကြည်ကြည်ရွေးချယ်တာဝန်ပေးအပ်လို့ ဂုဏ်ယူဝမ်းမြောက်ရသလို အသင်းလိုက်အောင်မြင်မှုရအောင်လည်း အားထုတ်သွားမှာ ဖြစ်ပါတယ်လို့ ဒွိုင်လီက သတင်းထောက်တွေကို ပြောပြပါတယ်။

ဒွိုင်လီဟာ မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲမှာ သူတို့အဖွဲ့က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သလို အခုပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်သွားမယ်လို့လည်း ပြောကြားနေပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်။



# ခြံဝင်းအတွင်း၌ ဟင်းသီးဟင်းရွက်စိုက်ရန်မြေတူးရာမှ ရုပ်ပွားတော်လေးဆူ တူးဖော်တွေ့ရှိ

**ဖန်းမော် ဇူလိုင် ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန် မြေတူးဆွစဉ် ရုပ်ပွားတော်လေးဆူ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။ မိုင်းခတ်ကျေးရွာ ရပ်ကွက်(၂)ရှိ ဦးတင်ရွှေ(၄၀ နှစ်)၏ နေအိမ်အနောက် ခြံဝင်း အတွင်း၌ ဇူလိုင် ၂၂ ရက်က ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြေတူးဆွနေစဉ် မြေကြီး အတွင်းမှ ကျောက်သားဖြင့် ထုဆစ်ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော် ထိုင်တော်မူ လျက် ညာဏ်တော်တစ်ပေခန့် တစ်ဆူ၊ ညာဏ်တော်ရှစ်လက်မခန့် နှစ်ဆူနှင့် ညာဏ် တော် ၆ လက်မခန့် တစ်ဆူတို့အား တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ တူးဖော်တွေ့ရှိသည့် ရုပ်ပွားတော်မြတ်များအား ခြံဝင်းအတွင်း၌ပင် ရာဇမတ်ကာရံ၍ ပူဇော်ထားရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# လှိုင်မြစ်ကူးတံတားများနှင့် ကတ္တရာလမ်းများ ပျက်စီးလာ၍ ယာဉ်များနေ့စဉ်သွားလာမှုတွင် အခက်ကြုံ

**ရန်ကုန် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီးအတွက် ရန်ကုန်မြို့၏တံခါးပေါက်ဖြစ်သော လှိုင်သာယာ မြို့နယ်အတွင်းမှ လှိုင်မြစ်ကူးတံတား အဆင်းလမ်းများ ပေါက်ပြဲနေသည့်အတွက် တံတားအတက်အဆင်းနေရာများတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် သွားလာရေးခက်ခဲမှုကို နေ့စဉ်ကြုံတွေ့နေရကြောင်း သိရသည်။

"ကားလမ်းတွေ ပျက်စီးလာတာဟာ ယာဉ်တွေရဲ့ကြံ့ခိုင်ရေးကို ထိခိုက်စေသလို ကျွန်တော်တို့လို နေ့စဉ်သွားလာနေတဲ့ ခရီးသည်တွေအတွက်လည်း အဟန့်အတားတစ်ခုဖြစ်နေပါတယ်။ ယာဉ်တွေခေတ်မီပြီး ကောင်းမွန်လာပေမယ့် လမ်းပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုမရှိရင် ပြောင်းလဲမှုရဲ့အနှစ်သာရကို ထိခိုက်နိုင်တယ်"ဟု YBS 20 ယာဉ်လိုင်းကို နေ့စဉ်စီးနေရသူ ကုမ္ပဏီဝန်ထမ်း ကိုထွန်းထွန်းဦးက ပြောသည်။

လှိုင်မြစ်ကူးတံတားများဖြစ်သော ဘုရင့်နောင်အမှတ်(၂)၊ အောင်ဇေယျကြိုး တံတားနှင့် ရွှေပြည်သာတံတားတို့တွင် တံတားအဆင်း၊ အတက်ကတ္တရာလမ်းများ ပေါက်ပြဲနေသည့်အတွက် ယာဉ်များဖြတ်သန်းသွားလာရာ၌ နေ့စဉ်အခက်အခဲများ ကြုံတွေ့နေရလျက်ရှိသလို ရန်ကုန်-ပုသိမ် ကားလမ်းမကြီးနှင့် ရန်ကုန်-ညောင်တုန်း လမ်းတို့တွင်လည်း လမ်းများကို ပြင်ဆင်ရန်လိုအပ်နေကြောင်း သိရသည်။

ရန်ကုန်-ပုသိမ် ကားလမ်းမကြီး၏ လှိုင်သာယာတိုးဂိတ်အနီး လမ်းပိုင်းတွင် မိုးရာသီ၌ လမ်းများဖာထေးနေသော်လည်း ထိုလမ်းတစ်လျှောက် အပြည့်အဝခင်းကျင်းမှုများ မလုပ်ဆောင်နိုင်သေးသလို ရန်ကုန်-ညောင်တုန်းလမ်း အောင်ဇေယျကြိုးတံတား အတက်အဆင်း(၁)ထိပ်လမ်းဆုံအနီးနှင့် ရွှေပြည်သာတံတား အတက်အဆင်းတို့တွင် ကတ္တရာလမ်းများ ပိုမိုပေါက်ပြဲလာသောကြောင့် နေ့စဉ်ယာဉ်ဖြတ်သန်းမှုများသော လှိုင်သာယာမှ ကတ္တရာလမ်းများကို အမြန်ဆုံး ပြင်ဆင်ဖာထေး ပြုပြင်ပေးခြင်းဖြင့် ယာဉ်နှင့်ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း ယာဉ်မောင်းသူများနှင့် ခရီးသွားပြည်သူအချို့က ပြောကြားလျက်ရှိသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရန် မွန်ပြည်နယ်အစိုးရမှ ထောက်ပံ့မှုများပေးမည်

**သုဝဏ္ဏဝတီ ဇူလိုင် ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများကို စနစ်တကျ တူးဖော်ကြရန်နှင့် ပြည်နယ်အစိုးရကလည်း ထောက်ပံ့မှုများပေးမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မြို့နေပြည်သူများနှင့် ဇူလိုင် ၂၃ ရက်က ကျိုက္ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ် သုဝဏ္ဏဝတီမြို့အတွင်း နှစ်စဉ်ကြုံတွေ့နေရသော ရေကြီးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးချုပ်က နှစ်စဉ် ရေကြီးရေလျှမ်းမိုးမှုများ မဖြစ်စေရန်အတွက် ရပ်ကွက်များအတွင်းမှ ရေမြောင်းများ၊ ရေနုတ်မြောင်းများကို စနစ်တကျ ပြန်လည်တူးဖော်ရန်နှင့် ကွန်ကရစ်မြောင်းဖုံးများ ပြုလုပ်ကြရန်၊ အဆိုပါလုပ်ငန်းများအတွက် ပြည်နယ်အစိုးရမှလည်း ထောက်ပံ့ပေးမှုများ ပြုလုပ်ပေးရန် စသည်တို့ကို ဆွေးနွေးမှာကြားပြီး သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်အတွင်း အဝေးပြေးကားလမ်းမကြီးဘေးရှိ ရေမြောင်းများ၊ အောက်ကျင်းပိုင်းရှိ ရေနုတ်မြောင်းများကို လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဈေးကွက်အာမခံချက်ရှိသည့် နှမ်းစိုက်ပျိုးမှုစီမံချက်ကို ဆောင်ရွက်နေ

**မကွေး ဇူလိုင် ၂၅**

ဂျပန်ဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်မည့် နိုင်ငံခြားပို့ကုန် Exporter ရွှေသဇင်ကုမ္ပဏီနှင့် NGO အဖွဲ့တစ်ခုဖြစ်သည့် NAG၊ စိုက်ပျိုးရေးဦးစီးဌာန၊ တောင်သူကိုယ်စားလှယ်အဖွဲ့များ၊ တောင်သူများ စုပေါင်း၍ GAP စနစ်ဖြင့် နှမ်းထုတ်လုပ်ရေး စီမံချက် တစ်ခုကို မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးခုတွင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီး တောင်သူများအတွက် ဈေးကွက်အာမခံချက်ရှိသည့် စီမံချက် တစ်ခုဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"စီမံချက်က မတ်လကတည်းက စတင်တာပါ။ ရာခိုင်နှုန်း ၆၀ လောက် အောင်မြင်နေပါပြီ။ NAG နဲ့ ဆောင်ရွက်တဲ့အပိုင်းမှာတော့ ကျေးရွာ ၃၇ ရွာ၊ ကွင်း ၉၄ ကွင်း၊ စိုက်ပျိုးဧက ၃၀၉၄ ဧက ၊ တောင်သူပေါင်း ၈၇၃ ဦး ရှိပါတယ်။ ITC (Intrenational Trade Centre) နဲ့ ပေါင်းလုပ်တာက ၆၆၂ ဧကရှိတဲ့အတွက် တိုင်းဒေသကြီးအတွင်း GAP လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေတာ ၃၇၅၆ ဧက ရှိပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

စီမံကိန်းကို မကွေးတိုင်းဒေသကြီးအတွင်းမှ မင်းလှ၊ မင်းဘူး၊ မကွေးနှင့် နတ်မောက် မြို့နယ်တို့တွင် ဆောင်ရွက်နေခြင်းဖြစ်သည်။ ထုတ်လုပ်မှုအရည်အသွေး ကောင်းမွန်ရန်၊ ဓာတုဆေးကြွင်းအာနိသင်နည်းရန်၊ နိုင်ငံခြားပို့ကုန်အဆင့် အရည်အသွေးပြည့်မီရန်နှင့် ကောင်းမွန်သည့် နိုင်ငံခြားဈေးကွက်ရရှိရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကောင်းမွန်သောစိုက်ပျိုးမှုကျင့်စဉ်များ (GAP) စနစ်ဖြင့် နှမ်းနက်များစိုက်ပျိုးနေခြင်းဖြစ် ကြောင်း ၄င်းက ဆက်ပြောသည်။

တောင်သူတွေအတွက် နောက်ဆုံးထုတ်ပြန်ထားတဲ့ ဈေးအပေါ်မှာ အသားတင်တွက်ချက်ပြီး ဂျပန်ကပေးတဲ့ ဒေါ်လာဈေးနဲ့ ကိုက်ညီတဲ့ မြန်မာငွေစုစုပေါင်းပေါ်ကနေပြီးတော့ အကျိုးခံစားခွင့်ကို တောင်သူအတွက် အပြည့်အဝပေးချေနိုင်ဖို့သဘောတူညီချက်တွေကိုစီမံချက်ရေးဆွဲ ဆောင်ရွက်ထားတာဖြစ်လို့ GAP နှမ်းစိုက်တောင်သူတွေအနေနဲ့ ကာလပေါက်ဈေးထက်ပိုပြီး တစ်တင်းအပေါ်မှာ ၈၀၀ ကျပ်နဲ့ ၁၀၀၀ ကျပ်ကြား ပိုရလာပါမယ်" ဟုလည်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးက ဆိုသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် GAP Certificate ပေး ဆောင်ရွက်နိုင်သည်မှာ သရက်သီးတစ်ခုသာရှိပြီး အခြားစိုက်ပျိုးရေးထုတ်ကုန်များအတွက် GAP ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နေရာအချို့တွင်သာ လုပ်ဆောင်နိုင်သေးကြောင်း၊ မကွေးတိုင်းဒေသကြီး အနေဖြင့် တိုင်းဒေသကြီးအတွင်းသာမက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှမ်းGAP ကို အစောဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ GAP စီမံချက်မှာ စုပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံတော်အတွက် အလားအလာကောင်းတစ်ခုကို ဖော်ဆောင်ပေးနိုင်မည့် အုတ်မြစ်ကောင်းတစ်ခုဖြစ်ပြီး တောင်သူတို့၏အကျိုးစီးပွားအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**



# သံတွဲမြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

**သံတွဲ ဇူလိုင် ၂၅**

သံတွဲမြို့နယ်တွင် ဇူလိုင် ၂၃ ရက်က မိုးရေချိန် ၈ ဒသမ ၇ လက်မအထိ ရွာသွန်းခဲ့ခြင်းကြောင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်နေသဖြင့် သံတွဲမြို့နယ် သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီက မြို့နယ်အတွင်းနေပြည်သူများအား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။




ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းလာမှုကြောင့် မိုးများ အဆက်မပြတ် ရွာသွန်းလျက်ရှိရာ ဇူလိုင် ၂၃ ရက်မှ နောက် ၄၈ နာရီအထိ ရခိုင်ပြည်နယ်အတွင်း မိုးရွာသွန်းမှု ပိုမိုလာနိုင်ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသဖြင့် သံတွဲမြို့နယ်အတွင်းမှ မြစ်ချောင်းကမ်းပါးများဘေးတွင် နေထိုင်သူများအနေဖြင့် ရေလွှမ်းခြင်းကြောင့် ကမ်းပါးပြိုခြင်း၊ ကုန်းမြင့်တောင်စောင်းများတွင် နေထိုင်သူများအနေဖြင့် မြေပြိုခြင်းနှင့် မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်သူများအနေဖြင့်လည်း ချောင်းရေများဝင်ရောက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရနိုင်သဖြင့် သတိပြုကြရန်နှင့် သတ်မှတ်ပေးထားသည့် ဘေးလွတ်ရာ နေရာများသို့ ပြောင်းရွှေ့နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြရန် လိုက်လံသတိပေး ကြေညာလျက်ရှိသည်။

ထို့အပြင် ပြည်သူများအနေဖြင့် အရေးပေါ်အကူအညီများ လိုအပ်ပါက ဖုန်း-၀၄၃-၂၀၆၅၀၆၀၊ ၀၄၃-၂၀၆၅၂၁၇ နှင့် ၀၄၃-၂၀၆၅၀၀၄ တို့သို့ ဆက်သွယ်အကူအညီတောင်းခံခြင်းနှင့် သတင်းပေးပို့မှုများ ဆောင်ရွက်နိုင်ကြောင်းလည်း မြို့နယ်သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီက သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်၍ ပြည်သူလူထုအား လိုက်လံအသိပေး ကြေညာလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အာဆီယံကျောင်းသားအားကစားပြိုင်ပွဲဝင် မြန်မာအဖွဲ့ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၅**

(၉)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို စင်ကာပူနိုင်ငံ University Studio Singapore Water World ခန်းမ၌ ဇူလိုင် ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံနိုင်ငံများနှင့် စင်ကာပူနိုင်ငံမှ တာဝန်ရှိသူများ၊ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး (၉)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီမှ Mrs. TAN CHCN KEE က ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသို့ အာဆီယံကျောင်းသားအလံကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့သည် ပိတ်ပွဲအပြီး ဇူလိုင် ၂၁ ရက်တွင် စင်ကာပူနိုင်ငံလေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ မြန်မာအားကစားအဖွဲ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ဦးဆောင်၍ အားကစားအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးထွန်းသန့်နှင့်အတူ အုပ်ချုပ်မှုအဖွဲ့၊ ရုံးအဖွဲ့နှင့် နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ ပါဝင်ခဲ့ကြောင်း သိရသည်။ (၉)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲတွင် ထိုင်းနိုင်ငံက ရွှေ ၂၉၊ ငွေ ၂၆၊ ကြေး ၃၂ စုစုပေါင်း ၈၇ ခုဖြင့် နိုင်ငံအလိုက် ပထမ၊ အင်ဒိုနီးရှားနိုင်ငံက ရွှေ ၂၅၊ ငွေ ၃၃၊ ကြေး ၂၉ စုစုပေါင်း ၈၇ ခုဖြင့် ဒုတိယ၊ စင်ကာပူနိုင်ငံက ရွှေ ၂၄၊ ငွေ ၂၇၊ ကြေး ၂၇ စုစုပေါင်း ၇၈ ခုဖြင့် တတိယ၊ မလေးရှားနိုင်ငံက ရွှေ ၂၂၊ ငွေ ၁၆၊ ကြေး ၃၄ စုစုပေါင်း ၇၂ ခုဖြင့် စတုတ္ထ၊ ဗီယက်နမ်နိုင်ငံက ရွှေ ၂၀၊ ငွေ ၂၁၊ ကြေး ၁၀ စုစုပေါင်း ၅၁ ခုဖြင့် ပဉ္စမ၊ ဖိလစ်ပိုင်နိုင်ငံက ရွှေ ၁၃၊ ငွေ ၈၊ ကြေး ၂၁ စုစုပေါင်း ၄၂ ခုဖြင့် ဆဋ္ဌမ၊ မြန်မာနိုင်ငံက ကြေးလေးခုဖြင့် သတ္တမ၊ လာအိုနိုင်ငံက ကြေးနှစ်ခုဖြင့် အဋ္ဌမရရှိပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့က ဆုတံဆိပ်ဆွတ်ခူးနိုင်မှုမရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ဘဝအတွက် အားမာန်ဖြစ်စေသော လက်ခုပ်သံများ

မြင့်စိုး(နတလ)

တစ်ဦးချင်းစီအတွက် လက်ခုပ်များတီး၍ အားပေးနေမိပါသည်။ ဆုရ ကျောင်းသား ကျောင်းသူ ၉၇ ဦးအနက် ကျွန်တော်ကိုယ်တိုင် စင်မြင့်ပေါ်သို့ တက်ကာ ဆုချီးမြှင့်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူ ၁၀ ဦးမှလွဲ၍ ကျန် ၈၇ ဦးအား သူတို့လေးတွေ ဆုလက်ခံရရှိချိန်တိုင်း မမေ့မလျော့၊ မပျက်မကွက် လက်ခုပ်တီး၍ အားပေးခဲ့သည်။ လက်ခုပ်သံများကြောင့် သူတို့ရင်ထဲမှာ ဘယ်လောက်ထိပျော်နေမည်၊ ဘယ်လောက်ထိ ကြည်နူးဝမ်းသာဖြစ်နေလိမ့်မည် ဆိုသည်ကိုလည်း မှန်းဆသိမြင်နေပါသည်။ ထိုလက်ခုပ်သံများကပင် သူတို့၏ဘဝခရီးလမ်းမှာ အားမာန်တွေအဖြစ် ပြောင်းလဲသွားပါလိမ့်မည်။ အသက်အရွယ်ကြီးသည်ငယ်သည်မဟူ၊ အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်း၊ ဂုဏ်ပြုခြင်းတို့ကို နှစ်သက်လိုလားကြပါသည်။ တန်ဖိုးထားတတ်ကြပါသည်။ မြတ်နိုးဂုဏ်ယူတတ်ကြပါသည်။ ချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည်ပင်လျှင် မင်္ဂလာတစ်ပါးမည်ပါပေ၏။

ဤမင်္ဂလာတရားတော်နှင့်အညီ မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ ဂုဏ်ထူးများဖြင့်အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အထောက်အပံ့ခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၉၇ ဦးအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြီးခဲ့သည့် ဇူလိုင် ၁၈ ရက်က ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ထိုအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဇနီးဒေါ်ခိုင်မေကြူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဇနီးဒေါ်နီလာလှိုင်၊ အမြဲတမ်း အတွင်းဝန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဇနီး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများထံ ပေးအပ်ပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်းမြင့်မားခဲ့သော ပင်လုံလူငယ်သင်တန်းကျောင်း၊ ထန်တလန်လူငယ်သင်တန်းကျောင်း၊ တီးတိန်လူငယ်သင်တန်းကျောင်းများနှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မသော်တာဝင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ခိုင်မေကြူက ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် နှစ်ဦးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက လေးဘာသာဂုဏ်ထူးရှင် သုံးဦး နှင့် သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကိုလည်း ကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီးက သုံးဘာသာဂုဏ်ထူးရှင် ငါးဦးတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ကျန်ဂုဏ်ထူးရှင်များအား တာဝန်ရှိသူများက ဆုများ ဆက်လက်ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအတွက် အားပေးချီးမြှင့်ခဲ့ကြသော လက်ခုပ်သံများကလည်း စုပေါင်းခန်းမကြီးအတွင်းမှာ ကျယ်လောင်စွာ မြည်ဟည်းနေသည်။ သူတို့လေးတွေကို ကြည့်ရင်း ငယ်ဘဝကိုပင် အမှတ်ရသွားမိသေးတော့၊ ထိုစဉ်ခဏ နားထဲ၌ပြန်လည်ကြားယောင်မိသည်မှာ မြောက်မြားလှစွာသော လူအုပ်ကြီးထံမှ ထွက်ပေါ်လာသည့် လက်ခုတ်သံများ။

မှတ်မှတ်ရရ ရွာကကျောင်းမှာ ခြောက်တန်းအောင်သည့်နှစ်။ ထိုနှစ်အတွက်ရခဲ့သော တတိယဆု။ ခုနစ်တန်းနှစ်မှာ ဖြေဆိုခွင့်ရခဲ့သော မြို့နယ်လူရည်ချွန် ပထမဆု။ အဆိုပါဆုနှစ်ဆုကို လက်ခံရယူခဲ့ရသော ထိုအချိန်ကာလသည် ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် အပျော်ဆုံးအချိန်ကာလများ ဖြစ်ခဲ့သည်။ မိမိ၏အောင်မြင်မှုအတွက် ပထမဦးဆုံး အသိအမှတ်ပြုခံရခြင်း၊ ဂုဏ်ပြုခံရခြင်း ဖြစ်နေရုံမျှသာမက ဂုဏ်ပြုပွဲကျင်းပပေးသောနေရာကလည်း ပုံမှန်လုပ်နေကျ ကျောင်းခန်းမအတွင်းမှာမဟုတ်ဘဲ လယ်ကွင်းပြင်ကြီးထဲမှာ ဇာတ်စင်ကြီးထိုး၍ တစ်နယ်လုံးမှ ကျောင်းသားမိဘများကို လာရောက်စုရုံးစေကာ ညဘက်ကျင်းပခဲ့သည့် အခမ်းအနားဖြစ်၍နေသည်။

ကျွန်တော်နှင့်တကွ ဆုရ ကျောင်းသား ကျောင်းသူအားလုံး ပျော်ရွှင်မော်ကြွားခဲ့ကြရသည်။ အနယ်နယ်အရပ်ရပ်မှ ရာထောင်ချီ နေသော ကျောင်းသားမိဘလူအုပ်ကြီး အကြားမှာ မိမိတို့၏မိဘများအမည်ကို ကြေညာ၍ ဦးဘယ်သူ ဒေါ်ဘယ်ဝါ၏ သား သမီး၊ မောင်ဘယ်သူ၊ မဘယ်သူ ဆုယူရန်ကြွပါဟု ခေါ်လိုက်ချိန်တွင် ကျွန်တော်ထင်ပါသည်။ ခြေထောက်နှင့်မြေကြီး ထိပင်ထိလိမ့်မည် မဟုတ်ဟု။ သေချာပြန်တွေးကြည့်လိုက်သောအခါ ထိုညက ကျွန်တော်ကြားလိုက်ရသော လက်ခုပ်သံများသည် ကျွန်တော့်ဘဝတစ်လျှောက်လုံးအတွက် အားအင်များဖြစ်သွားစေခဲ့သည်မှာ အလွန်သေချာသည်။ အထူးသဖြင့် ဘဝခရီးလမ်းမှာ အနှောင့်အယှက်အဟန့်အတား တစ်စုံတစ်ရာနှင့် ကြုံတွေ့လာရသည့်အခါတိုင်း ထိုလက်ခုပ်သံများကို ပြန်လည်ကြားယောင်မိစမြဲ။

ကျောင်းသားဘဝတစ်လျှောက်လုံး၌ ကြားခဲ့ရဖူးသော လက်ခုပ်သံများကို ယနေ့အထိ မေ့မရသကဲ့သို့ အသက်အရွယ်ရပြီး အသိအမှတ်ပြုခံရသော လက်ခုပ်သံများထဲက တန်ဖိုးအထားဆုံးကို ပြောပါဟုဆိုလျှင် စာပေဆုနှင်းသဘင်ပွဲများ၌ ကြားခဲ့ရသော လက်ခုပ်သံများဖြစ်ပါသည်။ အမျိုးသားစာပေဆုကိုတော့ မရခဲ့ဖူးပါ။ စာပေဗိမာန် စာပေဆုအတွက် ရရှိခဲ့သော လက်ခုပ်သံများဖြစ်ပါသည်။ နိုင်ငံရေးစာပေဆု၊ စာပဒေသာဆု၊ လူငယ်စာပေဆုဟူသော မတူညီသည့် စာပေဆုသုံးဆုကို မတူညီသော ပြန်ကြားရေးဝန်ကြီးသုံးပါးဖြစ်သည့် ဦးကျော်ဆန်း၊ ဦးအောင်ကြည်၊ ဦးရဲထွဋ်တို့ လက်ထက်၌ ရခဲ့ခြင်းကလည်း ကျွန်တော့်ဘဝမှာ အမှတ်တရ ဖြစ်နေစေခဲ့ပါသည်။

စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အစရှိသော အနုပညာအလွှာအသီးသီးမှာလည်း မင်္ဂလာတရားတော်နှင့်အညီ ထိုက်သင့်သောဂုဏ်ပြုခြင်း၊ ချီးမြှောက်ခြင်း၊ အသိအမှတ်ပြုခြင်းများ ရှိနေပေရာ ထိုအနုပညာရှင်၊ အတတ်ပညာရှင်တို့အတွက် အားအင်များဖြစ်စေသည်မှာ အမှန်ပင်ဖြစ်၏။ လူတိုင်းလူတိုင်းသည် မိမိ၏လုပ်အား၊ မိမိ၏စွမ်းဆောင်ရည်၊ မိမိ၏စွန့်လွှတ်အနစ်နာခံမှုတို့နှင့် ပတ်သက်လာလျှင် တစ်နည်းအားဖြင့်ဆိုသော် မိမိ၏ဌာနအတွက်၊ မိမိတို့ရပ်ရွာအတွက်၊ မိမိတို့ဒေသအတွက်၊ နိုင်ငံအတွက် ပေးဆပ်မှုများအတွက် အသိအမှတ်ပြုမှုကို ခံယူလိုကြပေသည်။ မြင်သာထင်သာ ဥပမာပြရလျှင် နောင်တစ်ချိန်မှာ စစ်သူကြီးမဟာဗန္ဓုလအဖြစ် ထင်ပေါ်ကျော်ကြားလာမည့် သာမန်အကြပ်စစ်သားလေး မောင်ရစ်သည် စစ်မြေပြင်မှာ သူ၏စွမ်းဆောင်မှုများကို အသိအမှတ်ပြုမခံရသဖြင့် ဘုရင့်ညီလာခံ၌ ဘေးမှစစ်သည်တစ်ဦး၏ကျောအား အသားလွတ် ထထောင်းရင်း အသိအမှတ်ပြုခံရအောင်ဆောင်ရွက်ခဲ့သော အဖြစ်အပျက်ပင်ဖြစ်၏။

ထိုနေ့အခမ်းအနားတွင် ဆုချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူလေးများ၏ အချို့မိဘများမှာ ရာထူးရာခံရှိသူများ မဟုတ်ကြပါ။ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ ရုံးအကူ၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ရုံးအကူ စသည်တို့ ဖြစ်နေကြပြီး အချို့ပညာသင်နှစ်များ၌ သန့်ရှင်းရေး၊ လုံခြုံရေး ဝန်ထမ်းများ၏ သားသမီးများ ထူးချွန်စွာ အောင်မြင်ခဲ့ကြကြောင်း တွေ့ရသည်။ မိမိတို့ကိုယ်တိုင် မိသားစုအတွက် ကြိုးစားရုန်းကန်နေရသည့်ကြားထဲက ထိုကဲ့သို့ ထူးချွန်သည့် သားသမီးများဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့သော မိဘများကိုလည်း အထူးပင် ချီးကျူးဂုဏ်ပြုမိပါသည်။ လေးစားမိပါသည်။ မိဘတာဝန်ကျေပွန်သည့် ပွဲကိုင်ရှင်များဟု ညွှန်းဆိုရသော် မမှားတန်ရာ။

မှတ်တမ်းဓာတ်ပုံရိုက်အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဆုရ ကျောင်းသား ကျောင်းသူလေးများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ မည်သည့်တက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်ရန် ရွေးချယ်ထားသည်ကို မေးမြန်းကြသည်။ သူတို့လေးတွေတက်ရောက်လိုသည့် တက္ကသိုလ်၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ကောလိပ်များတွင် အဆင်ပြေပြေတက်ရောက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ လူငယ်သင်တန်း ကျောင်းများ၊ အထောက်ပံ့ခံကျောင်းများမှ ဝင်ရောက်ဖြေဆိုသူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၅ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၆၆ ဦး၊ စုစုပေါင်း ၉၇ ဦး ထွက်ပေါ်ခဲ့ကာ လူငယ်သင်တန်းကျောင်းများအနေဖြင့် ၈၂၃ ဦး ဝင်ရောက်ဖြေဆိုခဲ့သည့်အနက် ၂၄၇ ဦး အောင်မြင်ခဲ့သောကြောင့် အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၆၅ ရရှိခဲ့သည်။

ထိုကျောင်းသား ကျောင်းသူကလေးများသည် သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် ဆက်လက်ပညာသင်ယူကြပြီးနောက် တစ်ချိန်တွင် ၄င်းတို့၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်၍ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ မိမိတို့ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ အစွန်အဖျား နယ်စပ်ဒေသများအတွက် အားထားရသော ဝန်ထမ်းကောင်းများ ဖြစ်လာကြဦးတော့မည်။ ထိုနေ့က ကြားခဲ့ရသော လက်ခုပ်သံများသည်လည်း ၄င်းတို့၏ ဘဝခရီးလမ်းတစ်လျှောက်မှာ အားအင်များအဖြစ် ကပ်ငြိလိုက်ပါသွားလိမ့်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း...။ ။

လူတိုင်းလူတိုင်းသည် မိမိ၏လုပ်အား၊ မိမိ၏စွမ်းဆောင်ရည်၊ မိမိ၏စွန့်လွှတ်အနစ်နာခံမှုတို့နှင့် ပတ်သက်လာလျှင် တစ်နည်းအားဖြင့်ဆိုသော် မိမိ၏ဌာနအတွက်၊ မိမိတို့ရပ်ရွာအတွက်၊ မိမိတို့ဒေသအတွက်၊ နိုင်ငံအတွက် ပေးဆပ်မှုများအတွက် အသိအမှတ်ပြုမှုကို ခံယူလိုကြပေသည်။ မြင်သာထင်သာ ဥပမာပြရလျှင် နောင်တစ်ချိန်မှာ စစ်သူကြီးမဟာဗန္ဓုလအဖြစ် ထင်ပေါ်ကျော်ကြားလာမည့် သာမန်အကြပ်စစ်သားလေး မောင်ရစ်သည် စစ်မြေပြင်မှာ သူ၏စွမ်းဆောင်မှုများကို အသိအမှတ်ပြုမခံရသဖြင့် ဘုရင့်ညီလာခံ၌ ဘေးမှစစ်သည်တစ်ဦး၏ကျောအား အသားလွတ် ထထောင်းရင်း အသိအမှတ်ပြုခံရအောင်ဆောင်ရွက်ခဲ့သော အဖြစ်အပျက်ပင်ဖြစ်၏



## ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အခမ်းအနားကျင်းပ



**မစ်ကြီးနား ဇူလိုင် ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးခန်းမတွင် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အာဆီယံ သွေးလွန်တုပ်ကွေးနေ့ အခမ်းအနားကို ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝင်းလွင်က ကချင်ပြည်နယ်၏ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားတက်ရောက်သော ပြည်နယ် ခရိုင်နှင့်မြို့နယ်အဆင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် မြို့နယ်များနှင့် ရပ်ကွက်ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ရောဂါ ဆက်လက်မဖြစ်ပွားစေရေး ဆောင်ရွက်နေမှုနှင့် ကျန်းမာရေးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့်အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်က ငှက်ဖျားရောဂါကြောင့် သုံးဦးသေဆုံးခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ၇၃၆ ဦး ရှိခဲ့ကြောင်း၊ ယခု ၂၀၁၇ ခုနှစ်တွင် ဇူလိုင် ၁၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၈၀၁ ဦးရှိပြီး သုံးဦး သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မှုခင်းသတင်းတိုများ

### ဗန်းမော်၌ ကျပ်သိန်း ၅၀ ကျော်ဖိုး စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကချင်ပြည်နယ် ဗန်းမော်မြို့ နည်းပညာတက္ကသိုလ် လုံခြုံရေးရဲကင်းရှေ့ လမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာမှ ကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဇူလိုင် ၂၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ဗန်းမော်မြို့မရဲစခန်းမှ ရဲအုပ်မျိုးမင်းနှင့် ရဲတပ်ဖွဲ့ဝင်များက အဆိုပါလမ်းပေါ်၌ မန်စီဘက်မှဗန်းမော်ဘက်သို့ သိန်းစိုး(၃၇ နှစ်)မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ခါးဆက်အဖုံးထဲမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၂၅၄၀ ကို ဖမ်းမိခဲ့ခြင်းဖြစ်၍ ဗန်းမော်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

### ဘားအံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ဘားအံမြို့နယ် ဖားပုကျေးရွာ၌ ဇူလိုင် ၂၃ ရက်က စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူတစ်ဦးအား ဇူလိုင် ၂၃ ရက်က ဖမ်းမိခဲ့ပြီး ၎င်းနှင့် ဆက်စပ်၍ နောက်ထပ်တစ်ဦးကိုပါ ကွင်းဆက်ဖော်ထုတ် ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖားပုကျေးရွာလမ်းမပေါ်တွင် လမ်းလျှောက်လာသူ လှဝင်းကျော်(ခ)ခေါင်းပြား(၂၀ နှစ်)အား မြိုင်ကလေးရဲကင်းရဲစခန်းမှ ဒုရဲအုပ် အာကာစိုးသူ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေစစ်ဆေးရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ မုန့်အိတ်အခွံဖြင့် ထုပ်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ကို ဖမ်းမိခဲ့ပြီး ၎င်းအား စစ်ဆေးချက်အရ ၎င်း၏ဦးလေးတော်စပ်သူ အောင်မျိုးဦး(ခ)ပုကြွယ်(၃၄ နှစ်)၏ နေအိမ်သို့ ဆက်လက်ရှာဖွေရာ အောင်မျိုးဦး(ခ)ပုကြွယ်နှင့်အတူ WY ဆေးပြား ၇၅ ပြားကို ထပ်မံဖမ်းမိခဲ့၍ ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

### ခိုလမ်မြို့၌ တရားမဝင်သစ်များဖမ်းဆီးရမိ

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်-ခိုလမ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ တရားမဝင် တမလန်းသစ်များ သယ်ဆောင်လာသည့် ယာဉ်တစ်စီးကို ဇူလိုင် ၂၂ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင်သစ်သတင်းအရ ခိုလမ်မြို့ သစ်တောဦးစီးဌာနမှ တောအုပ်ဦးငွေထွန်းနှင့် နယ်မြေခံတပ်မှ ဒုတပ်ကြပ်စိုင်းသီဟတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြည်ထောင်စုလမ်းမကြီး လျှပ်စစ်ဓာတ်အားခွဲရုံရှေ့၌ စောင့်ဆိုင်းရှာဖွေစဉ် ယာဉ်မောင်း ဟော်လောက်ကွေး(၄၃ နှစ်) မောင်းနှင်ပြီး စိုင်းလိုင်ခမ်း(၃၀ နှစ်)လိုက်ပါလာသည့် ပါရာဒိုကားပေါ်မှ တရားမဝင် တမလန်းသစ် ခွား ရွှေတုံး ၁၄ တုံး (အလေးချိန် ၀ ဒသမ ၆၂၉၈ တန်)ကို ဖမ်းမိခဲ့ခြင်းဖြစ်ကာ ယာဉ်ပေါ်ပါ သူနှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**

### အလုပ်သမားချင်းရန်ဖြစ်ပြီး ဓားထိုးမှုဖြစ်ပွား

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့၌ အလုပ်သမားတန်းလျားတွင် နေထိုင်သူ အမျိုးသားနှစ်ဦး ရန်ဖြစ်ရာမှ ဓားထိုးမှု ဇူလိုင် ၂၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဘုရားသုံးဆူမြို့အမှတ်(၁)ရပ်ကွက် သစ္စာလမ်းရှိ ဒေါ်ခင်လေးနွယ်၏ အလုပ်သမားတန်းလျားတွင်နေထိုင်သူ ဗိုလ်နေယုအား နန်းဝင်း(၃၃ နှစ်)က ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကာ ဓားထိုးခံရသူမှာ ဒဏ်ရာသုံးချက်ရရှိခဲ့၍ ဘုရားသုံးဆူနယ်မြေရဲစခန်းက ဓားဖြင့်ထိုးသူ နန်းဝင်း အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် အမေရိကန်သံအမတ်ကြီးနှင့် ပြည်နယ်အစိုးရ တွေ့ဆုံဆွေးနွေး

**ဘားအံ ဇူလိုင် ၂၅**

အမေရိကန်သံအမတ်ကြီး H.E.Mr.Scot Marciel ဦးဆောင်သောအဖွဲ့သည် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်နယ်ဝန်ကြီးချုပ်နေအိမ် ဧည့်ခန်း၌ ဇူလိုင် ၂၁ ရက်က တွေ့ဆုံ၍ ကရင်ပြည်နယ် ဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



တွေ့ဆုံဆွေးနွေးရာတွင် အမေရိကန်သံအမတ်ကြီး H.E.Mr.Scot Marciel က ကရင်ပြည်နယ်သည် ဒေသအေးချမ်းပြီး ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်သည်ကို တွေ့ရကြောင်း၊ ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖြစ်စဉ်သည် အခြားပြည်နယ်များထက် ရှေ့ပြေးနေသည်ဟု မြင်ရကြောင်း၊ နိုင်ငံတကာ အနေဖြင့်လည်း မည်ကဲ့သို့ ကူညီရမည်ကို စိတ်ဝင်စားနေကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ယခုလို ကြားသိရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဒေသခံများအနေဖြင့် ပိုမိုခံစားရကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ကရင်ပြည်နယ်ကို ကူညီမည်ဆိုပါက စိုက်ပျိုးရေးကို ဦးစားပေးစေလိုကြောင်း၊ ငြိမ်းချမ်းလာသည့်ဒေသများ ဖြစ်လာသောကြောင့် ပညာရေး၊ ကျန်းမာရေး ထောက်ပံ့မှုများလည်း လိုအပ်နေကြောင်း စသည်ဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးရာတွင် ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှ လိုအပ်ချက်များ၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး လိုအပ်သော အကူအညီများ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး လိုအပ်ချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## သက်တမ်းလွန်ဆေးဝါးများနှင့် စားသုံးရန်မသင့်သော အစားအစာများကို မီးရှို့ဖျက်ဆီး

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးခရိုင်အတွင်း မြို့နယ်ခြောက်ခုမှ ဆေးဆိုင်များ၊ ကုမ္ပဏီများ၊ ဆေးရုံများတွင် အသုံးပြုရင်း သက်တမ်းကုန်ဆုံးလာသည့် တရားဝင်ဆေးဝါးများ ကာလတန်ဖိုး ၂၀၃၇ သိန်းကျော်နှင့် စားသုံးရန်မသင့်သော အစားအစာများကို ပုသိမ်ကြီးမြို့နယ်ရှိ အေးရိပ်ငြိမ်သုသာန်၌ ဇူလိုင် ၂၁ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ခရိုင်အတွင်းရှိ ဆေးဆိုင်များ၊ ကုမ္ပဏီများ၊ ဆေးရုံများမှ အသုံးပြုရင်း သက်တမ်းကုန်ဆုံးလာသည့် တရားဝင်ဆေးဝါးများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဆေးဆိုင်ရှင်များ၊ ကုမ္ပဏီများ ပူးပေါင်း၍ ဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန ကျန်းမာရေးဌာန(ခွဲ)မှ ဌာနခွဲမှူး ဒေါက်တာခင်မောင်ဦးက "တရားဝင်တင်သွင်းလာတဲ့ ဆေးဝါးတွေဖြစ်ပေမယ့် သက်တမ်းကုန်နေတဲ့အတွက် ဒီလိုဆေးဝါးတွေကို ပြည်သူတွေမသုံးစွဲမိအောင် စည်းရုံးပြီးတော့ ဖျက်ဆီးရတာပါ။ အမြဲတမ်းဆောင်ရွက်နေကျလုပ်ငန်းလည်းဖြစ်ပါတယ်''ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် သက်တမ်းလွန် ဆေးဝါးများနှင့် စားသုံးရန် မသင့်သော အစားအစာများကို တစ်နှစ်လျှင်နှစ်ကြိမ် မီးရှို့ဖျက်ဆီးလေ့ရှိရာ ယခုတစ်ကြိမ် ဖျက်ဆီးခြင်းမှာ (၂၃)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားချေးငွေပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၂၅**

ကချင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ အသေးစား အရင်းအနှီးချေးငွေများ ပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက်က မြစ်ကြီးနားမြို့မြို့တော်ခန်းမ၌ ကျင်းပခဲ့ပြီး လယ်ယာသုံး စက်ကိရိယာများကိုလည်း သမဝါယမအသင်းသားများအား အရစ်ကျရောင်းချပေးခဲ့ကြောင်း သိရသည်။

ချေးငွေလွှဲပြောင်းပေးအပ်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကား ပြောကြားပြီး ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက သမဝါယမလုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသေးစားအရင်းအနှီးချေးငွေများကို ပေးအပ် ရာ ဗန်းမော်ခရိုင်အတွက် ချေးငွေ ၃၀၁၃ ဒသမ ၇၃၈ သန်း ၊ မြစ်ကြီးနားခရိုင်အတွက် ၅၇၄၉ ဒသမ ၄၉၆ သန်း၊ မိုးညှင်းခရိုင် အတွက် ၇၃၃၉ ဒသမ ၂၇၅ သန်းနှင့် ပူတာအိုခရိုင်အတွက် ၃၈၁ ဒသမ ၄၈၀ သန်းတို့တို့ ဝန်ကြီးချုပ်က ခရိုင်ကိုယ်စားလှယ် များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူထားသည့် လက်တွန်းထွန်စက် ၁၃၉ စီးနှင့် ထွန်စက်နှစ်စီးတို့ကို ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက စိုက် ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများကိုယ်စား ပြည်နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးဝင်းနိုင်ထံ ပေးအပ်ခဲ့သည်။

ပြည်နယ်သမဝါယမဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း ခရိုင်လေးခုရှိ အခြေခံသမဝါယမအသင်းပေါင်း ၄၈၇ သင်းမှ အသင်းသား ၄၃၂၀၇ ဦးထံသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်းပေါင်း ၁၇၂၉၄ ဒသမ ၀၃၄ နှင့် လယ်ယာသုံးစက် ကိရိယာ ၁၄၁ ခုအတွက် ပံ့ပိုးချေးငွေ ကျပ် ၃၈၈ ဒသမ ၅၇၉ သန်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ဖျာပုံမြို့ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်း

**ဖျာပုံ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁၈)ရပ်ကွက်ရှိ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်သိန်း၂၀ ကို ဖျာပုံမြို့နေ အလှူရှင်ဦးကျော်ဇောလင်း-ဒေါ်အေးအေးသက်(ဂဋ္ဌုန်မင်းရွှေဆိုင်)မိသားစုက ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီထံသို့ ဇူလိုင် ၂၄ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ယခုအချိန်တွင် ဖျာပုံမြို့ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ၌ အဘိုးအဘွား ၃၀ ကျော်ကို စောင့်ရှောက်ထားပြီး ဘိုးဘွားရိပ်သာတွင် လိုအပ်နေသော အုတ်မြောင်းများ ဆောက်လုပ်ရန် အဆိုပါအလှူရှင်မိသားစုက လှူဒါန်းပေးခြင်းဖြစ်သည်။

ဖျာပုံမြို့ရှိ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာကို ကနိပရဟိတဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက ၁၉၉၁ ခုနှစ်မှာ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ခိုကိုးရာမဲ့ အဘိုးအဘွားများကို စောင့်ရှောက်ပေးထားသည့် ဖျာပုံခရိုင်အတွက် အားထားရသည့် ဘိုးဘွားရိပ်သာတစ်ခုဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ပြည်သူလူထုသို့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါသည် ဇွန်၊ ဇူလိုင်လများတွင် အများဆုံးဖြစ်ပွားလျက်ရှိပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကျား/မ မရွေး၊ တောရောမြို့ပါ နေရာမရွေး၊ ကလေးများတွင်သာမက အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဓိကအကျဆုံးမှာ ပိုးလောက်လမ်းမရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**သို့ဖြစ်ပါ၍ မိမိအပါအဝင် မိသားစုတိုင်းက မိမိနေအိမ် အတွင်း/အပြင်များတွင် ခြင်နှင့် ပိုးလောက်လမ်းမရှိစေရန် အောက်ဖော်ပြပါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။**

**ခြင်ကိုက်မခံရစေရန်နှင့် ပိုးလောက်လမ်း နှိမ်နင်းရေးအတွက် -**

(၁) အိပ်သည့်အချိန်တိုင်း နေ့/ညမရွေး ခြင်ထောင် ထောင်အိပ်ပါ။

(၂) ခြင်ကိုက်မခံရစေရန် ခြင်နိုင်လိမ်းဆေးများ လိမ်းပါ။ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်ပါ။

(၃) (ဖြစ်နိုင်ပါက) အိမ်များတွင် ခြင်လုံဆန်ခါ တပ်ဆင်ပါ။

(၄) ပိုးလောက်လမ်း အဓိကပေါက်ပွားတတ်သော အိမ်တွင်း၊ အိမ်ပြင်ရှိ ရေသိုလှောင်ထားသည့် အိုးခွက်များကို အဖုံးဖုံးအုပ်ခြင်း၊ မကြာခဏ ရေလဲလှယ်ပေးခြင်းတို့ကို ပြုလုပ်ပါ။

(၅) ရေအောင်းပြီး ခြင်ပေါက်ပွားနိုင်သည့် ဝါးငုတ်များ၊ သစ်ခေါင်းများကို ရှင်းလင်းပါ။ အိုးခွက်ဟောင်းများ၊ တာယာဟောင်းများကို စနစ်တကျစွန့်ပစ်ပါ။

(၆) ရေဝပ်နိုင်သည့် မြေနေရာများကို မြေဖို့ပါ။

(၇) မိမိတို့ ရပ်ကွက်/ကျေးရွာအတွင်း **"သွေးလွန်တုပ်ကွေးရောဂါ"** နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြပါ။

**စိုးရိမ်ရသည့်သွေးလွန်တုပ်ကွေးလက္ခဏာများမှာ**

- စဖျားသည့်နေ့မှ (၃)ရက်မြောက်နေ့တွင် ကိုယ်အပူချိန် ရုတ်တရက်ကျဆင်းသွားခြင်း
- ဂနာမငြိမ်ဖြစ်ခြင်း (သို့) အရမ်းမှိန်းလာခြင်း
- ခန္ဓာကိုယ်တွင် သွေးခြည်ဥကဲ့သို့ အနီကွက်များပေါ်လာခြင်း
- ကော်ဖီရောင်၊ အညိုရောင်အရည်များအန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း
- ခြေဖျားလက်ဖျားများ အလွန်အမင်းအေးစက်ခြင်း
- သွေးပေါင်ချိန် အလွန်အမင်းကျဆင်းခြင်း

အရေးအကြီးဆုံးအချက်မှာ သွေးလွန်တုပ်ကွေးသည် ယခင်ဖြစ်ဖူးသည့်သူများတွင် နောက်တစ်ခါဖြစ်လျှင် ပိုဆိုးတတ်သောကြောင့် အထူးသတိထားရန် လိုအပ်ပါသည်။

ရာသီတစ်ခုတည်းမှာပင် နှစ်ခါပြန်ဖြစ်နိုင်သည့်အတွက် ပထမတစ်ခါဖြစ်ပြီးပြီဟု သဘောထားပြီး ပေါ့ဆ၍မရသည့် ရောဂါဖြစ်ပါသည်။

**သို့ဖြစ်ပါ၍ အထက်ပါစိုးရိမ်ရသည့် သွေးလွန်တုပ်ကွေးရောဂါလက္ခဏာတစ်ခုခု တွေ့ရှိခဲ့ပါက ကုသမှုခံယူရန် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မုံရွာမြို့ စက်မှုသင်တန်းကျောင်းတည်ထောင်ရန် အိန္ဒိယမှပညာရှင်နှစ်ဦး လာရောက်လေ့လာ



**မုံရွာ ဇူလိုင် ၂၅**

သင်တန်းသား ၄၀၀ ခန့် တက်ရောက်သင်ကြားနိုင်မည့် စက်မှုသင်တန်းကျောင်း (Industrial Training Center -ITC) တစ်ခုကို အိန္ဒိယနိုင်ငံ၏ အထောက်အကူဖြင့် မုံရွာမြို့တွင် ဖွင့်လှစ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ Project Manager နှင့် Project Engineer တို့ မုံရွာမြို့သို့ရောက်ရှိကာ ဇူလိုင် ၂၀ ရက်မှစ၍ မုံရွာစက်မှုဇုန်အတွင်း လှည့်လည်လေ့လာလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ပညာရှင်နှစ်ဦးသည် မုံရွာစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများကို လေ့လာပြီး လက်ရှိလုပ်ငန်းများနှင့်ကိုက်ညီသော သင်တန်းများ၊ သင်ထောက်ကူပစ္စည်းများကို ၎င်းတို့၏ Proposal ရေးဆွဲရာတွင် ထည့်သွင်းသွားမည်ဖြစ်ရာ မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အချို့နှင့် တွေ့ဆုံ၍ ဇုန်အတွင်းရှိ လုပ်ငန်းအချို့တို့ကို လိုက်လံလေ့လာနေခြင်းဖြစ်သည်။

စက်မှုသင်တန်းကျောင်း ဖွင့်လှစ်ရန်အတွက် လျာထားသော အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)ကို အိန္ဒိယပညာရှင်နှစ်ဦးအား ပြသခဲ့ရာ အနည်းငယ်ပြုပြင်ပြောင်းလဲလိုက်လျှင် သင့်တော်မှုရှိကြောင်း ၎င်းတို့က သတ်မှတ်ခဲ့သည်။ သင်တန်းကျောင်းဖွင့်ရန်အတွက် ၎င်းတို့၏ Proposal ကို စက်မှုဝန်ကြီးဌာနနှင့် အိန္ဒိယသံရုံးသို့ တင်ပြပြီး သဘောတူပါက နားလည်မှုစာချွန်လွှာ MOU ထိုးကာ ၁၀ လအတွင်း နည်းပြများကို အိန္ဒိယနိုင်ငံသို့ ခေါ်ယူသင်တန်းပေးပြီးနောက် သင်ထောက်ကူပစ္စည်းများလည်း ပေးပို့တပ်ဆင်နိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မုံရွာမြို့စက်မှုသင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက နည်းပညာ၁၀ မျိုးကို သင်ကြားပေးသွားရန် ရည်မှန်းထားကြောင်း သိရသည်။

မုံရွာမြို့သို့ လာရောက်လေ့လာနေသော အိန္ဒိယပညာရှင်နှစ်ဦးနှင့် မုံရွာစက်မှုဇုန်အဖွဲ့သည် ဇူလိုင် ၂၁ ရက်ကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်အား တိုင်းဒေသကြီးအစိုးရရုံး၌ သွားရောက်တွေ့ဆုံပြီး ကျောင်းတည်ထောင်ရန် ကိစ္စများကို တင်ပြခဲ့ပြီးဖြစ်ကာ ဝန်ကြီးချုပ်ကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားထားကြောင်း မုံရွာစက်မှုဇုန်ကော်မတီဝင် ဦးဇော်ထွန်း၏ ပြောကြားချက်အရ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# စက်ရေတွင်းနှင့် ရေလှောင်ကန်များ လွှဲပြောင်းလှူဒါန်း

**နွားထိုးကြီး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု သာယာကုန်းကျေးရွာ ရွှေကူကြီးတောရကျောင်းတိုက်၌ စက်ရေတွင်းနှင့် ရေလှောင်ကန်များ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကျေးရွာများအနေဖြင့် စက်ရေတွင်းနှင့် ရေလှောင်ကန်များကို ကော်မတီဖွဲ့စည်း၍ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားပြီး စက်ရေတွင်းနှင့် ရေလှောင်ကန်များ မတည်အလှူရှင်ကိုယ်စား အလှူရှင် မန္တလေးမြို့ C.A.E ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမ ဒေါ်နှင်းနှင်းမော်က လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အလှူရှင်များဖြစ်သော ဒေါ်နှင်းနှင်းမော်၊ ရန်ကုန်မြို့နေ ဦးစိုးလှိုင်-ဒေါ်ပန်းအိဖြူ၊ လျှော်ဖြူအလယ်ကျေးရွာမှ မြေနေရာလှူဒါန်းသူ ဦးလူပျို့တို့က ရွှေကူကြီးတောရကျောင်းဆရာတော်ထံ စက်ရေတွင်းနှင့်ဆိုင်သော စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက လျှော်ဖြူအလယ်ရွာရှိ ပေ ၃၂၀ စက်ရေတွင်း တစ်တွင်း၊ ပေ ၄၀၀ စက်ရေတွင်းတစ်တွင်းနှင့် ဂါလန် ၁၀၀၀၀ ဆံ့ရေကန် နှစ်ကန်၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်လေးကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ စက်ရေတွင်းနှင့် ရေကန်များမှ လျှော်ဖြူ(မ)ကျေးရွာ လျှော်ဖြူအလယ်ကျေးရွာနှင့် သာယာကုန်းကျေးရွာတို့မှ အိမ်ထောင်စုပေါင်း ၃၂၀ စုအား ရေမီတာများဖြင့် ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သန်းအောင်ဇော်**

# ရေဘုတ်ဆည်သို့ ရေဝင်ရောက်နေမှုအခြေအနေကို ပြည်နယ်ဝန်ကြီး ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ ထီလုံရေဘုတ်ဆည်နှင့် သာမညကျေးရွာ လျှိုပိတ်ဆည်တို့တွင် ရေဝင်ရောက်နေမှု အခြေအနေနှင့် ဆည်၏ ရေဝေရေလွှဲ ဧရိယာအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေနှင့် ကျေးလက်လမ်း အခြေအနေများကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ဇူလိုင် ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ပြည်နယ်ဝန်ကြီးသည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှူးနှင့် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးတို့နှင့်အတူ သမ္ဘာန်ကျေးရွာ စိုက်ပျိုးပညာပေးစခန်းတွင် SRI နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ဆင်းသုခမျိုးစပါးများ ဖြစ်ထွန်းအောင်မြင်မှုအခြေအနေကို ကြည့်ရှုအားပေးကာ လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆဲင်ဇခုပ်က ရေဘုတ်ဆည် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော စိုက်ခင်းများကို ခရုများဖျက်ဆီးခြင်းမှ ကာကွယ်ရန်အတွက် ဓာတုပိုးသတ်ဆေးမသုံးဘဲ လူအားဖြင့် ကောက်ယူဖယ်ရှား ဖျက်ဆီးကာ လယ်ကွင်းအတွင်း သဘာဝမြေသြဇာအဖြစ် ပြန်လည်အသုံးပြုရန် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေဘုတ်ဆည်သို့ သွားရောက်ကြည့်ရှုပြီး ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးအောင်ဗိုလ်က မိုးရွာသွန်းမှုအခြေအနေအရ ဆည်ရေအမြင့် ၆၅ ပေအထိ ရေသိုလှောင်နိုင်ခဲ့ပြီး ပိုလျှံရေများကို ရေပိုလွှဲနှစ်ခုမှ ထုတ်လွှတ်ပေးနေမှုနှင့် တာတမံ၏ကြံ့ခိုင်မှုအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့နယ် အိန္ဒဲကျေးရွာရှိ တောင်သူဦးဝမ်း၏ မိုးစပါး ဆင်းသုခ(၃)ကေစိုက်ခင်း၌ ပြုလုပ်သော သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျကြဲပက် တောင်သူပညာပေးပွဲသို့ တက်ရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် သာမညကျေးရွာ၌ နွေရာသီ ရေရှားပါးမှု မရှိစေရေးအတွက် ဆောင်ရွက်ထားသော ရေဂါလန်နှစ်သန်းကျော် သိုလှောင်ထားနိုင်သည့် လျှိုပိတ်ဆည်၏ ရေဝင်ရောက်မှုအခြေအနေနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေများ ကိုလည်းကောင်း၊ ကော့ကဒါကျေးရွာနှင့် လက္ခဏကျေးရွာအကြား ဆက်သွယ်ထားသည့် ကျေးလက်တံတား ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

**SMEs Development Strategy"Issues&Solutions"Forum**

**ဖိတ်ကြားလွှာ**

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် အဓိကမောင်းနှင်အားဖြစ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော မဟာဗျူဟာများချမှတ်နိုင်ရန် SMEs Development Strategy"Issues&Solutions" Forum ကို ကုန်သည်စက်မှုအသင်းချုပ်မှ ဦးဆောင်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၉-၇-၂၀၁၇ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
**ကျင်းပမည့်နေရာ** - ဒုတိယထပ်၊ မင်္ဂလာခန်းမ၊ ကုန်သည်စက်မှုအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

အထက်ပါ SMEs Development Strategy" Issues&Solutions" Forum သို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**
**အသင်းသားရေးရာဌာန**
**ဖုန်းနံပါတ်-၀၁-၂၃၁၄၃၄၄-၄၉(လိုင်းခွဲ-၁၄၀-၄၀၉)**
**အီးမေးလ်- ma@umfcci.com.mm**

**ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ နေပြည်တော် ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)မှထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၄-၇-၂၀၁၇ ရက်မှ ၃၁-၇-၂၀၁၇ ရက်အထိ နေ့စဉ်(နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီ) အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၃၁-၇-၂၀၁၇ရက် ညနေ ၄း၀၀နာရီဖြစ် ပါသည်။
၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

**ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**
**ထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သာကေတမြို့နယ် တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၆၇ နှင့် ဆက်နွယ်သည့်**
**၂၀၁၇ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၄**

| | | |
|---|---|---|
| ၁။ ဦးဇော်မင်းဖြိုး | **နှင့်** | ၁။ဦးအေး |
| ၂။ ဒေါ်စိုးစိုးမော် | | ၂။ဒေါ်ထွေးရီ |
| **တရားနိုင်များ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ လယ်ယာ ၅ လမ်း၊ အမှတ် ၁၄(က)နေ တရားရှုံးများဖြစ်ကြသော (၁)ဦးအေး၊ (၂)ဒေါ်ထွေးရီ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၇တွင် အနိုင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များဖြစ်ကြသော (၁)ဦးဇော်မင်းဖြိုး၊ (၂)ဒေါ်စိုးစိုးမော်တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်း တစ်စုံတစ်ရာ တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၇ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

**ဖခင်အမည်မှန်**
အထက(၂)ဒဂုံ (မြို့မ) တက္ကသိုလ်ဝင်တန်း(B)မှ မမြတ်သီရိ၏ဖခင်အမည်မှန်မှာ ဦးမော်ဝင်း ၁၂/စခန(နိုင်)၀၀၃၂၁၇ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ အထက(၉)တက္ကသိုလ်ဝင်တန်း(က)မှ မနန်းမြင့်စုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးခွန်ထွန်းဝင်း ၁၃/ကတလ(နိုင်)၀၀၂၇၂၁ ဖြစ်ပါကြောင်း။
**ဦးခွန်ထွန်းဝင်း**

**မိခင်အမည်မှန်**
တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ အထက(၉)တက္ကသိုလ်ဝင်တန်း(ခ)မှ ခွန်ခမ်းထီ၏ ဖခင်အမည်မှန်မှာ ဒေါ်နန်းခံစင် ၁၃/နတရ(နိုင်)၀၁၆၃၂၉ ဖြစ်ပါကြောင်း။ **ဒေါ်နန်းခံစင်**

**ဖခင်အမည်မှန်**
ညောင်ရွှေမြို့နယ်၊ သာလေး (အထက) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်သိန်းသန်းစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ၁၃/ညရန(နိုင်)၀၇၂၅၈၁ ဖြစ်ပါကြောင်း။**ဦးမြင့်ထွန်း**

**ဖခင်အမည်မှန်**
ညောင်ရွှေမြို့နယ်၊ သာလေး (အထက) တက္ကသိုလ်ဝင်တန်း(ခ)မှ မသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၁၃/ညရန(နိုင်)၀၉၀၈၀၉ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်**

**ဖခင်အမည်မှန်**
တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက် အထက(၉)တက္ကသိုလ်ဝင်တန်း(ဂ)မှ မဖွေးဖွေးစံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ရေး ၈/ပမန(နိုင်)၀၆၂၆၀၄ ဖြစ်ပါကြောင်း။ **ဦးမောင်ရေး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7H/7477, Toyota Mark X GRX 121,S/L(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးနေထက်နိုင် ၃/ကဆက(နိုင်)၀၅၆၈၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂) ၊ မိဂသီလမ်း ၊ မြေကွက်အမှတ် (၄၀၅) ၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်သော (၁) ဦးသက်တင်ဦး (၁၂/ဥကတ(နိုင်) ၁၁၈၀၅၀) ၊ (၂) ဦးခင်မောင်ဝင်း (၁၂/ဥကတ(နိုင်) ၁၁၇၃၆၆)၊ (၃) ဦးသိန်းဇော်ဝင်း (၁၂/ဥကတ(နိုင်) ၁၁၆၇၇၇)၊ (၄) ဒေါ်သိန်းသိန်းရ (၁၂/ဥကတ(နိုင်) ၁၁၆၈၁၃)၊ (၅) ဦးသိန်းဇော်လင်း (၁၂/ဥကတ(နိုင်) ၁၁၉၀၀၆) နှင့် (၆) ဒေါ်ချိုချိုထွန်း (၁၂/ဥကတ(နိုင်) ၁၁၆၈၀၉)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**ကန့်ကွက်နိုင်ပါကြောင်း**
မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကွင်း/အမှတ်နှင့်အမည် (၁၆၄၄/၂၉၂၅-ဒဟတ်ကန်အနောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၀+၂၄)၊ ဧရိယာ ၀ဒသမ ၀၉၀၈ကေရှိ ဒေါ်သန်းသန်းဌေး+ဒေါ်သန်းသန်းတို့အမည်ဖြင့် နှစ် ၃၀ ဂရန်အမည်ပေါက်မြေကွက်အား ဒေါ်သန်းသန်းဌေးမှ ၎င်းတစ်ဦးတည်းအမည်ဖြင့် မြေဂရန်အမည်ပြောင်း လျှောက်ထားရန် ဂရန်စာချုပ်မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား လွှဲပြောင်းပေးထားသည့် (SP)မူရင်း၊ (GP)မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား စွန့်လွှတ်ပေးထားသည့် စွန့်လွှတ်စာချုပ် မူရင်းများနှင့်အတူ လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ကော်လီတွေ့အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး)၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးခရိုင်၊ မကွေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**
မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကွင်း/အမှတ်နှင့်အမည် (၁၆၄၄/၂၉၂၅-ဒဟတ်ကန်အနောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၀+၂၄)၊ဧရိယာ ၀ဒသမ ၀၉၀၈ကေရှိ ဒေါ်သန်းသန်းဌေး+ဒေါ်သန်းသန်းတို့အမည်ဖြင့် နှစ်(၃၀)ဂရန် အမည်ပေါက်မြေကွက်အား ကျွန်မ ဒေါ်သန်းသန်းဌေးမှ ကျွန်မတစ်ဦးတည်းအမည်ဖြင့် မြေဂရန်အမည်ပြောင်း လျှောက်ထားရန် ဂရန်စာချုပ်မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား လွှဲပြောင်းပေးထားသည့်(SP)မူရင်း၊ (GP)မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား စွန့်လွှတ်ပေးထားသည့် စွန့်လွှတ်စာချုပ်မူရင်းများနှင့်အတူ လျှောက်ထားလျက်ရှိရာ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဒေါ်သန်းသန်းဌေး ၈/သရန(နိုင်)၀၄၅၈၃၃ အမှတ်(၁၀၅)၊ ၁၅ လမ်း၊ ကန်သာရပ်ကွက်၊ ဒီအုပ်စု၊ မကွေးမြို့**


HITACHI
Inspire the Next
AI နဲ့ဆိုရင်
အနာဂတ်ဟာ စိတ်ကူးအကြံဉာဏ်ကောင်းများကို
လမ်းဖွင့်ပေးထားပါတယ်။
ကိရိယာတန်ဆာတွေဟာ လူသားတွေကို အောင်မြင်မှုတွေရအောင် အစဉ်အမြဲကူညီပေးခဲ့ကြပါတယ်။
Hitachi ရဲ့ အသိဉာဏ်တုနည်းပညာ (AI) ဟာဆိုရင် လုပ်ငန်းတွေကို ပိုမိုအောင်မြင်အောင်
တွန်းအားပေးတဲ့ ကိရိယာတစ်ခုပါပဲ။ အခုအချိန်မှာဆိုရင် စက်မှုလုပ်ငန်းတွေမှာ
ကုန်ထုတ်စွမ်းအားတိုးတက်အောင် ကူညီဆောင်ရွက်တာ၊ကုန်ကျစရိတ်လျှော့ချတာ၊
ပျော်ရွှင်မှုတွေကို တိုးတက်များပြားစေတာလို လုပ်ငန်းတွေရဲ့ ရည်မှန်းချက်အများအပြားကို
အောင်မြင်အောင် ဖြည့်ဆည်းပေးနိုင်ခဲ့ပါပြီ။ ဘယ်လိုရလဒ်ထွက်လာစေချင်သလဲဆိုတာကိုသာ
ရိုးရှင်းစွာစိတ်ကူးလိုက်ပါ။ Hitachi ရဲ့ AI နဲ့အတူ ဖြစ်နိုင်ခြေတိုင်းကို ဖွင့်ဟာဖော်ထုတ်နိုင်ပြီ ဖြစ်ပါတယ်။
social-innovation.hitachi
Hitachi Social Innovation

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၂၁-၆-၂၀၁၇ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၄-၈-၂၀၁၇** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါကစစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ်၀၁၃၆-၃၀၁၃၃၁၊ ၀၁၃၆-၃၀၁၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက-သဲတော၊ အဋ္ဌမတန်း(C)မှ မရွှေရည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၉/ဝတန(နိုင်)၁၂၆၅၇၇ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဝင်း**

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ အလက(၃)၊ ပဥ္စမတန်း(က)မှ (ဘ) ဦးဇော်ကိုလတ် ၉/အမရ(နိုင်)၀၀၂၁၈၉ ၏ သား မောင်ဟိန်းသန့်ညီအား ယနေ့မှစ၍ မောင်ဟိန်းမင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းမင်းထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့၊ လက်ပန်ပျား အထကမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မအေးနန္ဒာကျော်၏ ဖခင်ဦးမောင်ငွေးနှင့် ဦးငွေး ၉/ကပတ(နိုင်)၀၁၀၃၅၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ငွေး(ခ)ဦးငွေး**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ တောင်ညောင်ကုန်းကျေးရွာ အထက(၆) အဋ္ဌမတန်း(A)မှ မောင်ဟန်ဇေထွန်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၉/ပဘန (နိုင်) ၁၁၃၇၄၉ ဖြစ်ပါကြောင်း။ **ဦးညွန့်ဝင်း**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း($A_6$)မှ မခင်အေးငြိမ်းနှင့် မခင်အေးသိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးပေါ်လာ ၉/တကန(နိုင်) ၁၅၅၁၂၆ ဖြစ်ပါကြောင်း။ **ဦးပေါ်လာ**

## ဆုတောင်းမင်္ဂလာ

မိတ္ထီလာမြို့၊ ကံဦးရပ်ကွက်၊ ကျောင်းသစ်ကျောင်းဆရာတော် ဦးပညာစာရ (ဓမ္မကထိက-ကမ္မဋ္ဌာနာစရိယ-မိုးကုတ်ရိပ်သာ) အရှင်မြတ်၏ သက်တော်(၈၀)ပြည့် မွေးနေ့ဝိဇာတမင်္ဂလာနှင့် ဆွမ်းလောင်းဝါဆိုသင်္ကန်းကပ် ရေစက်ချအလှူကို ၂၅-၇-၂၀၁၇ ရက်တွင် ကျင်းပပါသည်။

**ဆရာတော် သက်တော်ရာကျော်ရှည်ပါစေ-**
**ကျန်းမာစွာဖြင့်၊ ချမ်းသာစွာဖြင့် ခန္ဓာဝန်ကို၊**
**သာသနာ့ဝန်ကို ဆောင်ရွက်နိုင်ပါစေ-**

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## အသိပေးကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၁) ရန်ကုန်မှ သာကေတတံတားသစ်ချဉ်းကပ်လမ်းပေါ်ရှိ ရထားလမ်းခုံးကျော်တံတားတွင် Plate Girderများ တပ်ဆင်ခြင်းလုပ်ငန်းများ ပြုလုပ်မည်ဖြစ်ပါသဖြင့် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ခေတ္တလမ်းပိတ်မည့်နေရာ** - ဒေါပုံမြို့နယ်မှ မင်္ဂလာဈေးဘက်သို့ လည်းကောင်း၊ စက်ဆန်းမှ မင်္ဂလာဈေးဘက်သို့ လည်းကောင်း မင်္ဂလာဈေးမှ ပုဇွန်တောင်ဘက်သို့ လည်းကောင်း သွားသောစက်ရုံလမ်း

**နေ့ရက်** - ၂၈-၇-၂၀၁၇ ရက်မှ ၃၁-၇-၂၀၁၇ ရက်အထိ

**အချိန်** - ည ၁၁း၀၀နာရီမှ နံနက် ၄း၀၀နာရီအထိ

## ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အသင်းခွဲ နှစ်ပတ်လည်အစည်းအဝေးနှင့် Yangon Dental Festival,2017 ကို မြန်မာနိုင်ငံဆရာဝန်အသင်း(သိမ်ဖြူ)တွင် အောက်တိုဘာလ ၂၁ရက်၊ ၂၂ရက်တို့၌ ပညာရပ်ဆိုင်ရာဟောပြောပွဲများ၊ Hands-on များ၊ သွားဘက်ဆိုင်ရာဆေးနှင့် ဆေးပစ္စည်းရောင်းချပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိပါသည်။

စိတ်ပါဝင်စားသော ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉နာရီမှ ၁၁နာရီအထိ
**နေရာ** - M3 Food Center (Golden Hall) ရွှေဂုံတိုင်လမ်း

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**
**ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ**

## ဝန်ထမ်းအလိုရှိသည်

**Marketing Manager** ကျား ၁ ဦး

ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ စက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရမည်။

- ဘွဲ့ရဖြစ်ရမည်။
- Marketing နှင့်ပတ်သက်၍ ဒီပလိုမာတစ်ခု အနည်းဆုံးရရှိရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- အရောင်းဈေးကွက်၊ ရောင်းအားမြှင့်တင်ရေးအတွက် Plan ရေးဆွဲနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက် ရှိရမည်။
- ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်အပြည့်အစုံဖြင့် အောက်ပါဖုန်းနံပါတ်သို့ Viber နှင့် Email တို့မှ ပေးပို့လျှောက်ထားနိုင်သည်။
- ဆက်သွယ်ရန် ဖုန်း-09-41001886, Email-nnt641987@gmail.com

**အရှေ့မြောက်တံခါးသစ်သီးကုမ္ပဏီ**

## အမြန်ငှားမည်

မြေ ပေ ၁၄၀× ပေ ၁၄၀ ပေါ်ရှိ အဆောက်အအုံ လေးထပ်ခွဲ၊ ဓာတ်လှေကားပါ အသုံးပြုနိုင်သော အကျယ်အဝန်း ၅၁၂၀၀ sqft နှင့် ကားရပ်နားနိုင်သော နေရာ ၁၇၀၀၀ sqft ၈ မိုင်လမ်းဆုံ ရန်ကုန်ဟိုတယ်အနီး၊ ကမ္ဘာအေးဗီလာမျက်စောင်းထိုးကို အမြန်ငှားမည်။

**ဖုန်း- ၀၉-၈၇၂၄၃၂၂၂၂၊**
**၀၉-၂၅၀၀၂၆၄၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/1939 Hino DUTRO X-ZU34 L.T (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထိုက်ဇော် ၅/ဆလက(နိုင်)၀၄၁၆၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/2528 Toyota Harrier Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာစော ၁၂/ဥကတ(နိုင်)၀၀၁၄၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/7403 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာရီ ၉/မခန(နိုင်)၀၂၀၃၉၈က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### ဓနုဖြူမြို့နယ်တရားရုံး
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၆၇

ဒေါ်မေသွင်ဇော် **နှင့်** ဦးလှမိုး
**တရားလို** **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျုံတနော်ကျေးရွာအုပ်စု၊ လိပ်ချောင်းကျေးရွာနေ (ဘ)ဦးကံမြင့်၏သား ဦးလှမိုး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မေသွင်ဇော်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဩဂုတ် ၁ရက် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးကိုလာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**မြို့နယ်တရားသူကြီး**
**ဓနုဖြူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၆၅၁၊ မြေကွက်တည်နေရာအမှတ် ၆၅၁၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ [ဦးစိုးဦး ၁၂/ဥကတ(နိုင်)၀၃၂၈၈၂]အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးဦး (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်စမ်းစမ်းအေး ၁၂/ဥကတ(နိုင်) ၀၃၇၉၈၁မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ် တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၅-၂၀၃၉/၃၁-၅-၁၇၊ သေစာရင်းနှင့် ဂရန်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ သုံးထပ်ခွဲတိုက်အဆောက်အအုံတွင် လျှောက်ထားသူကိုယ်တိုင်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၀၈/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၈/ခ၊ သိင်္ဂီ ၃လမ်းမြောက်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးထွန်းကြိုင် CP-၀၂၄၁၀၉၊ ၁၂/သကတ(နိုင်)၀၃၉၆၇၈၊ (၂) ဒေါ်စန်းကြည် KYN-၀၂၀၃၀၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြိုင်(ဖခင်)နှင့် ဒေါ်စန်းကြည်(မိခင်)တို့ကွယ်လွန်သဖြင့် (၁)ဦးသောင်းနိုင် ၁၂/သကတ(နိုင်)၀၁၄၁၃၈၊ (၂)ဒေါ်တင်တင်မိုး ၁၂/သကတ(နိုင်)၀၀၇၂၅၇၊ (၃) ဦးမြင့်နိုင် ၁၂/သကတ(နိုင်)၁၂၉၄၀၃၊ (၄)ဦးစောထွန်းနိုင် ၁၂/သကတ(နိုင်)၁၂၀၂၉၉ တို့မှ သား၊ သမီးများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်၊ တရားရုံး၏ ၁၅-၅-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ်(၅-၈၅၃/၂၀၁၇)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် (၂)ထပ်အုတ်/ပျဉ်ထောင် အဆောက်အအုံတစ်လုံး၊ မြေစိုက်နောက်ဘက်အဖီဆွဲအဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဦးကျော်ကျော်ခိုင်-ဒေါ်ဇင်မာဦးတို့၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္တိကျေးရွာအုပ်စု၊ ကညင်ချောင်းကျေးရွာနေ (အထက) စာဘူးတောင်း နဝမတန်း(က)မှ မချိုချိုဆန်း၏ အမည်မှန်မှာ မချိုချိုစန်း ဖြစ်ပါကြောင်း။

**မချိုချိုစန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9175 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဦးအောင်ကိန်းလမ်းသွယ်၊ သံလွင်လမ်း၊ အမှတ် ၉၉/ဒီ ၃ တည်ရှိရာ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၃၆အက်ဖ်၊ မြေကွက်အမှတ်-၉၉ဒီ/၂ဘီ၊ မြေအမျိုးအစားမြေပိုင်မြေ အမည်ပေါက် ဒေါ်သန်းလှ (အေဂျီ-၂၆၀၉၂၀) မြေကွက်အား အမည်ပေါက် ဒေါ်သန်းလှ ၁၂/စခန(နိုင်)၀၁၇၀၈၁ ကွယ်လွန်သဖြင့် ဦးမြသီး ၁၂/စခန(နိုင်)၀၁၈၈၁၂ မှ တစ်ဦးတည်းသော တရားဝင်(ခင်ပွန်း)ဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် ထောက်ခံကျမ်းကျိန်လွှာများ၊ ဒေါ်သန်းလှ၏ ၃၀-၆-၂၀၀၄ ရက် သေစာရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9404 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/2516 Toyota Alphard ANH 10 Micro Bus (4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သက်မော် ၁၂/ဥကတ(နိုင်)၀၀၉၀၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မြင့်

သုတေသနအရာရှိ(ငြိမ်း)၊ (ဆေးသုတေသနဦးစီးဌာန)
မိတ္ထီလာမြို့နယ်(တောင်လယ်ရွာ)
အသက်(၇၀)

ဒေါ်ချိုမာဦး (စာကြည့်တိုက်မှူး၊ ဆေးသုတေသနဦးစီးဌာန)၏ခင်ပွန်း ဦးတင်မြင့်သည် ၂၁-၇-၂၀၁၇ရက်(သောကြာနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးတင်လှဦး(ငြိမ်း)

ကြည်း-၁၄၀၇၃
အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)၊ တော(၄)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုလဲမြို့သစ်၊ နေကြာလမ်း၊ အမှတ် ၁၄၅နေ ဒေါ်ချိုချိုဆွေ၏ ခင်ပွန်း ဗိုလ်မှူးကြီးတင်လှဦး(ငြိမ်း)သည် ၂၀-၇-၂၀၁၇ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်**
**ဦးတင်မြင့်နှင့် ဇနီး ဒေါ်ရွှယ်ဂျာ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဦးတင်စိုး(ခ)ဦးမောင်တင်

**Managing Director (Yangon Airways Ltd.)**
အသက်(၆၇)နှစ်

ပဲခူးမြို့နေ (ဦးအောင်မောင်း-ဒေါ်ခင်သန်း)တို့၏သား၊ ဝေါမြို့နယ်နေ (ဦးမြမောင်-ဒေါ်အုန်းကျင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၂၇စီနေ(ဒေါ်မြင့်မြင့်ကြည်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအေးမြင့်)-ဒေါ်ကျင်ငွေးတို့၏ညီ၊ ဦးခင်စိုး-ဒေါ်စန်းစန်းငွေ၊ ဒေါက်တာပေါ်ဦး-ဒေါ်ခင်သန်းမြင့်၊ ရဲမှူးကြီးမြင့်ဦး-ဒေါ်ငွေငွေ၊ ဦးသန်းဦးတို့၏အစ်ကို၊ ကိုအုပ်စိုးလင်း(ခ)အောင်အောင်(T & K Plastic Factory)၊ ကိုသူရိန်ဇော်ညွန့်(T& K Plastic Factory)-မအေးချမ်းမိုး(ခ)မယဉ်မြတ်သူ၊ (မောင်စည်သူ)တို့၏ဖခင်၊ မချောသဒ္ဒါထက်(ခ)ဂူဂူး၏ ဘိုးဘိုးကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ဦးလေးသည် ၂၅-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်စိုး

**Managing Director**
**Yangon Airways Ltd.**
အသက်(၆၇)နှစ်

Yangon Airways Ltd. မှ Managing Director ဦးတင်စိုးသည် ၂၅-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors နှင့် ဝန်ထမ်းများ**
**ရန်ကုန်အဲဝေးစ်လီမိတက်**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးတင့်

အသက်(၆၂)နှစ်

ဒေါ်ချမ်းမြေ့စိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)၏ဖခင် ဦးစိုးတင့် အသက်(၆၂)နှစ်သည် ၂၃-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန္ဒာဝင်း

ညွှန်ကြားရေးမှူး၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
အသက်(၄၉)နှစ်

လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဝင်းသည် ၂၄-၇-၂၀၁၇ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## အဗ္ဗဒူဂဖူးရ်(ခ)ဦးရဲနောင်သိန်း

ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်
တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ
မော်လဝီအဖွဲ့ချုပ်(ဗဟို)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉လမ်း၊ အမှတ် ၄၇နေ အဗ္ဗဒူဂဖူးရ်(ခ)ဦးရဲနောင်သိန်းသည် ၂၁-၇-၂၀၁၇ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေအတွင်းရေးမှူးချုပ်-အလ်ဟာဂျ် ဆရာဦးကျော်စိုးနှင့်**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)**

---

ရဟန်း၊ သိမ်၊ ကျောင်း၊ ကထိန် ဒါယိကာမကြီး

## ဒေါ်လှဝေ (ကြံခင်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၆၉၉နေ ဦးတင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ကိုတင်ထွန်းအောင်-မကြည်သာဝင်း၊ ကိုထွန်းထွန်း-မတိုးစီ၊ ကိုရဲနိုင်-မသီတာဝင်း၊ (ကိုခွန်သာဝင်း)၊ ကိုသိန်းထွဋ်အောင်-မလှမြတ်မွန်တို့၏မိခင်၊ မြေး၄ယောက်တို့၏အဘွားသည် ၂၅-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အောင်နွယ် (စကုကျွန်း)

အသက်(၇၂)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ ဗောဓိရွာနေ (ဦးလုံးအောင်-ဒေါ်အေးနွယ်)တို့၏သမီး၊ ဦးကာပြင်ရွာနေ ဦးစောလွင်၏ဇနီး၊ တောင်ကုတ်မြို့နယ်၊ ကံပိုင်ရပ်ကွက်နေ ဦးသောင်းရွှေ-ဒေါ်မမချော၊ ဦးတင်ဖေ-ဒေါ်ခင်စန်းမြင့်(ရွှေရောင်လင်းရတနာရွှေဆိုင်)တို့၏အစ်မ၊ ဦးဘစိုး-ဒေါ်စောနွယ်၊ သံတွဲမြို့နေ ဦးထွန်းရီ-ဒေါ်စောရွှေ(တိုင်းသစ်ရတနာရွှေဆိုင်)၊ ဦးခင်မောင်ကျော်-ဒေါ်တင်တင်နွယ်(ကောင်းမွန်ကျော်ရတနာရွှေဆိုင်)၊ ဦးအောင်နိုင်စိုး-ဒေါ်တင်တင်ရွှေ၊ ရန်ကုန်မြို့နေ ဦးမျိုးလင်းအောင်-ဒေါ်ဇင်မာမြင့်တို့၏မိခင်၊ ကိုနေအောင်စိုး၊ ကိုနေလင်းစိုး၊ ကိုနေလင်းထွန်း၊ မထက်မြက်ပိုင်၊ ကိုကျော်ဇင်ထက်၊ မအေးသီရိကျော်၊ မောင်သူရဇော်၊ မစံရတီလင်းမြင့်တို့၏အဘွားသည် ၂၅-၇-၂၀၁၇ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၇ရက် နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ်၊ ကြံခင်းလမ်း၊ အမှတ် ၈၊ သုံးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးစံမြင့် (အငြိမ်းစား)

(မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အမှတ် ၁၂၅နေ (ဦးမြို့-ဒေါ်မြရီ)တို့၏သား၊ (ဦးဘသွင်-ဒေါ်မေမေတင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း(အငြိမ်းစား၊မြန်မာစက္ကူနှင့်ဓာတု)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ကျော်မိုး)၊ ဦးအောင်နိုင်ကို-ဒေါ်ချောသီရိ၊ ဒေါက်တာသူရထွန်း-ဒေါ်မြတ်စုမြင့်၊ ဦးဉာဏ်လင်းမျိုး-ဒေါ်မြင့်မြင့်မေတို့၏ ချစ်လှစွာသောဖခင်၊ မမီသူကို(ဆေး-၁၊ ရန်ကုန်)၊ မောင်မင်းခန့်မျိုး၊ မောင်မင်းပြည့်မျိုး၊ Edric သူရိန်ထွန်းတို့၏အဘိုးသည် ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြတ်ကျော်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ဗဟိုဘဏ်
ဥက္ကဋ္ဌ(ငြိမ်း)
မြန်မာအရှေ့တိုင်းဘဏ်လီမိတက်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(A)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၅၄နေ ဒေါ်ထွားယဉ်၏ခင်ပွန်း၊ ဦးရန်နိုင်(စာစစ်)-ဒေါ်အုန်းကြည်တို့၏အစ်ကို၊ (ဦးထွန်းထွန်းကျော်)-ဒေါ်ရီရီဝင်း၊ ဦးအောင်သိန်းဦး-ဒေါ်မြတ်စန္ဒာဝင်း၊ ဦးတင်မောင်လွင်-ဒေါ်မြတ်သီတာအေးတို့၏ဖခင်၊ ကျော်ဇင်ဗိုလ်၊ ကောင်းထက်ခန့်၊ အင်ကြင်းမွှေးတို့၏အဘိုးသည် ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ရွှေမြ

လေးတောင်၊ ငပြီချောင်းရွာ
အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ ငပြီချောင်းရွာနေ (ဦးဖိုးချိုး-ဒေါ်အောင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်အရှေ့ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၂၈၊ ခြောက်လွှာနေ ဦးအောင်လာ(ရွှေပန်းထိမ်ဆရာ)၏ဇနီး၊ ဦးဝေကျော်အောင်-(ဒေါ်ဦးမြစိန်)၊ (ဦးဘစံ)-ဒေါ်အေးမြခင်၊ (ဦးမောင်သိန်းခိုင်)-ဒေါ်သောင်းခင်တို့၏ညီမ၊ ဦးဘိုးကြည်-ဒေါ်မစံရင်၊(ဦးဘိုးသွယ်)-ဒေါ်တင်တင်ချစ်၊ ဒေါ်အေးသောင်း၊ ဦးကျော်ထွေး-ဒေါ်မိုးစန္ဒာခင်တို့၏အစ်မ၊ (ကိုကျော်မင်းဦး)-မမင်းမင်းဝင်း၊ ဒေါ်ခင်မြတ်မြတ်ကျော်(အမက-၅၊ ဗဟန်း)-ဦးခင်မောင်ဝင်း(Uniteam Shipping)တို့၏မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၂၅-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၇-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)တွင် ဦးဝင်းငွေ (၅၂)နှစ် နာရေးကြော်ငြာတွင် ကိုလှနိုင်-မသင်းသင်းခိုင်၊ဦးညီညီ-မမြစန္ဒာ၊ ကိုကျော်ဝင်းနိုင် - မတင်တင်ခိုင်ထွေး၊ ဦးမင်းမင်းထွန်း-ဒေါ်စန္ဒာဝင်း၊ ဦးစိုးဝင်း-မမေစိုးဦးတို့၏အစ်ကိုဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

ဘုရား၊ ရဟန်း၊ ဓမ္မာရုံ၊ ရိပ်သာ ဒါယကာကြီး

## ဦးမောင်အုန်း

မူလသစ္စာဒီပကာ၊ ဓမ္မကထိက
အသက်(၇၄)နှစ်

ပဲခူးမြို့၊ ဓမ္မဝိဟာရကျောင်းတိုက် ဆရာတော် ဦးသာသန၏အစ်ကို၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကျိုက်ပိကျေးရွာ၊ ရိုးလေးပိုင်း၊ တောရကျောင်းလမ်းနေ (ဦးအေးဖေ - ဒေါ်သန်းစိန်)တို့၏သား၊ ကျိုက်ထိုမြို့၊ဗိုလ်ချုပ်လမ်း၊တောင်သူစုရပ်ကွက်နေ (ဦးမိုန်ကြီး-ဒေါ်ငွေခြဲ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာ၊ တိုက် ၁/၂၀၃နေ ဒေါ်ယဉ်အေး၏ခင်ပွန်းသည် ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး

## ဒေါ်အုန်းကြည်

တောင်ကုတ်(ရွာမ)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၈၂၊ သုံးလွှာနေ (ဦးတင်နု)၏ဇနီး၊ ဦးဝင်းရွှေ-ဒေါ်သန်းသန်းနု၊ မတင်တင်အုန်း၊ မောင်တင်ထွန်း(ဂျပန်)၊ ကိုဇော်မိုးနိုင်-မတင်တင်အေး၊ မတင်တင်နွဲ့ (IGE Co.,Ltd)တို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂၅-၇-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၁၀း၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါက်တာဒေါ်ခင်မေကြည်

**(Paulin)**
လ/ထညွှန်ကြားရေးမှူး
(ဗဟိုကူးစက်) **(C.E.U)**
ကျန်းမာရေးဦးစီးဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၃၃နေ ဦးစိန်သန်း(ခ)ဦးဇော်နိုင်၏ မိခင်သည် ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ဆည်းဆာရိပ်ဘိုးဘွားရိပ်သာ အရှေ့(ဒဂုံ)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှမြင့်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊အမှတ် ၃၁၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၁)လမ်းနေ (ဦးမောင်ရှင်-ဒေါ်သေးသေး)တို့၏သမီး၊ (ဦးခင်ထွန်း-ဒေါ်သိန်းညွန့်)တို့၏ချွေးမ၊ (ဦးစံညွန့်-ဒေါ်တင်ညွန့်)တို့၏ညီမ၊ (ဦးစံတင်)-ဒေါ်အေးကြည်တို့၏အစ်မ၊ (ဦးမြင့်စိုး)-ဒေါ်မြင့်စိန်၊ (ဦးတင်စိန်)-ဒေါ်ခင်သန်းမြင့်၊ ဦးမြင့်လှိုင်-ဒေါ်ခင်သန်းချစ်၊ ဦးသိန်းထွန်း-ဒေါ်ထွေးထွေး(ကောင်းစုဝေ၊ သစ်သီးပွဲရုံ)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၂၅-၇-၂၀၁၇ရက် နံနက် ၄း၅၅နာရီတွင် GRAND HANTHA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၇-၂၀၁၇ရက် နံနက်၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်မြ (အင်းစိန်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိလမ်း၊ အမှတ် ၁၅၇နေ (ဦးဖိုးမောင်-ဒေါ်စိန်ခင်)တို့၏သမီး၊ (ဦးထွန်းလှိုင်)၏ညီမ၊ ဒေါ်သိန်းမြင့်၊ ဒေါ်ခင်စန်း၊ဦးတင်ဦးတို့၏အစ်မ၊ တိုင်းရင်းဆေးဆရာကြီးဦးရွှေရုံ၏ချစ်လှစွာသောဇနီး၊ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းအေး၊ဦးအောင်ထွန်းလင်း-ဒေါ်တင်တင်ဝင်း၊ ဦးကျော်မိုးခိုင်-ဒေါ်ကြူကြူမာ၊ (ဦးမြင့်သိန်း-ဒေါ်ထွေးထွေးရွှေ)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည်၂၅-၇-၂၀၁၇ရက် နံနက် ၀၀း၁၀နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းသန်း

ဒုလက်ထောက်
ညွှန်ကြားရေးမှူး(ငြိမ်း)၊စက်မှု(၂)
ဝင်းသပြေဆောက်လုပ်ရေး
ကုမ္ပဏီလီမိတက်
အသက်(၆၄)နှစ်

တောင်ငူမြို့နေ ဦးဘွန်ရှိန်-ဒေါ်ကျင်တီတို့၏သား၊သထုံမြို့နေ(ဦးမောင်ကြည်)-ဒေါ်အုန်းမြတို့၏ သားသမက်၊ ဦးစိုးသန်း-ဒေါ်ခင်အေးမူ၊ (ဦးအေးဟန်)-ဒေါ်အုန်းလှ၊ ဦးဝင်းယု-(ဒေါ်ဝင်းဝင်းသိန်း)၊ ဒေါ်အေးသန်း၊ ဦးအေးမင်း၊ ဦးစစ်နေမင်း-ဒေါ်ခိုင်ခိုင်စိုးတို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်၊ မြေးသုံးယောက်တို့၏အဘိုး၊ မွန်ပြည်နယ်၊ သထုံမြို့၊သိမ်ကုန်းရပ်ကွက်၊မင်းလမ်း-ရေစက်၊ အမှတ် ၁၀၂နေ ဒေါ်မြင့်မြင့်အုန်း၏ခင်ပွန်းသည် ၂၄-၇-၂၀၁၇ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် သထုံမြို့ ဂေါ့သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောစတီဗင်ဒါဝိတ် အသက်(၈၇)နှစ်

ဟိုတယ်/ခရီး(ငြိမ်း)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ဦးအောင်ကျော်လမ်း၊ အမှတ်(၃က)နေ (စောဒါဝိတ်-နော်မေးဒို)တို့၏သား၊ (စောမောင်သန့်-နော်မူးလေ)တို့၏သားသမက်၊ (ဒေါ်နော်နော်)၏မောင်၊ ဒေါ်ကျင်၏အစ်ကို၊ စောကဲကပေါ(ခ)စောချစ်လင်းကြူ၊ (စောထွန်းလင်းကြူ)-နော်ရမူးနာ၊ နော်ဆွေဆွေစီ(ခ)ကီးကီ-စောဘာဘာလု၊ စောမြတ်ဖြူအောင်-နော်စေးဘော၊ နော်အေမီကြူ-ဦးအောင်လာတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီး၊ (ဖီးဖီးနော်ခင်လှ)၏ခင်ပွန်းသည် ၂၄-၇-၂၀၁၇ရက် ည ၁၀း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၇-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိန်လှိုင် (မဲဇလီကုန်း၊ ဟင်္သာတ)

မိုးကုတ်ယောဂီဟောင်း
စား/ထွေ မန်နေဂျာ(ငြိမ်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၂၊ (၂)ရပ်ကွက်၊ သမိုင်း၊ ကန်လေးစုလမ်းနေ ဒေါ်ခင်စိုးမြင့်(ထ/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးစိုးလှိုင်မြင့်-ဒေါ်မြမြအေး၊ (ဒေါ်သင်းသင်းလှိုင်)၊ ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်၊ ဦးတင်ထွန်းလှိုင်-ဒေါ်တင်တင်ဦး၊ ဒေါ်နုနုလှိုင်၊ ဦးသောင်းထွဋ်လှိုင်-ဒေါ်ယဉ်ယဉ်အေးတို့၏ဖခင်၊ မောင်မိုးထက်(2nd Officer Myanmar Aurora Co;Ltd)-မနုဝေဝင်း၊ ဒေါက်တာဝေဖြိုးမောင်-ဒေါက်တာအေးငြိမ်းစု၊ ဒေါက်တာထက်ပိုင်အောင်-မဆုမြတ်လှိုင်(Wa Minn groups of Companies Co.,Ltd)၊ ဒေါက်တာချမ်းမြေ့သူ၊ မအေးချမ်းငြိမ်း၊ မစုထွေးလှိုင်၊ မောင်လင်းပြည့် (ILBC၊ ကျိုက္ကဆံ)၊ မသက်မြတ်လှိုင်တို့၏အဘိုး၊ ကြယ်စင်မိုးထက်၏ဘိုးဘိုးကြီးသည် ၂၅-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ငွေ အသက်(၈၂)နှစ်

စခန်းမှူး(ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာရဲစခန်းဝင်းနေ (ဦးစံရှား-ဒေါ်သန်းကြွေ)တို့၏သား၊ ဒေါ်ခင်မာရီ၏ခင်ပွန်း၊ ဦးမင်းမင်း-ဒေါ်ခင်မာဆွေ၊ ဦးတင်မင်းနိုင်-ဒေါ်နီလာနိုင်၊ ဦးတင်ဝင်းနိုင်-ဒေါ်ရီရီ၊ ဒေါ်မေဝင်းအေး၊ ဦးတင်ဝင်းထွဋ်-ဒေါ်ခင်ညိုညိုဝင်း၊ ဦးကိုကိုမင်းထွန်း-ဒေါ်ခင်အေးသီတာ၊ ဦးဝင်းအောင်-ဒေါ်ခင်လှလှဆွေ၊ ဦးတင်ကျော်မျိုးဝင်း-ဒေါ်ကေခိုင်ဦး၊ ဦးကျော်နိုင်-ဒေါ်ခင်စောစန္ဒာထွေးတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၅၀နာရီတွင် စံပြဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်စီ(ဇန်းမော်) အသက်(၇၇)နှစ်

ဇန်းမော်မြို့နေ (ဦးနီရှင်-ဒေါ်အုံးမြိုင်)၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ အမှတ် ၇၄နေ ဒေါက်တာဦးအေးမောင်(အဆုတ်နှင့် ရင်ခေါင်းရောဂါအထူးကုဆရာဝန်ကြီး)၏ဇနီး၊ ဦးကြည်မြင့်-(ဒေါ်ရီရီထွေး)တို့၏ညီမ၊ ဦးကြည်ထွန်း-ဒေါ်ဖြူဖြူဝင်းတို့၏အစ်မ၊ (ဦးဝင်းထွဋ်သန်း)-ဒေါက်တာဒေါ်မီမီအေး၊ ဦးအောင်နိုင်-ဒေါ်သီတာလွင်၊ Capt.ဦးမိုးလွင်-ဒေါ်ခင်သီတာမိုး၊ Capt.ဦးမိုးဇင်-ဒေါ်ဝါဝါတို့၏ချစ်လှစွာသောမိခင်၊ မောင်ဝေဖြိုးမင်း၏အဒေါ်၊ မဆုယတီမိုးဇင်၊ မကဲ့ကော်နိုင်၊ မောင်မိုးစည်သူတို့၏ အဘွားသည် ၂၅-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ကြည်(ဇလွန်) အသက်(၆၇)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၃၁၊ အခန်း ၃၁နေ (ဦးမောင်မောင်လေး-ဒေါ်ခင်ရီ)တို့၏သား၊ ဒေါ်တင်တင်ဝေ၏ခင်ပွန်း၊ ဒေါ်ဖြူဇာကြည်၊ ဦးတေဇာကြည်(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သထုံမြို့)-ဒေါ်ခိုင်စန္ဒာကြည်(ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ မဝေဝေဖြိုး(မြန်မာနိုင်ငံတော် ဗဟိုဘဏ်)၊ ဦးထက်ဝေလင်း-ဒေါ်အိမော်စိုး(အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ ဟင်္သာတမြို့)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၅-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၅၅နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးသောင်း (မကွေး)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အေးလမ်း၊ အမှတ် ၁၁-Bနေ (ဦးခိုင်ပန်း-ဒေါ်အေးသုံ)တို့၏သား၊ (ဒေါ်ခင်သိန်း)၏ချစ်လှစွာသောခင်ပွန်း၊ကိုဝင်းသောင်း-မသက်သက်မွန်(USA)၊ ကိုကျော်သောင်း-မငွေငွေဦး(USA)၊ ကိုကြည်သောင်း-မသင်းသင်းမော်၊ ကိုမြင့်သောင်း-မဝင်းဝင်းသန်း၊ကိုရန်အောင်-မဇင်မာသောင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၅-၇-၂၀၁၇ရက် နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထားလှေဆုန်း(မထား)

အသက်(၃၉)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ Vomkua ရွာနှင့် အမှတ်(၁)၊ သုခမြိုင်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်နေ(Pu Ram Cau)-Pi Par Bor (Khuapi) တို့၏သမီး၊ Pi Mah Khin-Pu Vai Se, (Pu Khamh Bawi)-Pi Mah Htay, Pu Tial Ling- Pi Bawi Ci, Pi Dawt Zi-(Saya Ngun Hu), Pi Sui Tlem-Pu Sui Hre, Pi Ngun Thluai Cin-Pu Shoji Ishikawa တို့၏ညီမ၊ (Pu Sui Cung)၏ ချစ်လှစွာသောဇနီး၊ Pa Bawi Cung Hnin, Pa Andy Biak Bawi Thawng(သတ္တမတန်း၊အမက-၂၊ မူလွန်၊ လှိုင်မြို့နယ်)တို့၏မိခင်သည် ၂၄-၇-၂၀၁၇ရက် ည ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [နေအိမ်၊ BOC (အင်းစိန်)၊ မန္တလေးမှတ်တိုင်၊ ယုဇနဥယျာဉ်မြို့တော်တို့မှ ကားများ ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 2009) ဖြစ်ပွားမှုနှင့်ပတ်သက်၍ အထူးဦးစားပေးပြီး ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ရန်ကုန်မြို့ပြည်သူ့ဆေးရုံကြီးနှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ တက်ရောက်ကုသနေသောလူနာသုံးဦး၏ အခြေအနေမှာ တိုးတက်ကောင်းမွန်လာကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ်တက်ရောက်ကုသနေသည့် သံသယရာသီတုပ်ကွေးရောဂါလူနာ ၁၂ ဦးထံမှ နှာခေါင်းတို့ဖတ် (Nasopharyngeal Swab) ရယူပြီး အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲမှုဆိုင်ရာဗဟိုဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ယနေ့ရရှိသော ဓာတ်ခွဲစစ်ဆေးချက် အဖြေများအရ လူနာသုံးဦးတွင် Seasonal Influenza A (H1N1) pdm 2009-Positive ဖြစ်ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

အဆိုပါရာသီတုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၂ ဦးအနက်မှ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ဇူလိုင် ၂၁ ရက် ည ၈ နာရီတွင်

*စာမျက်နှာ ၄ ကော်လံ ၅* ✪

# ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ခရီးသည်တင်အမြန်ရေယာဉ် ယနေ့ရောက်ရှိမည်

**နေပြည်တော် ဇူလိုင် ၂၅**

ဂျပန်နိုင်ငံမှ ဒုတိယမြောက် လှူဒါန်းသည့် ကစ္ဆပနဒီ-၂ အမည်ရှိ ခရီးသည်တင် အမြန်ရေယာဉ်သည် ကျောက်ဖြူမြို့သို့ ယနေ့ညရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လေကြောင်းနှင့်ရေကြောင်း ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီအထောက်အပံ့အဖြစ် ကမ်းရိုးတန်းနှင့် မြစ်တွင်းသွား ခရီးသည်တင် ရေယာဉ် သုံးစင်း လှူဒါန်းသွားမည့် အကူအညီပေးရေးဆိုင်ရာစာချွန်လွှာကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ ဂျပန်နိုင်ငံမှ The Economic and Social Development Programme အစီအစဉ်ဖြင့် ဂျပန် ယန်းသန်း ၅၀၀ တန်ဖိုးရှိ အသုံးပြုဆဲ ရေယာဉ်နှစ်စင်းနှင့် ဂျပန်ယန်းသန်း ၁၀၀၀ တန်ဖိုးရှိ ရေယာဉ်သစ် တစ်စင်း စုစုပေါင်း ယန်းသန်း ၁၅၀၀ တန်ဖိုးရှိ ရေယာဉ် သုံးစင်း အထောက်အပံ့ရရှိခဲ့သည်။

ရေယာဉ် သုံးစင်းမှ ကစ္ဆပနဒီ-၁ အမည်ရှိ ခရီးသည်တင် ရေယာဉ်အား ပြီးခဲ့သည့် မတ် ၂၉ ရက်က ပထမဆုံး တရားဝင်လွှဲပြောင်း လက်ခံရယူကာ ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများအတွက် ခရီးသည်တင်သီးသန့် အမြန်ရေယာဉ်အဖြစ် ပြေးဆွဲလျက်ရှိပြီး

*စာမျက်နှာ ၄ ကော်လံ ၅* ❖

ယနေ့ရန်ကုန် Yangon Today

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်**



ရန်ကုန်မြို့တွင်း ယာဉ်သွားလာဖြတ်သန်းမှုမြင်ကွင်းများကို ဗဟိုထိန်းချုပ်ရေးစင်တာမှ တွေ့မြင်နေရစဉ်

# ခေတ်မီမီးပွိုင့်စနစ်နှင့် ဗဟိုထိန်းချုပ်ရေးစင်တာ ဆင်ဆာအားနည်းမှုကြောင့် ကာလတစ်ခုအထိအချိန်ယူကာ အဆင့်မြှင့်တင်လုပ်ဆောင်ရမည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု၊ ယာဉ်အန္တရာယ်ကင်းရှင်းမှုနှင့် နယ်မြေလုံခြုံမှုအတွက် အဓိကအကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသော မြန်မာနိုင်ငံ ရန်ကုန်မြို့၏ ပထမဆုံးသော ခေတ်မီမီးပွိုင့်စနစ်နှင့် Control Center အကောင်အထည်ဖော်ဆောင်မှုတွင် စီမံကိန်းသတ်မှတ်ကာလကျော်လွန်ပြီဖြစ်သော်လည်း မီးပွိုင့်ဆင်ဆာအားနည်းမှုတချို့ကြောင့် ကာလတစ်ခုအထိ အချိန်ယူအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

“တကယ်တော့ ဒီစင်တာက Fully Acturation System ဖြစ်တဲ့ ယာဉ်တွေများရင် များသလို

*စာမျက်နှာ ၄ ကော်လံ ၁* ◆



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန်...အနာဂတ်

**မိုးမိုး(ဗိသုကာ)**

မြို့ပြစီမံကိန်းဘာသာကို သင်ယူစဉ်က ပါမောက္ခက ပထမလက်ချာမှာပင် မိမိတို့နေထိုင်ရာမြို့ကြီးများ၏ မြို့ပြပြဿနာများနှင့် အကြောင်းရင်းများ ဖြေရှင်းပုံများကို စဉ်းစားဆွေးနွေးခိုင်းပြီး စာတမ်းရေးခိုင်းပါသည်။ ထုံးစံအတိုင်း ယာဉ်ကျပ်ခြင်း၊ လျှပ်စစ်မီး မလုံလောက်ခြင်း၊ ရေကြီးခြင်း၊ မြူနီစပယ်အုပ်ချုပ်ပုံ၊ အိမ်ရာမလုံလောက် အစရှိသဖြင့် ဆင်တူယိုးမှား ပြဿနာများကို အာရှတစ်လွှားက ကျောင်းသားတိုင်း တင်ပြကြသည်။ ၁၉၉၀ က ဖြစ်သဖြင့် ရန်ကုန်အတွက် ထိုပြဿနာများကို သူတို့လောက် တိတိပပနှင့် အကျယ်ချဲ့ပြောရန်မရှိ၊ လိုနေသေးသည်။ အခြားအာရှမြို့တော်ကြီးများ အကြိတ်အနယ်ကြုံတွေ့နေရသည်များမှာ မိမိတို့အတွက် (တံခါးဖွင့်ကာစသာဖြစ်သဖြင့်) မကြုံရသေး။ ကျူးကျော်များကို မြို့စွန်သို့ အတင်းအကျပ်ရွှေ့ခြင်းနှင့် အလုပ်အကိုင်ရှားကာ တစ်နိုင်ငံလုံး ခြုံငုံဆင်းရဲခြင်းသာရှိသည်။ နှစ်အစိတ်ခန့်အကြာတွင်တော့ ရန်ကုန်၏ မြို့ပြပြဿနာသည် လူတန်းစေ့လာခဲ့ပြီဖြစ်၏။

၁၉၉၀ ခန့်က ဗန်ကောက်မြို့ကို မည်သို့မည်ပုံ ဖွံ့ဖြိုးရန် ရေးဆွဲသည့် စီမံကိန်းများစွာ တွေ့ခဲ့ရဖူးသည်။ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးရေး ဘုတ်အဖွဲ့(NESDB)သည် အဆိုပါ ဗန်ကောက်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အဓိကတာဝန်ရှိသည့်ဌာနဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများအပြားမှ ထောက်ကူသည့် အေဂျင်စီအမျိုးမျိုးက ကူညီရေးဆွဲပေးသည့် ပင်မစီမံကိန်း မာစတာပလန်များစွာ၊ ထူထဲသည့် အစီရင်ခံစာ များ အတွဲလိုက်ရှိသည်။ ယခုနှစ် ၃၀ နီးပါးကြာသည့် အခါ အဆပေါင်းများစွာ တိုးပွားလာသော လမ်းမိုင်များ၊ အထပ်ပေါင်းများစွာ ဆင့်နေသည့် ကွန်ကရစ်ကားလမ်းကွန်ရက်များနှင့် လွန်ခဲ့သည့် နှစ် ၂၀ ခန့်ကစတင်ကာ ပြင်ဆင်ရင်းနှီးမြှုပ်နှံလာခဲ့သော မိုးပျံရထားစနစ်နှင့် မြေအောက်ရထားစနစ် အချို့တစ်ဝက်က မြို့ပြဆက်သွယ်လှုပ်ရှားမှုကို အတော်အတန် အထောက်အကူပြုကာ အသက်ရှူချောင်စပြုပြီဟု ပြောနိုင်သော်လည်း ဗန်ကောက်သည် တိုးတက်ဖွံ့ဖြိုးရာတွင် တစ်ဖက်က ရှေ့တန်းက ရောက်နေသကဲ့သို့ တစ်ဖက်ကလည်း ယာဉ်အကြီး အကျယ်ကျပ်နေဆဲ။ ယာဉ်ပေါ်တွင် အချိန်၊ ခွန်အား၊ စွမ်းအင်တို့ကို ရင်းနှီးနေရဆဲပင်။

**ရန်ကုန်သည် ယခုလက်ရှိ နိုင်ငံလူဦးရေ ဆယ်ပုံတစ်ပုံ၏ ဝန်ကိုထမ်းထားပြီး နိုင်ငံ့ထွက်ကုန်၏ လေးပုံတစ်ပုံကို တာဝန်ယူထားသည်။ လာမည့် ၂၀၃၀ တွင် မြို့လူဦးရေသည် လက်ရှိထက် နှစ်ဆနီးပါး ဖြစ်သော ၁၀ သန်းခန့် ရှိလာလိမ့်မည်ဟု ခန့်မှန်းထား**

မြို့ကြီးများသည် နိုင်ငံ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိစ္စ အထွေထွေတွင် အရေးပါသည့်အခန်းကဏ္ဍ၌ ရှေ့တန်းမှာရှိကြောင်း သိကြပြီးဖြစ်သည်။ နိုင်ငံ၏ စီးပွားရေး အဓိကမောင်းနှင်အားလည်း ဖြစ်သည်။ အောင်မြင်သည့် မြို့ကြီးများ၊ ကျဆုံးခဲ့သည့်မြို့ကြီးများမှာ ကမ္ဘာတွင် အထင်အရှားရှိခဲ့ကြသည်။ စီးပွားရေး၊ လူမှုရေးအရ လာရောက်ခိုလှုံအခြေချသူ များသထက်များလာကာ မြို့ကြီးက ကြီးသထက်ကြီး ပြန့်သထက်ပြန့် မြင့်သထက်မြင့် ကျပ်သထက်ကျပ်လာခြင်းကို အောင်မြင်သည်ဟု ဆိုလိုသည်မဟုတ်ဘဲ မြို့လည်ပတ်နေသော လုပ်ငန်းများ အားလုံးချောမွေ့ပြီး ဟန်ချက်ညီကာ အဆင်ပြေသာယာနေမှ သာ အောင်မြင်သည်ဟုမည်ပေမည်။ လူအများနေထိုင်ရာတွင် သက်သောင့်သက်သာမဖြစ်၊ ငွေကုန်လူပန်း၊ စွမ်းအင်ကုန်၊ ထိရောက်မှုမရှိ၊ အကျိုးမဖြစ်ပါက အပျက်ဘက်ကိုဦးတည်နေပေလိမ့်မည်။

ရန်ကုန်သည် ယခုလက်ရှိ နိုင်ငံလူဦးရေဆယ်ပုံတစ်ပုံ၏ ဝန်ကိုထမ်းထားပြီး နိုင်ငံ့ထွက်ကုန်၏ လေးပုံတစ်ပုံကို တာဝန်ယူထားသည်။လာမည့်၂၀၃၀တွင် မြို့လူဦးရေသည် လက်ရှိ ထက်နှစ်ဆနီးပါးဖြစ်သော ၁၀ သန်းခန့် ရှိလာလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ တိုးလာမည့် လူဦးရေနှင့်လိုအပ်ချက်များအတွက် ပြင်ဆင်ထားရန်လိုသကဲ့သို့ လက်ရှိကြုံတွေ့နေရသည်များကိုလည်း ဖြေရှင်းဖို့လိုအပ်သည်။ ရန်ကုန်ကို ရေရှည်ရှင်သန်အောင် အဘက်ဘက်က ဆောင်ရွက်ရန်လိုကြောင်း အငြင်းပွားကြမည်မဟုတ်ပါ။

သို့သော်...မြို့ပြများကိုမည်သို့မြော်မြင်ကာစီမံကြမည်နည်း။

အနည်းဆုံးတော့ ကမ္ဘာ့နိုင်ငံများက သဘောတူညီကာ ချမှတ်ထားသည့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံရည်မှန်းချက်များရှိပြီးဖြစ်သည်။ ယင်းတို့သည် ဘုံပန်းတိုင်များပင်ဖြစ်သည်။ ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်များ (MDGs) ကို အခြေခံပြီး ၂၀၁၅ အလွန် နိုင်ငံတကာသဘောတူသည့် ဖွံ့ဖြိုးမှုအစီအစဉ်များအရ ၂၀၃၀အတွက် SDGs (Sustainable Development Goals) များအဖြစ် ပန်းတိုင် ၁၇ ခုအနက် မြို့ပြများနှင့် လူနေအသိုက်အဝန်းများ ရေရှည်ဖွံ့ဖြိုးမှုသည်လည်း လမ်းညွှန်မှုဘောင်တစ်ခု ဖြစ်သည်။ ယင်းကဏ္ဍအတွက် ရည်မှန်းချက်များမှာ ၂၀၃၀ တွင် အိမ်ရာ အခြေခံလိုအပ်ချက်များ၊ သယ်ယူပို့ဆောင်ရေးစနစ်၊ ပန်းခြံကွက်လပ်

**အချပ်ပို(ခ)သို့**



မြို့ပြပြောင်းလဲလာသည့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များ တစ်ခဏလေ့လာမှု

အချပ်ပို - (ခ)



YBS နှင့် သူ၏မှတ်တိုင်များ

အချပ်ပို - (ဂ)



နယ်လိုင်စင်နှင့် နယ်အကြိုက် အရောင်းသွက်လာသည့် ရန်ကုန်ကားဈေးကွက်

အချပ်ပို - (ဃ)

# မြို့ပြပြောင်းလဲလာသည့် ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များ တစ်ခဏလေ့လာမှု

ငွေစိုးဟန်



**ရန်ကုန်မြို့** နံနက်ခင်းက လွန်စွာလှနေ၏။ ယာဉ်ကြီး၊ ယာဉ်ငယ် ရှင်းသော နံနက်ခင်းပင်ဖြစ်သည်။ မိုးရာသီကာလဖြစ်၍ တစ်ခါတစ်ရံ မိုးများစွာရွာလျှင် ထင်မှတ်မထားသော တံတားကြီးတစ်စင်း ပြည်လမ်းမကြီးတွင် မကြာမီပေါ်လာသည်က အစသည်ဟု ပြောရပေမည်။ မြေနီကုန်းတံတားပင်ဖြစ်သည်။ တံတားပေါ်က ဖြတ်သန်းသွား၍ရသည်။ တံတားအောက်က စမ်းချောင်းဗားကရာဘက်သို့လည်းကောင်း၊ ဒဂုံစင်တာဘက်မှ တစ်ဆင့် ရွှေတိဂုံ၊ ရန်ကင်းကားဂိတ်သို့လည်း သွား၍ရနေပေသည်။

ထူးခြားသည်က စမ်းချောင်းမြို့နယ်၏ မြင်ကွင်းကို တင်ပြလိုခြင်းက အဓိကပင်ဖြစ်သည်။ စမ်းချောင်းမြို့နယ်က ရှေးယခင်ကပင် လွန်စွာစည်ကားသော မြို့နယ်ဖြစ်သည်။ ဟိုယခင်က ဧကရီဘုရင်မကြီး ရှင်စောပုသည် ဟံသာဝတီထီးနန်းကို ခုနစ်နှစ်တာမျှ စိုးစံခဲ့ပြီး သမက်တော် ဓမ္မစေတီမင်းအား လွှဲအပ်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည်ညိုပူဇော်၍ တရားနှလုံးသွင်းရင်းနေထိုင်ရာ ရှေးယခင်က ဒဂုံမြို့ ယခုရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် သက်ဆုံးတိုင် သေသည်အထိ နေထိုင်သွားခဲ့ပေသည်။

ဝင်ဆာလမ်းကို ယခုအခါ ရှင်စောပုလမ်း၊ ဓမ္မစေတီလမ်းဟု ပြောင်းလဲခေါ်ဆိုသတ်မှတ်ထားသည်။ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်းလည်းရှိသည်။ ရှင်စောပုစေတီတော်၊ ရှင်စောပုမြို့မကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မစေတီစာသင်တိုက် ကအစ ယခုတိုင်ရှိနေသည်က စမ်းချောင်းမြို့နယ်၏ သမိုင်းအစပင်ဖြစ်သည်။

ရှေးလူကြီးမင်းများ ရှမ်းရွာဟု ကြားခဲ့ဖူးကြသည်။ ရှမ်းကုန်သည်များက မြင်းလှည်းဆွဲ၍ မြေနီကုန်းဝန်းကျင်တွင် သာမက ရန်ကုန်မြို့အနီးနားအထိ သွားလာစေရန် ရှမ်းပြည်က မြင်းများ သယ်ဆောင်၍ မြင်းလှည်းခရီးကို စီစဉ်ခဲ့ကြသည်။ ဆရာသော်တာဆွေ၏ ဘဝတိုတိုဝတ္ထုတွင် မြေနီကုန်းမြင်းလှည်းအကြောင်းက စပါသည်ကို သိကြမှာပါ။ ရှမ်းလမ်းကား ယခုဗဟိုလမ်းပင်ဖြစ်သည်။ ခရစ်နှစ် ၁၈၆၄ ခုနှစ် ရှမ်းလူမျိုးများက စမ်းချောင်းရွာအမည်ပေး ဦးကေသာ၊ ဦးဂွယ်၊ ဦးကြီး ဦးဖူးတို့ပင် ဖြစ်သည်။

စမ်းချောင်းလမ်းမကြီးကိုဖော်၍ သဲများကို သန့်စင်ကာ သဲပုံစေတီတည်ထားကိုးကွယ်ကြသည်။ ရှမ်းလူမျိုးများက တည်ထားသောကြောင့် ရှမ်းဘုရားဟု ခေါ်ဆိုကြသေးသည်။ သက္ကရာဇ် ၁၂၈၆ ခုနှစ် ဉာဏ်တော်ကိုးတောင် အုတ်များမွမ်းမံတည်ထားခဲ့သည်မှာ ကြာမြင့်ခဲ့ပေသည်။ ယခုအချိန်ထိ နှစ်စဉ်ကဆုန်လပြည့် ပူဇနိယပူဇော်လျှူဒါန်းပွဲ၊ ထီးတော်ပူဇော်ပွဲများ စည်ကားစွာ ယခုအချိန်အထိ ကျင်းပခဲ့ကြသည်။ မြင့်မိုရ်လမ်း အမှတ် ၅ တွင် ယနေ့တိုင် ထူးခြားစွာပူဇော်ဆဲပင်ဖြစ်သည်။

စမ်းချောင်းမြို့နယ်က လွန်စွာရှေးကျလှ၏။ တောရဲ့သဘာဝစိမ့်စမ်းပေါက်ကွယ်လှ၏။ လျှိုမြောင်ချောက်ကမ်းပါးကြီးကို တွေ့ရ၏။ နားလည်တတ်ကျွမ်းသူများက မွန်ဘာသာဖြင့် ဗားကရာအရပ်ကို ပထမဆုံးရထားလမ်းဖြစ်တဲ့ ရန်ကုန်-ပြည် မီးရထားလမ်းဖောက်လုပ်လိုက်သည်။ ဗားကရာချောက်ကို မီးရထားလမ်းတံတား ဆက်စပ်ပေးလိုက်ခြင်းဖြင့် မြေပေါ်ကားလမ်း ကားလမ်းပေါ်က မီးရထားလမ်းအဖြစ် စမ်းချောင်းမြို့နယ်အတွင်းမှာသာ ရှိနေပေသည်။ တစ်ဖက်ကားလမ်းကား ကြည့်မြင်တိုင်ပင်ဖြစ်သည်။

ယခုအခါ အနောက်ပိုင်းခရိုင်အတွင်းပါရှိ၍ စမ်းချောင်းမြို့နယ် အကျယ် ဝ ဒသမ ၉၅၅ စတုရန်းမိုင်ရှိကာ ရပ်ကွက်ကြီး ၁၈ ရပ်ကွက်မျှ ဖွဲ့စည်းတည်ဆောက်ထားသည်။

ကျွန်းတောလမ်း၊ စမ်းချောင်းလမ်း၊ မင်းဆွေမင်းမျိုးများ နေထိုင်ရာ မင်းလမ်း၊ ဦးဖိုးလမ်း၊ ရှမ်းတိုင်းရင်းသား ဦးဘွယ်၊ ဦးဂွယ်လမ်းတို့မှာ မြေနီကုန်း ဆက်စပ်ရာ ဗားကရာလမ်းမကြီးပင်ဖြစ်သည်။

စမ်းချောင်းမြို့နယ်၌ ရှေးဟောင်းလက်ရာစာရင်းဝင်အဆောက်အအုံ ၁၂ ခုရှိ၍ ကျွန်းတောကျောင်းတိုက်၊ ဗားကရာအုတ်ကျောင်း၊ ဝေဠုဝန်ကျောင်းတိုက်၊ ရှင်စောပုစေတီတော်၊ ဇေယျာဝတီကျောင်းတိုက်၊ စလင်းကျောင်းတိုက်၊ ကိုးထပ်ကြီးဘုရား၊ ကက်သလစ်ကျောင်း၊ တရုတ်ဗုဒ္ဓဘာသာသီလရှင်ကျောင်း၊ စလင်းကျောင်းများ၊ ရှေးဟောင်းကြည့်မြင်တိုင်ဘူတာရုံက စမ်းချောင်းမြို့နယ်ထဲတွင် ရှိနေသည်က ထူးခြားလှ၏။

နံနက် ၉ နာရီမှစ၍ စမ်းချောင်းလမ်း၌ လူကများလှ၏။ ဆိုက်ကားများလည်းကျပ်လှ၏။ စမ်းချောင်းလမ်းက နှစ်လမ်းမောင်းဖြစ်ပြီး ရှင်စောပု ဘုရားလမ်းက အဝင်တစ်လမ်းမောင်းရန်သာ၊ အိမ်စီးယာဉ်၊ အငှား ယာဉ်များ၊ လမ်းပြောင်းပြန်ဝင်လေ့ရှိသော လမ်းဖြစ်သည်။ နှစ်ဖက်ပြည့် ယာဉ်များထားခြင်းက တစ်မျိုး၊ လမ်းညွှန်ချက် များမရှိသည်က တစ်ဖုံဆိုးရွားလှ၏။ ရှိသည့်လမ်းညွှန်ချက်က သာမန်သာကြီးကြီးပြထားသင့်၏။ ရှင်စောပုလမ်းမှ သပြေညိုလမ်းအထိဝင်၍ စမ်းချောင်းနှစ်လမ်းမောင်းကိုဝင်၍ရသည်။ စမ်းချောင်းလမ်းမှ သုခမိန်လမ်းဝင်၍ ပဏ္ဍိတလမ်းမှ စမ်းချောင်းလမ်းသို့ ကြိုက်သည့်ဘက်ကသွား၍ရသည်။

ယင်းလမ်း ရှင်စောပုရပ်ကွက်သို့အဝင် အနောက်မြေနီကုန်းလမ်းက လူအများ၊ ယာဉ်အများ စည်ကားရာ ကုန်တိုက်ရှိ၍ လမ်းဆိုးလှ၏။ ပေါက်ပြဲနေသော ချိုင့်များဖြင့် လမ်းမကောင်းလှပေ။ မည်သူ့ကို အပြစ်တင်ရမှန်းမသိ၊ စမ်းချောင်းလမ်းမကြီး တစ်လျှောက် ဈေးဆိုင်ခန်းများ၊ လမ်းဘေးဈေးသည်များလှ၏။ ရုံးပြန်၊ ကျောင်းပြန် ညနေပိုင်းတွင် လွန်စွာစည်ကားလှ၏။ လမ်းဘေးက ညစ်ပတ်နေသော နောက်ဖေး လမ်းများကလည်း ပြုပြင်သင့်သော လမ်းများစွာရှိနေသည်။ လမ်းကြားများပြုပြင်ရန် လိုအပ်သည်က များလှ၏။

စာရေးသူတို့ ခဏရောက်ခဲ့ရသော စမ်းချောင်းမြို့နယ် ၁၈ ရပ်ကွက်များတွင် ကားရပ်စရာ ရှားလှ၏။ ထူးခြားမှုက မြေနီကုန်းတံတားသစ်ကြီး ပြည်လမ်းတစ်လျှောက် ရှည်လျားစွာ ပေါ်လာသည်မှစ၍ စမ်းချောင်းသူ စမ်းချောင်းသားများ လမ်းလျှောက် စေ၏။ အလွန်ဝေးသော ကားဂိတ်သို့ ခရီးနှင်ရသည်မှာ ဆိုးလှ၏။ တစ်ခါတစ်ရံမောလျှင် နားရန် ပဒုမ္မာပန်းခြံထဲသို့ဝင်လျှင် လူကများလှ၏။

ခရီးတစ်ထောက် နားခိုရာရှာရသည်က ရှားပါးမောလှပါဘိ၊ သွားခဲ့မိသော စမ်းချောင်းမြို့နယ်က တိုက်ကြီးများ ဆောက်နေဆဲ ဆောက်လုပ်ဆဲ လွန်စွာကြီးသော ဘိလပ်မြေကားကြီးများဖြင့် ကန်ထရိုက်တိုက်များက ယခုတိုင်အောင် ဆောက်လုပ်ဆဲမြင်တွေ့ခဲ့ရပေသည်။ ။


ရန်ကုန်ဗဟိုစာတိုက်ကြီး

**ရန်ကုန်...အနားသတ်မှ**

(ရန်ကုန်...အနားသတ်မှ)

များ အဆင့်မြှင့်တင်ခြင်းနှင့် ဖန်တီးခြင်း၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ဆက်သွယ်မှုကို နိုင်ငံအဆင့်၊ ဒေသအဆင့် ဖွံ့ဖြိုးမှုစီမံကိန်းများဖြင့် ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ကာကွယ်ခြင်း၊ သဘာဝဘေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးလျှော့ချခြင်းစသည့်အချက်များ ပါဝင်သည်။

ယင်းတွင် ပါဝင်သည့်အချက်တို့နှင့် များများညီညွတ်လျှင် အဘက်ဘက်က အောင်မြင်သည့်မြို့ကြီးများဖြစ်ဖို့ရာ သေချာသည်။ ဤသည်က မြို့ကြီးများ ရေရှည်ရှင်သန်ကာ အောင်မြင်နိုင်ခြေ ရှိ၊ မရှိ သတ်မှတ်နိုင်သည့်စံများဖြစ်သည်။ အခြေခံဥပဒေသမှာ **“လက်ရှိလိုအပ်ချက်များကို ယခုမျိုးဆက်က ဖြေရှင်းဖြည့်ဆည်းနေရာ၌ နောင်အနာဂတ်မျိုးဆက်များ အလှည့်တွင် ၎င်းတို့၏ လိုအပ်ချက်များအတွက် ၎င်းတို့ ကိုယ်တိုင်အားထုတ်ရယူနိုင်စွမ်းကို မဆုံးရှုံးစေရန်”** ဖြစ်သည်။ နောက်လူတွေအတွက် အခွင့်အရေးများ၊ ရင်းမြစ်များချန်ဖို့ လိုပါသည်။ မြေ၊ ရေ၊ စွမ်းအင်၊ လူ့စွမ်းအား များ မပြုန်းတီးဘဲ၊ အနာဂတ်အတွက် မထိခိုက်စေဘဲ လက်ရှိ မြို့နေလူမှုဘဝများ၊ အိမ်ထောင်စုများ သာယာစွာသက်တမ်းစေ့နေနိုင်ရေး ဖြစ်သည်။ ရန်ကုန်အတွက် ယင်းအချက်များနှင့်ညီအောင် စီမံနိုင်ရန်သည်လည်း လွန်စွာအရေးကြီးပါသည်။

**နိုင်ငံအဆင့် မြို့ပြမူဝါဒနှင့် မဟာဗျူဟာ**

ထို့အပြင် မြို့ပြစီမံကိန်းကို စဉ်းစားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်ထက် ကျော်လွန်၍ နိုင်ငံနှင့်အဝန်း၊ ထိုမှတစ်ဆင့် အိမ်နီးချင်းဒေသတွင်းဆိုင်ရာ အနာဂတ် ဗျူဟာများနှင့်ပါ ယှဉ်တွဲ စဉ်းစားရပေသည်။ ရန်ကုန်ကိုပင် ဥပမာယူရလျှင်-

(၁) မရပ်မနား အစဉ်ဆက်လက် ကြီးထွားချင်တိုင်း ကြီးထွားနေမည့် မြို့တော်၊ (ပမာဏကြီးမားခြင်းကြောင့် စီးပွားရေး၊ စွမ်းအင်၊ အချိန်၊ ငွေကြေး၊ လုံခြုံမှုအားဖြင့် အကျိုးဖြစ်ထွန်းမှု တစ်စထက်တစ်စ နည်းပါးလာပြီး နေ့စဉ် မပြေလည်မှုများနှင့် ရှန်းကန်တိုက်ပွဲဝင်နေရသည့်အဓိက မြို့ကြီးအဖြစ် ဆက်လက်သွားနေမည်လား)

သို့တည်းမဟုတ်-

(၂) ပိုင်ပိုင်နိုင်နိုင် စီမံနိုင်သော လက်နိုင်ခြေနိုင် မြို့တော်၊ မြို့၏ အားသာချက်များနှင့် ရင်းမြစ်များကို အကျိုးအရှိဆုံး အသုံးချနိုင်သည့် အရွယ်ပမာဏ၊

**အချပ်ပို (ဂ) သို့**

# YBS နှင့် သူဓါးမှတ်တိုင်များ

## ထင်ပေါ်ဝင်း (ကမာရွတ်)

**ရန်ကုန်မြို့၌** ခရီးသည်တင်ဘတ်စ်ကားတစ်စီး မှတ်တိုင်သို့ ထိုးဆိုက်လိုက်တိုင်း အပြေးအလွှား သူ့ထက်ငါ ဦးအောင် လုယက်တိုးဝှေ့ကာ လူအများကားပေါ်သို့ တက်ကြသည်ကို လူတိုင်းနီးပါး မြင်ဖူးကြပေသည်။ ယာဉ်ပေါ်ရှိ ထိုင်ခုံနေရာ လွတ်ကို စိတ်ကူးဖြင့်မြင်ယောင်ရင်း ကြီးသူငယ်သူဟူ၍ မစဉ်းစားတော့ဘဲ အတင်းတိုးဝှေ့ကာ နေရာဦးကြတော့သည်။ နေရာမရသူကလည်း ယာဉ်အတွင်းသို့ ဝင်ရောက် စီးနင်းမှုမပြုတော့ဘဲ အတက်အဆင်းလုပ်သည့် တံခါးဝတွင်သာစုပြုံနေရာယူတတ်ကြသည်။

ယာဉ်နောက်လိုက်(စပယ်ယာ)ရှိစဉ်က သူ့ဝင်ငွေလျော့နည်းမည်စိုး၍ နင်ပဲငဆပြောဆိုတတ်ကြသည်။ ယာဉ်နောက်လိုက်မရှိသည့်အခါတွင် ခရီးသွားပြည်သူများကိုယ်တိုင် မိမိအသိစိတ်ဖြင့် ဆင်းမည့်မှတ်တိုင် မဟုတ်လျှင် ယာဉ်၏အတွင်းပိုင်းသို့ ဝင်ရောက်စီးနင်းရန် လိုအပ်ပေသည်။ သို့မှသာ အခြားခရီးသွားများအနေဖြင့် ယာဉ်ပေါ်သို့ တက်ရောက်နိုင်ပေမည်။

ရန်ကုန်မြို့၏ ယာဉ်မှတ်တိုင်တိုင်းနီးပါးတွင်YBS လမ်းညွှန်ဆိုင်းဘုတ်များတပ်ဆင်ထားပေးသည်ကို တွေ့ရသည်။ အမိုးအကာဖြင့် ကားဂိတ်မရှိသည့်နေရာတွင်လည်း YBS ဆိုင်းဘုတ်ကိုကြည့်ခြင်းဖြင့် ဤနေရာသည် မှတ်တိုင်ဟုသိနိုင်ပေသည်။ မင်္ဂလာဈေးကဲ့သို့သောနေရာမျိုးတွင် ယာဉ်မရပ်ရန် ဖြူနီကျားရေးဆွဲထားခြင်းမျိုးရှိသော်လည်း ခရီးသည်များက စောင့်ဆိုင်းစီးနင်းကြသည်။ ကုန်တင်ကုန်ချပြုလုပ်သည့်ယာဉ်များ၊ အငှားယာဉ်များနှင့် မှတ်တိုင်မဟုတ်သောနေရာမှ စီးနင်းလိုသူများက YBS အတွက် အနှောင့်အယှက်တစ်ခုလိုဖြစ်နေသည်။

ခရီးသွားသူများအနေဖြင့် အဆင်ပြေရာနေရာတွင်သာ ယာဉ်ကိုရပ်တန့်စောင့်ကြသည်။ ခရီးသည်တင်ဘတ်စ်ကားကြီးက မှတ်တိုင်သို့ဝင်ရောက်ရပ်နားသည့်အခါ ယာဉ်နောက်သို့ အပြေးအလွှားလိုက်ပါကြလေ့ရှိသည်။ ဘတ်စ်ကားအများစုကလည်း ယာဉ်ထိန်းရဲမရှိသည့်အခါ မှတ်တိုင်ရှိရာသို့မောင်းနှင်ခြင်းမပြုတော့ဘဲ ခရီးသည်များစုပြုံရပ်နေရာတွင်သာ အတင်အချပြုလုပ်ကြတော့သည်။ မှတ်တိုင်နေရာမဟုတ်ဘဲ ယာဉ်ရပ်စောင့်ခြင်း၊ လူအတင်အချပြုလုပ်ခြင်းများက ခရီးသွားများ စည်းကမ်းမဲ့ခြင်းလား၊ ယာဉ်မောင်းများ စည်းကမ်းမဲ့ခြင်းလား ဟူသည်မှာ YBS တာဝန်ရှိသူများအတွက် ရှင်းလင်းရမည့် ပုစ္ဆာတစ်ပုဒ်ဖြစ်လာသည်။

ယခင် မထသစနစ်ဟောင်းမှ YBS စနစ်အပြောင်းကြောင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ကိုးသုံးလုံးမှတ်တိုင် ပျောက်ရပါသည်ဟု ဒေသခံတစ်ဦးက ဤသို့ဆိုလာပြန်သည်။

"ကိုးသုံးလုံးမှတ်တိုင်က အရင်မထသခေတ်မှာရှိခဲ့တယ်။ YBS ပြောင်းမှ မရှိတော့တာ။ မရှိတော့ပေမယ့် ခရီးသည်က အဲဒီမှတ်တိုင်ကိုအစွဲပြုပြီးတော့ စီးတယ်။ စီးတဲ့အခါကျတော့ သူကအတက်ဖြစ်တဲ့ ရွှေပြည်သာကနေ မြို့ထဲသွားမယ့်ယာဉ်တွေဆိုရင် ရပ်ပေးတယ်။ မြို့ထဲကနေရွှေပြည်သာကို ပြန်ဆင်းတဲ့အခါကျတော့ အရင်ရှိပြီးသားမှတ်တိုင်မှာ ဆိုင်းဘုတ်မချိတ်ထားတဲ့အတွက် အဲဒီနေရာဟာမှတ်တိုင်မဟုတ်ဘူး။ ရုံးရှေ့က မှတ်တိုင်ပါဆိုပြီး ရုံးရှေ့မှာပဲ ရပ်ပေးတယ်။

ပြောရမယ်ဆိုရင် ဆင်နှစ်ကောင်မှတ်တိုင်နဲ့ ရုံးမှတ်တိုင်ကြားမှာ ကိုးသုံးလုံးရှိတယ်။ အဲဒီ ကိုးသုံးလုံးမှတ်တိုင်ကို ကျော်ကျော်သွားကြတယ်။ မြို့ထဲကဆင်းလာရင် ကိုးသုံးလုံးမှတ်တိုင်မှာမရပ်ဘူး။ ရုံးရှေ့မှာရပ်တယ်။ ရွှေပြည်သာကနေထွက်မယ်ဆိုရင် ဆင်နှစ်ကောင်မှတ်တိုင်မှာပဲ ရပ်တယ်။ ကိုးသုံးလုံးမှတ်တိုင်မှာမရပ်ဘူး။ အဲဒီနေရာက လူတွေကသွားရလာရတာအခက်အခဲဖြစ်တာပေါ့။ သူတို့က ဒီနေရာကစီးနေကျဖြစ်တဲ့အခါကျတော့ ဒီနေရာကပဲ အမြဲတမ်းစောင့်စီးတယ်။ ဆင်းတော့လည်း အဲဒီမှာပဲ ဆင်းချင်တယ်။ အဲဒီမှတ်တိုင်ကိုသုံးနေတဲ့သူတွေအတွက် အခက်အခဲဖြစ်သွားတာပေါ့။ ခရီးသွားပြည်သူတွေအနေနဲ့ ဒီမှတ်တိုင်မရှိမှုပေါ် မူတည်ပြီးတော့ ကားစီးရတာလည်း အခက်အခဲရှိတယ်။ မကုန်ကျသင့်တဲ့ကုန်ကျငွေလည်း သူတို့မှာထပ်ပြီးကုန်ကျနေရတယ်။ ဒါကြောင့် အရင်ကတည်းကရှိတဲ့ ဒီမှတ်တိုင်ကို အခုလည်းရှိစေချင်ပါတယ်" ဟု ပြောသည်။

အများပြည်သူဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် YBS အပေါ် ဗိုလ်ကျမှုတစ်ခုကိုလည်း ပြီးခဲ့သည့်ရက်ပိုင်းက မြင်တွေ့ခဲ့ရသည်။ မြို့တွင်းပြေးဆွဲသည့် ၅၇ ယာဉ်လိုင်းပေါ်တွင်ဖြစ်သည်။ မော်တင်ကားမှတ်တိုင်တွင် ရပ်နားထားသည့် မြို့တွင်းယာဉ်ပေါ်သို့ အတက်တွင် ယာဉ်မောင်းနှင့် စကားပြောနေသူတစ်ဦးက ခရီးသည်များငွေပုံးထဲသို့ ထည့်နေသောငွေများကို ဆွဲယူနေသည်။ အများစုက ယာဉ်မောင်းနှင့် စကားပြောနေသည့်အတွက် စပယ်ယာဟုထင်၍လော၊ သို့တည်းမဟုတ် စကားများရန်ဖြစ်နေမည် စိုး၍ထင်၊ မည်သို့မျှ မပြောဘဲ ယာဉ်အတွင်းပိုင်းသို့ ဝင်ရောက်သွားကြသည်။ အဆိုပါ ယာဉ်မောင်းနှင့်စကားပြောနေသူက ယာဉ်ထွက်ခါနီးတွင် ယာဉ်ပေါ်မှဆင်းပြီးလမ်းတစ်ဖက်ခြမ်းသို့ ကူးသွားသည်။ သူ့လက်ထဲတွင် ခရီးသွားများထံမှ ကောက်ယူသွားသောငွေက လက်တစ်ဆုပ်နှင့်ပါသွားသည်။

မကြာသေးမီရက်ပိုင်းက အသစ်ပြေးဆွဲပေးနေသော (၈၇) ယာဉ်လိုင်း၊ ပြည်လမ်းတစ်လျှောက်ပြေးဆွဲနေသော (၃၇) ယာဉ်လိုင်း၊ အချို့သော (၂၀)ယာဉ်များနှင့် ရန်ကုန်မြို့တွင်းပတ်ကာ ပြေးဆွဲပေးနေသောယာဉ်လိုင်း သုံးလိုင်းတို့တွင်အသားကျပြီးသော ယာဉ်မောင်းများ၏ စည်းကမ်းတကျမောင်းနှင်ခြင်း၊ သတ်မှတ်မှတ်တိုင်များတွင် တိကျစွာရပ်တန့်နိုင်မှုများကြောင့်ပင် လိုက်ပါစီးနင်းသောခရီးသွားများထံမှ ကောင်းသတင်းများကြားရတတ်သည်။ ယာဉ်မောင်းများက လေအေးစက်ဖွင့်ပေးထားသော်လည်း မိမိအတ္တကိုရှေ့တန်းတင်သူအချို့က လေအေးထွက်ရာအပေါက်များကို ပိတ်ပစ်တတ်ကြသည်။

**အချပ်ပို (ဃ) သို့**



ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း

**အချပ်ပို (ခ)မှ**

(အကောင်းဆုံး ဝန်ဆောင်မှုကို မြို့သူမြို့သားတိုင်းကို ပေးနိုင်ပြီး အမြင့်မားဆုံး ကုန်ထုတ်စွမ်းရည်၊ ဉာဏစွမ်းရည်များ စုစည်းနေသည့် အချက်အချာမြို့တော်တစ်ခုအဖြစ် မှန်းဆကာ) ကျန်သော အလားအလာကောင်းများလည်းရှိပြီး မဟာဗျူဟာလမ်းကြောင်းတွင် ရှိသည့် မြို့လတ်များကို တိုးတက်ဖွံ့ဖြိုးစေခြင်း။

ပထမအချက်တွင် ကမ္ဘာပေါ်၌ နမူနာများစွာရှိပါသည်။ တိုကျို၊ ပဲရစ်၊ လန်ဒန်၊ ဗန်ကောက်၊ မနီလာ အစရှိသည်တို့ သည် သူတို့နိုင်ငံများ၏ ပြိုင်စံရှားမြို့တော်ကြီးများ ဖြစ်သည်။ တိုကျို၊ ပဲရစ်တို့မှာ မြို့ပြဧရိယာ ရန်ကုန်တိုင်းဒေသကြီးတစ်ခုစာမကသော မီဂါစီတီးများ ဖြစ်သည်။ ယင်းတို့ နောက်ကပ်လျက် ဒုတိယမြို့တော်များနှင့် အဆများစွာ ကွာခြားသည်။ အရာရာသည် တစ်နေရာတည်းတွင် စုနေသောကြောင့် အားသာသည်များရှိသလို အားနည်းချက်များလည်းရှိသည်။ မြို့ပြဆိုင်ရာမူဝါဒနှင့် ဥပဒေများ ခိုင်မာသော၊ အခြေခံအဆောက်အအုံများ အဆင်သင့်ရှိသော ပဲရစ်၊ လန်ဒန်၊ တိုကျိုကဲ့သို့ မြို့ကြီးများတွင် မြို့ကွက်ကျယ်ပြန့်သော်လည်း မြို့ပြလှုပ်ရှားသွားလာမှု (urban mobility) တွင် ကောင်းမွန် ပြည့်စုံပြီးဖြစ်သောကြောင့် ပြဿနာနည်းပါးသည်။ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အားလုံးစုဝေးနေရာဖြစ်သဖြင့် အလုပ်ဖြစ် အကျိုးထိရောက်သကဲ့သို့ ယဉ်ကျေးမှုနှင့် အပန်းဖြေစရာများနှင့် ပြည့်စုံသည့်အတွက် လူ့ဘဝသက်တမ်းတစ်လျှောက် မြို့အတွင်းနေရင်း လိုအပ်သည်များအားလုံး လက်လှမ်းမီနိုင်သည်။

သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အဓိကမြို့ကြီးများသည် မြို့ပြစီမံကိန်း ကြိုတင်ပြင်ဆင်ချိန်မရခင် သဘာဝဖြစ်စဉ်အတိုင်း ဆက်လက်ကြီးထွားနေသည်ဖြစ်၍ တစ်သက်စာလုံး အလျဉ်းမမီသည့် လူမှုစီးပွားဘဝကိုသာ ရရှိပေသည်။ ဆင်းရဲ ဝင်ငွေနည်းသူသော်လည်းကောင်း၊ ဝင်ငွေများချမ်းသာသူသော်လည်းကောင်း မြို့ပြဝန်ဆောင်မှု ကောင်းကောင်းကို မခံစားနိုင်ဘဲ ဘဝတစ်လျှောက်လုံး ယာဉ်ပိတ်ဆို့မှု၊ သဘာဝအန္တရာယ်ကြုံတွေ့မှု၊ အခြားလူမှုပြဿနာ၊ ရာဇဝတ်မှုဒဏ် စသည်တို့နှင့် လုံးချာလိုက်နေလိမ့်မည်။ မြို့သည်လည်း ရှေ့သို့ ဆက်လက်ချီတက်ရန်ထက် ကုစားမှုများကိုသာ ဆန်စဉ်ရာ ကျည်ပွေ့လိုက် ဖြည့်ဆည်းနေရခြင်းကြောင့် ဖြုန်းတီးမှု များပြားနေပေလိမ့်မည်။ ရန်ကုန်သည် ထိုလမ်းသို့ လိုက်မည်လော။

ဒုတိယအချက်ကဲ့သို့ ထိရောက်စွာစီမံခြင်းတွင် တစ်နိုင်ငံလုံးကို လွှမ်းခြုံသော မြို့ပြမူဝါဒများ လိုအပ်ပါသည်။ သူ့ဒေသ ကိုယ့်ဒေသ၊ သူ့တိုင်း ကိုယ့်ပြည်နယ်မခွဲဘဲ ရေရှည်တွင် တစ်ပြည်လုံး အကျိုးသက်ရောက်မှုကို ဦးတည်လုပ်ဆောင်ရပေမည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ပြနှင့် ဒေသစီမံကိန်းဌာနအနေနှင့် ထိုသို့မူဝါဒများနှင့်တကွ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ဥပဒေကိုလည်း ပြင်ဆင်လျက်ရှိသည်ဟု သိရပါသည်။ တစ်နိုင်ငံလုံးခြုံကာ မဟာဗျူဟာကျနေရာများရှိ မြို့ကြီးမြို့လတ်များ ဖွံ့ဖြိုးရေးကို အားပေးမှသာ ရန်ကုန်သို့ ဦးတည်ဆိုက်ရောက်လာခြင်းကို တားဆီးနိုင်မည်။ ဒေသအသီးသီး၏ ဖွံ့ဖြိုးရေးနှင့် ကိုယ်စီ၏ အရင်းအမြစ်များကို ဖော်ထုတ်အားကောင်းအောင်ပြုခြင်းဖြင့် ဒေသဆိုင်ရာများ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကောင်းမွန်လာမည်ဆိုသည့် ခံယူချက်နှင့် နိုင်ငံတကာမဟာဗျူဟာလမ်းမများပေါ်တွင်ရှိသော မြို့ကြီးများနှင့် မြို့လတ်များကို မြှင့်တင်မည့်စီမံကိန်းများ ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ (ဥပမာ- ယဉ်ကျေးမှုအမွေအနှစ်ရှိသည့် မြို့ပြများ၊ သာယာလှပသောမြို့များအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း)။

ဆိုင်ရာဒေသအသီးသီးဖွံ့ဖြိုးရေးနှင့် မြို့ပြစီမံကိန်းများ ကို ပညာရှင်များပါဝင်ကာ လူထုကိုတိုင်ပင်ပြီး စနစ်တကျလုပ်ဆောင်ခြင်း အလေ့အကျင့်ကို အနယ်နယ်တွင် စတင်ရန် လိုအပ်ပေသည်။

မိမိ၏ တိုင်းဒေသကြီး (သို့) ပြည်နယ်အတွက်သာ ကြည့် သည်ထက် ဖောက်ထွက်စဉ်းစားကာ ကျန်နီးစပ်ရာ နယ်နိမိတ်ချင်းစပ် တိုင်းဒေသကြီး/ပြည်နယ်များနှင့် အပြန်အလှန် အကျိုးပြုဆက်စပ်စဉ်းစားရန်လိုအပ်သည်။ အမျိုးသားအဆင့် စီမံကိန်းဆိုလျှင် အနည်းဆုံး ဆက်စပ်တိုင်းဒေသကြီးနှင့် ပြည်နယ်သုံးခုခန့် ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊ ဘဏ္ဍာရေးဘတ်ဂျက် ဝေမျှရှာဖွေသုံးစွဲရန် အစီအမံများ ပြုခြင်းသည် လုပ်ဆောင်သင့်သော အချက်များဖြစ်ပေလိမ့်မည်။

**ရန်ကုန်မြို့ပြစီမံကိန်း**

၂၀၁၁ တွင် ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်သောအစိုးရတစ်ရပ်ကို စတင်ဖော်ဆောင်ချိန်မှစ၍ နိုင်ငံတကာက မျိုးစုံသောထောက်ပံ့ကူညီသည့် အစီအစဉ်များဖြင့် အပြိုင်အဆိုင်ဝင်ရောက်ရာတွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအတွက် အကြံဉာဏ်နှင့် အကူအညီများလည်း ပါဝင်သည်။ The McKinsey Global Institute (MGI) က "မြန်မာနိုင်ငံ၏ အချိန်ကောင်း- တစ်မူထူးသော အခွင့်အရေးများနှင့် အဓိကစိန်ခေါ်မှုများ" စာတမ်းကို ၂၀၁၃ ဇွန်တွင် တင်ပြရာတွင် မြို့ပြများပြောင်းလဲမှုအတွက် အသင့်ပြင်ဆင်ရန်

**"မြို့ပြအသွင်ပြောင်းလဲခြင်း၊ -ပြောင်းလဲမှုအား ကြိုတင်မျှော်လင့်၍စီမံခန့်ခွဲခြင်း"** ဟူ၍ အခန်းတစ်ခန်းခွဲကာ ခေတ်မီမြို့ပြစီမံကိန်း၊ အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ မြို့ပြ စီမံအုပ်ချုပ်ပုံစနစ်ပြုပြင်ပြောင်းလဲခြင်း၊ မြို့ပြအမွေအနှစ်တို့ အရေးပါပုံတို့ကို ထောက်ပြထားသည်။

ရန်ကုန်တွင် ၂၀၁၂ ခုကစ၍ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အနီးကပ်ဆောင်ရွက်ကာ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အထောက်အပံ့ဖြင့် Noppon Koei က ရန်ကုန်အတွက် အခြေခံအဆောက်အအုံ ကောင်းမွန်ရန်တိုးမြှင့်ခြင်းအပါအဝင် မဟာဗျူဟာမြောက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် သယ်ယူပို့ဆောင်ရေး ဘက်စုံစီမံကိန်းကို စတင်ရေးဆွဲကာ ၂၀၁၃ ဒီဇင်ဘာတွင် အပြီးတင်ပြခဲ့သည်။ ရန်ကုန်မဟာဗျူဟာစီမံကိန်းကျောရိုးတွင် အခြေခံအားဖြင့်- ရန်ကုန်မြို့လယ်ကို တိုးတက်ဖွံ့ဖြိုးမှုများ လျှော့ချရန်အတွက် ယင်းစုစည်းမှုကို ခွဲဝေယူမည့် အခြားသော ဖွံ့ဖြိုးမှုဗဟိုများနှင့် ဖွံ့ဖြိုးမည့် လမ်းကြောင်းများ တည်ထောင်ရန်၊ စိမ်းလန်းသောနေရာများနှင့် ရေပြင်များ ဖန်တီးရန်၊ အဘက်ဘက်ဖြာထွက်ရာ တိုးတက်မှုလမ်းကြောင်းများကို တစ်ဖန် အစိမ်းရောင် ခါးပတ်ဖြင့်မြို့ပတ်လည်တွင် ဟန့်တားရန်၊ မြို့ကို ပတ်လည်ဆက်သွယ်နိုင်သည့် အတွင်းပတ်လမ်း၊ အပြင်ပတ်လမ်းများ တည်ဆောက်ရန် တို့ပါဝင်သည်။ မြေယာအသုံးချမှုပုံစံတွင် ရန်ကုန်အနာဂတ်မြို့ ဆောက်လုပ်ရာ (Buit-up area) တွင် သန်လျင်သီလဝါဘက်သို့ ထိုးထွက်ကာ ချဲ့ထွင်မှု ပါဝင်သော်ငြား တောင်ဘက်ခြမ်း ဒလဘက်သို့ မပါဝင်သဖြင့် ချန်ခဲ့လေသလားဟု မေးခွန်းထုတ်ခဲ့ကြသည်။

(လာမည့်အပတ်ထုတ် ယနေ့ရန်ကုန် စာမျက်နှာတွင် ဆက်လက်ဖော်ပြပါမည်)

# နယ်လိုင်စင်နှင့် နယ်အကြိုက် အရောင်းသွက်လာသည့် ရန်ကုန်ကားဈေးကွက်

မင်းသော်

## ရန်ကုန်လိုင်စင်နှင့် နယ်လိုင်စင်မှာ ငွေကျပ် ၂၅ သိန်းကျော်မှ ငွေကျပ် ၃၂ သိန်းအကြား ကွာခြားနေခြင်းကြောင့် နယ်ကားများ ပိုမိုအရောင်းသွက်ခြင်းဖြစ်ပြီး အမေးများသဖြင့် ဈေးနှုန်းမှာ အဝယ်ထင်သလောက် မဖြစ်လျှင်ပင် လာမည့်သီတင်းပတ်အတွင်း ကျရိပ်မရှိကြောင်း ခန့်မှန်းရ

**ဇူလိုင်** တစ်လလုံး ရန်ကုန်ကားဈေးကွက် အရောင်းအဝယ်သည် ဇွန်လထက်များပြားခဲ့သော်လည်း ဇွန်လက လူကြိုက်များခဲ့သည့် ဥရောပကားများထက် ဂျပန်ကားများ ပြန်လည်နေရာရလာခဲ့သည်။ အရောင်းပြခန်းများရှိ ၂၀၁၆ ပါမစ်လက်ကျန်များမှာလည်း နှစ်တစ်ဝက်ကျိုးခဲ့သဖြင့် လေလံ ပြန်လည်ကစားကြသည်။ အများစုမှာ ဘယ်မောင်းယာဉ်များဖြစ်ကြပြီး လာမည့်နှစ် ဘယ်မောင်းများ တင်သွင်းခွင့်ပေးမည်ဟုသည့် သတင်းစကားများကြောင့်လည်း ဂျပန်ကားများ ယခုသီတင်းပတ်အတွင်း အများဆုံးလေလံဆွဲကြသည်ကို မြင်တွေ့ရခြင်း ဖြစ်သည်။

သီတင်းပတ်အတွင်း စလစ်ဈေးနှုန်းမှာ မြင့်တက်လာခဲ့ကာ ငွေကျပ်သိန်း ၁၀၂ သိန်းပတ်လည်တွင် ရပ်တည်နေပြီး ဆက်လက်မြင့်တက်မည့်သဘောကိုလည်း မြင်တွေ့ရသည်။ မြန်မာနိုင်ငံတွင်း မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်မည့် အရိပ်အယောင်များ အားကောင်းလာခြင်းကြောင့်လည်း ဇုန်စလစ်များမှာ ငွေကျပ်သိန်း ၁၀၀ အထိ မြင့်တက်လာသည့်အပြင် တိုက်ကြေစလစ်မှာလည်း ငွေကျပ် သိန်း ၉၀ အထက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ တက္ကစီစလစ်ဈေးနှုန်း ကျပ်သိန်း ၁၁၀ နှင့်အထက်သို့ ရောက်ရှိနေပြီး အရောင်းအဝယ်မှာမူ နည်းပါးနေကြောင်း သိရသည်။

ယခင်သီတင်းပတ်များအတိုင်း ၁၃၀၀ စီစီကားများသာ အရောင်းအဝယ်အားကောင်းနေပြီး အများစုမှာ နယ်လိုင်စင်များပင်ဖြစ်သည်။ ရန်ကုန်လိုင်စင်နှင့် နယ်လိုင်စင်မှာ ငွေကျပ် ၂၅ သိန်းကျော်မှ ငွေကျပ် ၃၂ သိန်းအကြား ကွာခြားနေခြင်းကြောင့် နယ်ကားများ ပိုမိုအရောင်းသွက်ခြင်းဖြစ်ပြီး အမေးများသဖြင့် ဈေးနှုန်းမှာ အဝယ်ထင်သလောက် မဖြစ်လျှင်ပင် လာမည့်သီတင်းပတ်အတွင်း ကျရိပ်မရှိကြောင်း ခန့်မှန်းရသည်။



ရန်ကုန်ကားဈေးကွက်မှာ ပြီးခဲ့သည့်တစ်လအကြာ ဇွန် ၂၆ ရက်က ထုတ်ပြန်ခဲ့သည့် အရည်ကျိုအပ်ကားများ ဈေးနှုန်းအပြောင်းအလဲကြောင့် စတင်မြင့်မားလာခဲ့ခြင်းဖြစ်သည်။ မော်တော်ယာဉ်တင်သွင်းခွင့်မှာလည်း ပြောင်းလဲထားသည့် မူဝါဒများကြောင့် ခက်ခဲမှုရှိလာသကဲ့သို့ ယင်းကြောင့်လည်း မော်တော်ကားဈေးနှုန်းများမှာ အတက်ဘက်တွင်သာ ဆက်လက်ရပ်တည်နိုင်မည်ဟု ယူဆရသည်။

မိုးရွာသွန်းမှုများခြင်းကြောင့် ရန်ကုန်မြို့တွင်းအရောင်းအဝယ်ဖြစ်မှုထက် နယ်ဝယ်လက်များ ပိုမိုများပြား နေသည်ကိုလည်း မြင်တွေ့ရသည်။ အများစုမှာ အိမ်သုံးနှင့် လမ်းကြမ်းအသုံးပြုကားများကို စိတ်ဝင်စားကြပြီး ၁၃၀၀ စီစီ ဟွန်ဒါဖစ် ရှပ်တဲယ်မှာ အများဆုံး အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပရိုဘောက်စ်နှင့် ဟွန်ဒါဖစ် ဂျီကေသရီးမှာလည်း အထိုက်အလျောက် အရောင်းအဝယ်အားကောင်းနေသည်ကို ကားလောကအတွင်း မြင်တွေ့ရသည်။

### တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားအမျိုးအစားအချို့

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
|---|---|---|---|---|---|
| ဟွန်ဒါ Civic | ၂၀၁၀ | ရန်ကုန် | ၁၃၀၀ cc | Showroom | ၂၈၀ |
| ပရိုဘောက်စ် | ၂၀၁၁ | နယ် | ၁၃၀၀ cc | အပြင်ဈေး | ၁၄၀ |
| ဟွန်ဒါဖစ် GK3 | ၂၀၁၄ | ရန်ကုန် | ၁၃၀၀ cc | အပြင်ဈေး | ၂၀၀ |
| Surf | ၂၀၀၆ | ရန်ကုန် | ၂၇၀၀ cc | အပြင်ဈေး | ၆၂၅ |
| နစ်ဆန်းVantte | ၂၀၀၃ | နယ် | ၂၂၀၀ cc | အပြင်ဈေး | ၁၂၀ |
| Wish | ၂၀၁၁ | ရန်ကုန် | ၁၈၀၀ cc | အပြင်ဈေး | ၃၅၀ |
| CRV | ၂၀၀၃ | ရန်ကုန် | ၂၀၀၀ cc | အပြင်ဈေး | ၂၅၀ |
| ဟွန်ဒါဖစ် | ၂၀၁၃ | မန္တလေး | ၁၃၀၀ cc | နယ်ဈေး | ၂၃၈ |
| Alphard | ၂၀၀၆ | ရန်ကုန် | ၃၀၀၀ cc | အပြင်ဈေး | ၄၉၀ |
| High Jet | ၂၀၁၂ | နယ် | ၆၆၀ cc | အပြင်ဈေး | ၁၀၂ |

❇ ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသော ကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။




**အချပ်ပို (ဂ) မှ**

YBS သည် အချိန်ကာလကြာလာသည်နှင့်အမျှ အခြေခိုင်လာသည်။ အနည်ကျလာပြီဖြစ်သည်။ စာရေးသူတစ်ဦးတည်း အမြင်ဖြင့်မူ လမ်းကွန်ရက် တစ်ခုလုံးကို ခြုံငုံမိလာပြီဟု သုံးသပ် နိုင်ပေသည်။ YBS စနစ်သစ်သည် အချိန်ကာလအားဖြင့် နှစ်တစ်ဝက်သက်တမ်းကို ကျော်လွန်လာခဲ့ပြီဖြစ်သည်။ YBS ကို စည်းစနစ်ကျနစွာဖြစ်တည်စေရန် ယာဉ်နောက်လိုက်ကိစ္စတစ်ခုတည်းအရေးထား၍ မရတော့ချေ။ မှတ်တိုင်မဟုတ်ဘဲ ခရီးသည်အတက်၊အဆင်း တံခါးဖွင့်ခြင်းကို ခွင့်မပြုသင့်တော့ချေ။ အချို့ယာဉ်များ ယာဉ်နောက်လိုက်ဖြင့် ယာဉ်စီးခ ဆက်လက်ကောက်ခံနေခြင်းကို အဆုံးသတ်ရန် အချိန်ကျပြီဟု စာရေးသူထင်မြင်မိသည်။ ခရီးသည်မည်မျှပင် ရပ်တန့်နေကာမူ သတ်မှတ်ထားသောယာဉ်မှတ်တိုင်မရောက်မီ ယာဉ်တံခါးဖွင့် ခြင်းကို ယာဉ်မောင်းများရှောင်ရှားသင့်ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အခြေအနေအရပ်ရပ်က ခေတ်နောက်ကျကျန်နေခဲ့ပြီဖြစ်သည်။ တစ်ချိန်ကအမှားအယွင်းများကိုသင်ခန်းစာယူ၍ ဖွံ့ဖြိုးပြီးနိုင်ငံများနောက်သို့ အမီလိုက်ရန် အရေးကြီးပေသည်။ ရုပ်ဝတ္ထုပိုင်းသာမက စိတ်ပိုင်းဆိုင်ရာလည်းနိမ့်ကျခဲ့သော သက်သေများ ယာဉ်လမ်းမပေါ်ရှိ အမှိုက်များ၊ ထင်သလို မောင်းနှင်နေကြသော ယာဉ်များ၊ မှတ်တိုင်မဟုတ်ဘဲ မိမိအဆင်ပြေသည့်နေရာတွင် ယာဉ်ပေါ်သို့တက်ချင်သည့် စိတ်ဓာတ်များကား နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အလျင်အမြန် ပြုပြင်ရမည့်အချက်များပင် ဖြစ်ပါကြောင်း။ ။

> **YBS သည် အချိန်ကာလကြာလာသည်နှင့်အမျှ အခြေခိုင်လာသည်။ အနည်ကျလာပြီဖြစ်သည်။ စာရေးသူတစ်ဦးတည်း အမြင်ဖြင့်မူ လမ်းကွန်ရက် တစ်ခုလုံးကို ခြုံငုံမိလာပြီဟု သုံးသပ် နိုင်ပေသည်။ YBS စနစ်သစ်သည် အချိန်ကာလအားဖြင့် နှစ်တစ်ဝက်သက်တမ်းကို ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။**